# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ပြာသိုလပြည့်ကျော် (၃) ရက် ၊ တနင်္ဂနွေနေ့ ၊ (28-1-2024) ၊ အတွဲ (၃၂) ၊ အမှတ် (၂၇၃)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်မြတ်အလှူခံရရှိတော်မူမည့် ဘဒ္ဒန္တပညာသိရီလင်္ကာရဆရာတော်ထံသို့ပေးပို့ဆက်ကပ်သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာ**

စာမျက်နှာ - ၁၈

# (၂၃)ကြိမ်မြောက် ဝိဇ္ဇာနှင့်သိပ္ပံသုတေသနညီလာခံ ဆုချီးမြှင့်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ချီးမြှင့်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၁၇)ကြိမ်မြောက် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ ဆုရရှိသူ ဒေါက်တာထက်ထက်သန်းစိန်ကို ဆုပေးအပ်ချီးမြှင့်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၁၇)ကြိမ်မြောက် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ ဆုရရှိသူ ဒေါက်တာဇော်ဇော်သိန်းကို ဆုပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၇**

ပညာရေးဝန်ကြီးဌာန (၂၃) ကြိမ်မြောက် ဝိဇ္ဇာနှင့်သိပ္ပံ သုတေသနညီလာခံ ဆုချီးမြှင့်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ **Naypyitaw State Academy** ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ကောင်စီအဖွဲ့ဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊

**စာမျက်နှာ ၁၆ ကော်လံ ၅** ☞




**Sky Cable Car**ကိုဖွင့်လှစ်ပြီးဖြစ်တဲ့အတွက် **Sky Cable Car** စီးနင်းရင်း

ပြင်ဦးလွင် ပန်းမြို့တော် ၏ သဘာဝပတ်ဝန်းကျင်အလှများကို ကြည့်ရှု ခံစားနိုင်ပြီဖြစ်ပါသည်။

**ပွဲကောက်ရေတံခွန်**

**(B E.FALLS)**

**အပန်းဖြေစခန်း**



ရတနာပုံ
၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၈ ရက်
အယ်ဒီတာ့အာဘော်

# လူ့စွမ်းအားအရင်းအမြစ်များဖြင့် နိုင်ငံ့ခေတ်မီဖွံ့ဖြိုးရေး

နိုင်ငံတစ်နိုင်ငံ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ရာတွင် လူသားအရင်းအမြစ်သည် အဓိကကျသည်။ ထို့ကြောင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပညာရေးကဏ္ဍကို ဦးစွာတိုးတက်အောင်မြှင့်တင်ရမည်ဖြစ်သည်။ ဆက်လက်၍လည်း ပညာရေးကို အခြေခံပြီး ကျန်းမာကြံ့ခိုင်သော လူငယ်များဖြစ်လာစေရန် လေ့ကျင့်ပျိုးထောင်ပေးရမည်ဖြစ်သည်။

လူငယ်လူရွယ်များသည် နိုင်ငံတိုင်းအတွက် အဖိုးတန်ရတနာများဖြစ်သည့်အတွက် နိုင်ငံတိုင်းတွင် လူငယ်များ၏ဗလငါးတန်ပြည့်စုံလာစေရေးကို အလေးထားဆောင်ရွက်လျက်ရှိသည်။ ပညာပြည့်ဝနှလုံးလှသည့် လူငယ်များ၏အားကသာ နိုင်ငံတော်ကို စစ်မှန်သည့်အကျိုးစီးပွားဖြစ်ထွန်းစေခြင်းကြောင့် ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များထွက်ပေါ်လာစေရန် နိုင်ငံတော်အပိုင်းက ပျိုးထောင်ပေးရမည့်နည်းတူ လူငယ်များအနေဖြင့်လည်း ကြိုးစားသွားကြရမည်ဖြစ်သည်။ ကျန်းမာသွက်လက်ဉာဏ်ရည်ထက်မြက်သည့်လူငယ်များက နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် ကျရာအခန်းကဏ္ဍ၌ ပါဝင်ကြိုးစားဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏အနာဂတ်သည် ခေတ်မီဖွံ့ဖြိုးတိုးတက်လာမည်ပင်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံတွင် သဘာဝသယံဇာတပစ္စည်းများ မည်မျှပင်ပေါကြွယ်ဝစေကာမူ ထိထိရောက်ရောက်ပုံဖော်အသုံးချနိုင်စွမ်းမရှိလျှင် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်မှာ နှေးကွေးနေမည်ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်နိုင်ငံတွင် ပညာပြည့်ဝနှလုံးလှသည့်လူငယ်များ၏အားကသာ ထိရောက်စစ်မှန်စွာအကျိုးဖြစ်ထွန်းစေခြင်းကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဗလငါးတန်ဖွံ့ဖြိုးသည့်လူငယ်များဖြစ်လာစေရန် အဘက်ဘက်က အားပေးမြှင့်တင်မြေတောင်မြှောက်ပေးလျက်ရှိသည်။

နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လူမှုရေးဦးတည်ချက်တွင်လည်း "နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး"ဆိုသည့်အချက်ကိုချမှတ်ကာ နိုင်ငံ၏လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားအားပေးဆောင်ရွက်နေသည်။ သို့မှသာ နိုင်ငံ၏အနာဂတ်တွင် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျန်းမာသန်စွမ်းပြီး စိတ်ဓာတ်စွမ်းရည်၊ ပညာရည်မြင့်မားသည့် နိုင်ငံသားကောင်းရတနာများ ပေါ်ထွက်လာမည်ပင်ဖြစ်ပါသည်။

ပြည့်အင်အားဟူသည် ပြည်တွင်းမှာသာရှိသောကြောင့် လူငယ်မောင်မယ်များသည် အနာဂတ်နိုင်ငံတော်၏အင်အားသစ်များကိုဖြည့်ဆည်းပေးကြမည့် တိုင်းပြည်၏ဖန်တီးရှင်များပင်ဖြစ်ပါသည်။ ထို့ကြောင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်တည်ဆောက်ရေးတွင် လူငယ်များသည် မိမိတတ်ကျွမ်းသောပညာဖြင့် တစ်ထောင့်တစ်နေရာမှ ပါဝင်ဆောင်ရွက်နိုင်ရပေမည်။ အချိန်နှင့်အမျှတိုးတက်ပြောင်းလဲနေသော ခေတ်နှင့်အညီ ကဏ္ဍအသီးသီး၌ ယှဉ်ပြိုင်နိုင်စွမ်းရှိသူများဖြစ်အောင် ပညာရည်မြင့်မားနေရပေမည်။ ယနေ့လူငယ် နောင်ဝယ်လူကြီးဟူသည့်အတိုင်း မိမိတို့၏စွမ်းဆောင်ရည်အသီးသီးဖြင့် မိမိမြို့ရွာ၊ မိမိနိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတွင် လက်တွဲညီညီဖော်ဆောင်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားအပ်ပါသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



မန္တလေး ဇန်နဝါရီ ၂၇

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့် ဝေရောစနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူး ရဟန်းသံဃာတော်များနှင့်ပြည်သူ စုစုပေါင်း ၃၃၅၉၂၇ ဦး လာရောက် ဖူးမြော်ကြကြောင်း သိရသည်။

"မန္တလေးတောင်တော်ကို အနယ်နယ်အရပ်ရပ်က ဘုရားဖူးတွေနေ့စဉ်လာရောက်ဖူးမြော်ကြပါတယ်။ အရှေ့၊ အနောက်၊ တောင်၊ မြောက် စောင်းတန်းကြီး လေးသွယ်ကနေလဲ မန္တလေးတောင်တော်ကို တက်ရောက်ဖူးမြော်ကြပါတယ်။ စောင်းတန်းလမ်းခရီးမှာ အမောပြေနားဖို့ ခုံတွေပြုလုပ်ထားပါတယ်။ ရေချမ်းစင်တွေလဲ ပြုလုပ်ပေးထားပါတယ်။ ရင်ပြင်တော်ပေါ်မှာ ဘုရားဖူးတွေ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြတာကို တွေ့ရပါတယ်။ အမှတ်တရပစ္စည်း အရောင်းဆိုင်တွေလဲ ဖွင့်လှစ်ရောင်းချနေပြီး ဝယ်ယူသူတွေနဲ့ စည်ကားနေပါတယ်။ မန္တလေးမြို့ရဲ့ အလှအပရှုခင်းတွေကိုလဲ ဘုရားဖူးတွေက မှန်ဘီလူးတွေနဲ့ ကြည့်ရှုခံစားနေကြတာကို တွေ့ရပါတယ်။ မန္တလေးတောင်ပေါ်ကိုကား၊ ဆိုင်ကယ်တွေနဲ့ကော၊ စောင်းတန်းတွေကပါ တက်ရောက်ဖူးမြော်သူတွေ များပြားပါတယ်" ဟု မန္တလေးတောင်တော်ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြသည်။

မန္တလေး တောင်တော်ကို နံနက် ၆ နာရီမှ ည ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ညနေထိ ဘုရားဖူး ၁၉၂၆ ဦး လာရောက်ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူး ၃၃၂၄၅၁ ဦး လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူး ရဟန်းရှင်လူ ပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ရုံး ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ ဝေရောစနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ည ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ဦးရေ ၁၅၅၀ လာရောက်ဖူးမြော်ကြောင်း ဝေရောစန ကျောက်စိမ်းစေတီတော်ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြ၍ သိရသည်။

(၁၈၅)

# အမရပူရမြို့နယ် လက်ပံပင်ဆိပ်ကမ်းအနီး ဧရာဝတီမြစ်အတွင်း ငါးသားပေါက်ကောင်ရေ ၂ ဒသမ ၁၉ သိန်း မျိုးစိုက်ထည့်

မန္တလေး ဇန်နဝါရီ ၂၇

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် လက်ပံပင်ဆိပ်ကမ်းအနီး ဧရာဝတီမြစ်အတွင်းသို့ နှစ်လက်မအရွယ် ငါးသားပေါက်ကောင်ရေ ၂ ဒသမ ၁၉ သိန်းကို ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းက ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သရက်ကုန်းငါးလုပ်ငန်းစခန်း လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းနောင်ဝင်းက ပြောပြ၍ သိရသည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ခြင်းကို သရက်ကုန်း ငါးလုပ်ငန်းစခန်း၊ နတ်ရေကန် ငါးလုပ်ငန်းစခန်းတို့ ပူးပေါင်း၍ နှစ်လက်မအရွယ် ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ ၂ ဒသမ ၁၉ သိန်းကို စိုက်ထည့်ပေးခဲ့ကြောင်း၊ ထိုသို့ စိုက်ထည့်နိုင်ခြင်းကြောင့် ငါးသယံဇာတများ ထိန်းသိမ်းနိုင်စေပြီး ငါးမျိုးကောင်းမျိုးသန့်များ ရေရှည်တည်တံ့ပြန့်ပွားစေမည်ဖြစ်ကြောင်း သိရသည်။

"ဧရာဝတီမြစ်ထဲကို ငါးမျိုးတွေ စိုက်ထည့်ပေးတာကြောင့် ငါးမွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာမှာပါ။ ငါးသယံဇာတတွေစဉ်ဆက်မပြတ် ရေရှည်ထိန်းသိမ်းနိုင်စေပြီး ဒေသခံပြည်သူတွေ အလုပ်အကိုင်အခွင့်အလမ်းတွေနဲ့ ဝင်ငွေရရှိစေမှာပါ။ ငါးမျိုးကောင်းမျိုးသန့်တွေ ရေရှည်တည်တံ့ပြန့်ပွားစေရေးနဲ့ ငါးရိက္ခာတွေရေရှည်စားသုံးနိုင်စေရေးကို ရည်ရွယ်ပြီးတော့ သဘာဝရေပြင် မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ဆည်တွေအတွင်းကို ငါးလုပ်ငန်းဦးစီးဌာနကနေ ငါးသားပေါက်တွေကို နှစ်စဉ်စိုက်ထည့်ပေးနေပါတယ်။ ဇန်နဝါရီ ၂၆ ရက်နေ့မှာဆိုရင် အမရပူရမြို့နယ်အတွင်းက ဧရာဝတီမြစ်ထဲကို ပူးပေါင်းအဖွဲ့တွေနဲ့ ငါးမျိုးစိုက်ထည့်ပေးခဲ့ပါတယ်"ဟု ဦးထွန်းနောင်ဝင်းက ပြောပြသည်။

ထိုသို့ ငါးမျိုးစိုက်ထည့်ရာတွင် သရက်ကုန်းငါးလုပ်ငန်းစခန်းမှ ငါးသားပေါက် ကောင်ရေ သုည ဒသမ ၆ သိန်း၊ နတ်ရေကန် ငါးလုပ်ငန်းစခန်းမှ ငါးသားပေါက်ကောင်ရေ ၁ ဒသမ ၅၉ သိန်းတို့ကို စိုက်ထည့်ပေးခဲ့ကြောင်း၊ အဆိုပါငါးမျိုးစိုက်ထည့်ပွဲသို့ မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးသံချောင်း၊ အမရပူရခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး၊ ငါးလုပ်ငန်းစခန်းတာဝန်ခံများနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(၁၈၅)

# မန္တလေးဈေးကွက်အတွင်း ကြက်သွန်ဖြူ အရောင်းအဝယ် ကောင်းလျက်ရှိ

မန္တလေး ဇန်နဝါရီ ၂၇

မန္တလေး ဈေးကွက်အတွင်း ကြက်သွန်ဖြူ အရောင်းအဝယ် ကောင်းလျက်ရှိကြောင်း မန္တလေးမြို့မှ အောင် ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိ ပြည်တွင်းဈေးကွက်အတွင်း ကြက်သွန်ဖြူဝယ်ယူမှုများပြားလာခြင်းကြောင့် အရောင်းအဝယ် ကောင်းလျက်ရှိကြောင်း၊ မန္တလေးဈေးကွက်အတွင်း ဇန်နဝါရီ ၂၆ ရက်ပေါက်ဈေးအရ ကြက်သွန်ဖြူ တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀၀ ခန့် ပေါက်ဈေးရှိပြီး အရောင်းအဝယ် ကောင်းလာကြောင်း သိရသည်။

"အခု မန္တလေးဈေးကွက်ထဲမှာ ကြက်သွန်ဖြူတွေကိုကုန်သည်တွေအနေနဲ့ အဝယ်တော်တော်များလာတယ်။ ကြက်သွန်ဖြူ အဝယ်လိုက်လာတာကြောင့် မန္တလေးဈေးကွက်ထဲမှာ အရောင်းအဝယ်က ကောင်းလာပါတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

ကြက်သွန်ဖြူကို မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တို့တွင် အများဆုံး စိုက်ပျိုးကြပြီး ရန်ကုန်၊ မန္တလေး စသည့်မြို့များသို့ တင်ပို့ရောင်းချကြကြောင်းသိရသည်။

"အခုလတ်တလော ပခုက္ကူကနေ မန္တလေးကိုတင်ပို့တဲ့ ကြက်သွန်ဖြူတွေကို ရန်ကုန်နဲ့အခြားမြို့ကြီးတွေကိုလဲ ပြန်ပြီးတင်ပို့နေရပါတယ်။ လတ်တလော ကြက်သွန်ဖြူအသစ်တွေလဲ လက်ကျန်ရှားနေတော့ ဈေးကွက်ထဲ အရောင်းအဝယ်ပြန်ကောင်းလာပါတယ်"ဟု ဒေါ်မေသဲဆွေက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# လွယ်ဂျယ်နယ်စပ်ဂိတ်မှ တရုတ်နိုင်ငံသို့ ကုန်စည်တင်ပို့သည့် ကုန်တင်ကား တစ်ရက်လျှင် အစီးရေ ၈၀၀ ကျော်ထိရှိလာ

**မြစ်ကြီးနား ဇန်နဝါရီ ၂၇**

ကချင်ပြည်နယ် လွယ်ဂျယ်နယ်စပ်ဂိတ်မှ တရုတ်နိုင်ငံသို့ ကုန်စည်တင်ပို့သည့် ကုန်တင်ကား အစီးရေ ၈၀၀ ကျော်ထိရှိလာကြောင်း ကချင်ပြည်နယ် အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်တူးက ပြောပြ၍ သိရသည်။

လွယ်ဂျယ်နယ်စပ်ဂိတ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ကုန်စည်တင်ပို့သည့် ကုန်တင်ကား ယခင်က အနည်းငယ်သာရှိကြောင်း၊ ယခုလက်ရှိတွင် တရုတ်ကုန်သည်များက ပြည်တွင်းမှထွက်ရှိသည့် ဆန်၊ ပဲ၊ ပြောင်း၊ ငရုတ်၊ ကြက်သွန် စသည့် ကုန်စည်များ ဝယ်ယူမှုများပြားလာခြင်းကြောင့် လွယ်ဂျယ်နယ်စပ်ဂိတ်မှ တရုတ်နိုင်ငံသို့ ကုန်စည်တင်ပို့သည့် ကုန်တင်ကားအစီးရေ ပိုမိုများပြားလာကြောင်း သိရသည်။

"အခု တရုတ်နိုင်ငံဘက်ကနေ ပြည်တွင်းကထွက်တဲ့ ရာသီပေါ်အသီးအနှံတွေကို လွယ်ဂျယ်နယ်စပ်ဂိတ်ကနေတစ်ဆင့် မှာယူမှုများလာတာကြောင့် ကုန်စည်တင်ပို့တဲ့ ကုန်တင်ကားအစီးရေ ပြန်ပြီးများလာပါတယ်"ဟု ဒုတိယဥက္ကဋ္ဌ ဒေါ်တူးက ပြောပြသည်။

ပြည်တွင်းမှထွက်ရှိသည့် ကုန်စည်များကို လွယ်ဂျယ်နယ်စပ်ဂိတ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ရာတွင် ဇန်နဝါရီလ ဒုတိယပတ်ထိ ကုန်စည်တင်ပို့သည့် ကုန်တင်ကား တစ်ရက်လျှင် အစီးရေ ၇၀၀ ကျော်သာရှိခဲ့သော်လည်း ယခုအခါ တရုတ်နိုင်ငံဘက်က ပြည်တွင်းမှထွက်ရှိသည့် ကုန်စည်များ မှာယူမှုများပြားလာခြင်းကြောင့် ဇန်နဝါရီလ တတိယပတ်မှစ၍ ကုန်စည်တင်ပို့သည့် ကုန်တင်ကား တစ်ရက်လျှင် အစီးရေ ၈၀၀ ကျော်ထိရှိလာကြောင်း သိရသည်။

"အခုလက်တလော တရုတ်နိုင်ငံဘက်ကလဲ လွယ်ဂျယ်နယ်စပ်ဂိတ်ကနေ တင်ပို့တဲ့ကုန်စည်တွေရှိပါတယ်။ အများဆုံးကတော့ စက်ပစ္စည်းတွေ၊ အဝတ်အထည်နဲ့ လူသုံးကုန်ပစ္စည်းတွေ တင်ပို့ပါတယ်"ဟု ဒေါ်တူးက ဆက်လက်ပြောပြသည်။

(၁၈၄)

# မက်မန်းမြို့နယ် ရောင်အူဝကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မက်မန်း ဇန်နဝါရီ ၂၇**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မက်မန်းခရိုင် မက်မန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရောင်အူဝကျေးရွာအုပ်စု ရောင်အူဝကျေးရွာ၌ တတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ မက်မန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုင်းအောင်မျိုးထက်က မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မက်မန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမှိုင်းညီဇော်လှအောင်၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ရောင်အူဝကျေးရွာရှိ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦးကို ငွေကျပ် ၃၂၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်နိုင်**

# ဟိုင်းကြီးကျွန်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၀၆၆ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က မတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**ငပုတော ဇန်နဝါရီ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၀၆၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ဟိုင်းကြီးကျွန်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၀၆၆ ဧကစိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါမတ်ပဲများ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးရန်အတွက် ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ဟိုင်းကြီးကျွန်းမြို့မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ မတ်ပဲ ၁၀၆၆ ဧက စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိမတ်ပဲဧကတွေ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ခဲ့ပါပြီ။ မတ်ပဲလျာထားဧက ပြည့်မီအောင် စိုက်ပျိုးဖို့ရာအတွက် ဌာနဆိုင်ရာတွေနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ဟိုင်းကြီးကျွန်းမြို့တွင် စိုက်ပျိုးရေးဦးစီးဌာနက မတ်ပဲစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးသွင်းအားစုများ၊ စိုက်ပျိုးစရိတ်ချေးငွေများကို သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ထုတ်ချေးပေးထားကြောင်း၊ အဆိုပါ မတ်ပဲများ ဖျက်ပိုးမကျရောက်စေရန်၊ အထွက်နှုန်းကောင်းမွန်စေရန်၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရန် တောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မိုးကောင်းမြို့နယ် မီးသွေးကုန်းကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများပြီးစီးမှု စစ်ဆေး

**မိုးကောင်း ဇန်နဝါရီ ၂၇**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အုန်းဘောင်ကျေးရွာအုပ်စု မီးသွေးကုန်းကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေဝင်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) တာဝန်ခံတို့နှင့်အတူ မီးသွေးကုန်းကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို အကျိုးရှိရှိအသုံးချပြီး ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်ကြရန် မှာကြားသည်။

မီးသွေးကုန်းကျေးရွာ၌ အရှည်ပေ ၂၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများကို VDP စီမံကိန်းရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ်သုည ဒသမ ၆ သန်းတို့ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများက ၂၀၂၃ ခုနှစ် အောက်တိုဘာလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ချစ်ဦးကို**

# အုတ်တွင်းမြို့နယ် သရက်တောကျေးရွာ၌ ကုန်ထုတ်လမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး


**အုတ်တွင်း ဇန်နဝါရီ ၂၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် သရက်တောကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာမြင့်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ သရက်တောကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တင်ဒါရကုမ္ပဏီတာဝန်ရှိသူက လုပ်ငန်းများ စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံပြီး လမ်းရေရှည်အသုံးပြုနိုင်ရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားခဲ့ကြောင်း သိရသည်။

အုတ်တွင်းမြို့နယ် သရက်တောကျေးရွာ၌ အရှည်ပေ ၇၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်းနှင့် အရှည် ၁၈ ပေ၊ အချင်းတစ်ပေရှိ Pipe Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို တိုင်းဒေသကြီး ရန်ပုံငွေကျပ် ၈၀ ဒသမ ၃၅ သန်းဖြင့် Noble Taungoo ကုမ္ပဏီက ၂၀၂၃ ခုနှစ် ဇွန် ၆ ရက်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာမြင့်က ပြောပြ၍ သိရသည်။

**ကိုညို**



# ဖောက်သည်များသည် စီးပွားရေးလုပ်ငန်းများ၏ အသက်ဖြစ်သည်

မျိုးသူ(ကုန်သွယ်မြင့်)

ဖောက်သည်မရှိလျှင် စီးပွားရေးလုပ်ငန်းသည်မရှိနိုင်ပေ။ ကုန်ပစ္စည်းထုတ်လုပ်သည်ဖြစ်စေ ရောင်းချခြင်းကို လုပ်ကိုင်ရသည်သာဖြစ်သည်။ ဝယ်ယူစားသုံးသူမရှိ၍ မရပါ။ ဝန်ဆောင်မှုလုပ်ငန်းဖြစ်စေ၊ ကုန်ထုတ်လုပ်ငန်းဖြစ်စေ ဖောက်သည်ရှိမှသာ လုပ်ငန်းရှိနိုင်သည်။ ထို့ကြောင့် ဖောက်သည်များသည် မိမိလုပ်ငန်းအတွက် အဓိက နံပါတ်တစ်များဖြစ်သည်ဟု ခံယူထားရန်လိုအပ်သည်။ တစ်ခါတစ်ရံ ဝယ်ယူသူများကို ဖောက်သည်များဖြစ်လာရန် စည်းရုံးရမည်။ ဖောက်သည်များကိုလည်း သစ္စာရှိဖောက်သည်များဖြစ်လာရန် စည်းရုံးရသည်။ သစ္စာရှိဖောက်သည် အရေအတွက်များပြားသည်နှင့်အမျှ လုပ်ငန်းအောင်မြင်မှုလည်း မြင့်တက်လာမည်သာဖြစ်သည်။ စီးပွားရေးလုပ်ငန်းတစ်ခုသည် ဝယ်ယူသူရှိရန်လိုအပ်သည်နှင့်အမျှ ဝယ်ယူသူများကို မည်သို့ဆက်ဆံမည်ဆိုသော ဆက်ဆံရေးဆိုင်ရာ စီမံခန့်ခွဲခြင်းနည်းလမ်းသည်လည်း လိုအပ်လာသည်။

**ဖောက်သည်များနှင့် ဆက်ဆံရေး**

စားသုံးနေကြသူများ၊ မကြာခဏ သို့မဟုတ် စဉ်ဆက်မပြတ်ဝယ်ယူလေ့ရှိသူများကို ဖောက်သည်များဟုခေါ် တတ်သည်။ အဆိုပါဖောက်သည်များသည် လုပ်ငန်းအတွက် အဓိကကျသည်နှင့်အညီ ဖောက်သည်များကို မည်သို့ဆက်ဆံမည်ဆိုသည့် ဖောက်သည်များနှင့်ဆက်ဆံရေးကို စီမံခန့်ခွဲသည့်နည်းလမ်းများကိုလည်း လေ့လာရန်လိုအပ်လာသည်။ ဖောက်သည်များကိုဆက်ဆံရာတွင် အခြေခံအကျဆုံးအချက်မှာ ဖောက်သည်များ စိတ်ကျေနပ်မှုရရှိအောင် ဆောင်ရွက်ပေးခြင်းဖြစ်သည်။ Customers Always Right ဖောက်သည်အစဉ်မှန်သည်ဟု နားလည်ကြသော်လည်း ဖောက်သည် အမျိုးမျိုးရှိသည်ကို သိထားရန်လည်း လိုအပ်သည်။ အမျိုးမျိုးသောဖောက်သည်များ၏ လိုအင်များကို ကျေနပ်မှုရသည်ထိ ဆက်ဆံပေးနိုင်ရန်မှာ များစွာလေ့ကျင့်ထားရန်နှင့် သည်းခံနိုင်ရန် များစွာလိုအပ်သည်။ ဖောက်သည်စိတ်ကျေနပ်အောင် ဆောင်ရွက်နိုင်သည်နှင့်အမျှ ဖောက်သည်များ တိုးပွားလာမည်သာဖြစ်သည်။ ဖောက်သည်များစိတ်ကျေနပ်မှုကို မမှန်ကန်သောနည်းလမ်းများဖြင့် လိုက်လျောရန် မသင့်လျော်ပေ။ မှန်ကန်သောစီးပွားရေးကျင့်ဝတ်များအတွင်းမှသာ ဖောက်သည်များကို စိတ်ကျေနပ်မှုရစေရန် ကြိုးစားသင့်သည်။ ဖောက်သည်များနှင့် ဆက်ဆံမှုများကိုဆောင်ရွက်ရာတွင် မိမိ၏ မန်နေဂျာနှင့်ဝန်ထမ်းများက အောက်ပါအချက် ခုနစ်ချက်ကို ကျေညက်အောင်လေ့ကျင့်ထားရန် လိုအပ်မည်ဖြစ်သည်-

- ခေါင်းဆောင်မှုအရည်အသွေး၊
- ထိရောက်သော စုပေါင်းဆောင်ရွက်မှုစွမ်းအား၊
- ဆက်ဆံရေးကျွမ်းကျင်မှုရှိခြင်း၊
- ပြဿနာကိုဖြေရှင်းနိုင်သည့်ကျွမ်းကျင်မှု၊
- သရုပ်ပြဆောင်ရွက်နိုင်မှု၊
- လုပ်ငန်းစီမံခန့်ခွဲမှု၊
- မဟာဗျူဟာမြောက်တွေးခေါ်နိုင်စွမ်း။

ခေါင်းဆောင်မှုအရည်အသွေးဆိုသည့်အချက်ကို ဖောက်သည်များနှင့်ဆက်ဆံရေးတွင် ထည့်သွင်းထားသည်မှာ မိမိလုပ်ငန်းခွင်မှ ဝန်ထမ်းနှင့် လုပ်သားများကို ခေါင်းဆောင်နေရမည်ဖြစ်သဖြင့် မိမိက ဦးဆောင်၍ ဖောက်သည်များ စိတ်ကျေနပ်မှုရရှိသည့်ဝယ်ယူမှုမျိုးဖြစ်စေရန် ကြိုးပမ်းကြရသည့်ကိစ္စများကို ခေါင်းဆောင်စိတ်ဖြင့် ဆောင်ရွက်ပေးရမည်ဟု ဆိုခြင်းဖြစ်သည်။ ခေါင်းဆောင်စိတ်ဖြင့် အနစ်နာခံရန်၊ အခက်အခဲများကို ဖြေရှင်းနိုင်ရန် လိုအပ်သည်။ ထို့နောက် မိမိ၏ လုပ်သားများအတွင်းတွင်ဖြစ်စေ၊ ဝန်ထမ်းများအတွင်းတွင်ဖြစ်စေ အသင်းအဖွဲ့စိတ်ဓာတ်၊ မိတ်ဆွေစိတ်ဓာတ်များဖြင့် ဆောင်ရွက်နိုင်ရန်လည်းလိုအပ်သည်။ ပေါင်းသင်းဆက်ဆံရေးကောင်းမွန်ခြင်းသည် လုပ်ငန်းအတွက် ကြီးမားသော လိုအပ်ချက်တစ်ခုဖြစ်သည်။ ပေါင်းသင်းဆက်ဆံရေးကောင်းမွန်သည့် စီးပွားရေးလုပ်ငန်းသည် မည်သည့်အခြေအနေတွင်မဆို ကျရှုံးရန်မလွယ်ကူပေ။ ပေါင်းသင်းဆက်ဆံရေးကောင်းခြင်းသည် လုပ်ငန်းရှင်အတွက် ဘုရားပေးသော ဆုလာဘ်တစ်ခုဖြစ်သည်ဟုပင် ဆိုနိုင်သည်။

**❖ စားသုံးနေကြသူများ၊ မကြာခဏ သို့မဟုတ် စဉ်ဆက်မပြတ်ဝယ်ယူလေ့ရှိသူများကို ဖောက်သည်များဟုခေါ်တတ်သည်။ အဆိုပါဖောက်သည်များသည် လုပ်ငန်းအတွက် အဓိကကျသည်နှင့်အညီ ဖောက်သည်များကို မည်သို့ဆက်ဆံမည်ဆိုသည့် ဖောက်သည်များနှင့်ဆက်ဆံရေးကိုစီမံခန့်ခွဲသည့်နည်းလမ်းများကိုလည်း လေ့လာရန်လိုအပ်လာသည်။ ဖောက်သည်များကိုဆက်ဆံရာတွင် အခြေခံအကျဆုံးအချက်မှာ ဖောက်သည်များ စိတ်ကျေနပ်မှုရရှိအောင် ဆောင်ရွက်ပေးခြင်းဖြစ်သည်။ ❖**

လုပ်ငန်းတိုင်းတွင် ပြဿနာများသည် ပုံစံမျိုးစုံဖြင့် ရောက်လာတတ်သည်ကို တွေ့နေရသည်။ ထို့ကြောင့် ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ ကုမ္ပဏီသို့ရောက်လာသည့်ကိစ္စတိုင်းကို ကျေလည်အောင်ဖြေရှင်းတတ်ရန် လေ့ကျင့်ထားရန်လိုအပ်သည်။ ထို့နောက် ကောင်းစွာသရုပ်ပြနိုင်စေရန်လည်း လိုအပ်သည်။ လုပ်ငန်းစီမံခန့်ခွဲနိုင်မှုနှင့် မဟာဗျူဟာမြောက်တွေးခေါ်နိုင်စွမ်းများရှိမှလည်း လုပ်ငန်းတိုးတက်ရေးနှင့် အရှည်တည်တံ့ရေးတို့ဖြစ်လာနိုင်သည်။

**ဖောက်သည်အမျိုးအစားများ**

ဖောက်သည်များဘက်က အမြဲမှန်သည်ဟုဆိုသော်လည်း ဖောက်သည်များမှာ အမျိုးမျိုးရှိကြသဖြင့် ဖောက်သည်တိုင်း ကျေနပ်မှုရရှိစေရေးကြိုးပမ်းရန်မှာ လွယ်မယောင်နှင့်ခက်သည့် လုပ်ငန်းတစ်ခုဖြစ်သည်။ ဖောက်သည်အမျိုးမျိုးရှိသော်လည်း ဆက်ဆံရခက်ခဲသည့် ဖောက်သည်ငါးမျိုးရှိသည်ဟု ဖော်ပြလိုသည်။ အဆိုပါ ဖောက်သည်အမျိုးအစားများမှာ သံသယဖြင့်ကြည့်တတ်သည့်ဖောက်သည်၊ စကားများသောဖောက်သည်၊ အားလုံးသိ၊ အားလုံးတတ်သည်ဟု ထင်သောဖောက်သည်၊ ဒေါသကြီးသောဖောက်သည်နှင့် မတင်မကျ ချီတုံချတုံဖြစ်တတ်သောဖောက်သည်တို့ဖြစ်ကြသည်။

မည်သည့်ကိစ္စကိုမဆို သံသယဖြင့် စောင့်ကြည့်တတ်သည့်ဖောက်သည်ကို နူးညံ့သိမ်မွေ့စွာဖြင့် ပြောဆိုဆက်ဆံရန်နှင့် အလေးထားကြောင်းဖော်ပြနိုင်ရန် လိုအပ်သည်။ စကားများသောဖောက်သည်ကို ရင်းရင်းနှီးနှီး၊ နွေးနွေးထွေးထွေးမေးမြန်းခြင်းမျိုးကို ပြုလုပ်ပေးနိုင်ရန်လိုအပ်သည်။ အားလုံးကို သူသိသူတတ်ဟု ထင်တတ်သည့် ဖောက်သည်မျိုးကို လိမ်လိမ်မာမာ ပါးပါးနပ်နပ်ဖြင့် တော်ကြောင်းကို ချီးမွမ်းပေးရန် လိုအပ်သည်။ ဒေါသကြီးသော ဖောက်သည်မျိုးကို တည်ငြိမ်စွာနားထောင်ပေးပြီး ဖောက်သည်တင်ပြသည့်ပြဿနာကို သေချာစွာလေ့လာကြည့်ပြီး ဖြေရှင်းပေးရန်လိုအပ်သည်။ မတင်မကျ ဇဝေဇဝါချီတုံချတုံဖြစ်တတ်သည့်ဖောက်သည်မျိုးကိုမူ ၄င်းတို့လိုအပ်သည့်အချက်ကိုဖော်ထုတ်ပေးပြီး ဝယ်ယူလျှင် အကျိုးရှိနိုင်သည့်အချက်များကို တိုတိုနှင့်ထိထိမိမိ ပြောဆိုနိုင်ရန် လိုအပ်သည်။

**အပြုံးနှင့်စ၍ ကျေးဇူးတင်ခြင်းဖြင့် ဆုံးပါ**

ကျွန်တော်တို့သည် ဝန်ဆောင်မှုကို အင်္ဂလိပ်စာဖြင့် SERVICE ဆားဗစ်ဟုခေါ်ကြသည်။ အဆိုပါ SERVICE ဟူသောစကားလုံးများမှ တစ်လုံးချင်းကို အဓိပ္ပာယ်တစ်ခုချင်းထည့်ကြည့်မည်ဆိုပါက S ကို Smile Ever ပြုံးနေပါဟုပြောသည်။ ကျွန်တော်တို့သည် ဈေးဝယ်သူနေရာမှ စဉ်းစားကြည့်လျှင် ချိုသာစွာပြုံး၍ကြိုဆိုသောဆိုင်ကို လိုလိုလားလား ဝင်ကြည့်ချင်၊ ဈေးမေးချင်၊ အဆင်ပြေလျှင် ဝယ်ယူချင်ကြသည်ဖြစ်သည်။ ဆက်ဆံရေးဆိုးရွားပြီး အပြုံးပင်မပေးနိုင်သည့်ဆိုင်တစ်ဆိုင်ကို ဝင်ကြည့်ရန်ပင်စဉ်းစားတတ်ကြသည်။ ပြုံးနေလျှင်လည်း စိတ်ပါလက်ပါပြုံးရန် လိုအပ်သည်။ အပြုံးသည် ဆေးတစ်ခွက်ဟုဆိုတတ်ကြသည်။ သို့သော်လည်း နေ့စဉ်ရောင်းချနေရသည့် ဝန်ထမ်းများမှာ အပြုံးပေးရန်ပင် ခက်ခဲနေတတ်သည်များ ကြုံရတတ်သည်။ ဝင်လာသည့်သူတစ်ဦးကို ကြိုဆိုမှုသည် နွေးထွေးနေရန်လိုသည်ကို ဆိုင်တိုင်းသိကြမည်ထင်သည်။ သို့သော်လည်း လိုက်နာပြီးအပြုံးဖြင့် ကြိုဆိုခြင်းနည်းတတ်သည်။

မိမိဆိုင်ထဲသို့ဝင်ချင်အောင်နှင့် ဝင်လာသူတိုင်းကို တစ်ခုခုဝယ်ပြီးမှထွက်သွားအောင် အပြုံးဖြင့်ကြိုဆိုရန်၊ အပြုံးဖြင့်ဆွဲဆောင်နိုင်ရန် လုပ်ရမည်ဖြစ်သည်။ လှိုက်လှိုက်လှဲလှဲကြိုဆိုရန်နှင့် အပြုံးဖြင့်ကြိုဆိုရန်ဆိုသည့်ကိစ္စကို မဖြစ်မနေလိုက်နာရန်လိုအပ်သည်။ ဆိုင်ရှင်တိုင်း၊ မန်နေဂျာတိုင်းသည် ကိုယ်တိုင်အပါအဝင် ဝန်ထမ်းများကို အပြုံးဖြင့်ကြိုဆိုရေးကို တိတိကျကျ စည်းကမ်းထုတ်ထားသင့်သည်။ အမြဲပြုံးတတ်သည့် အလေ့အကျင့်ကို တည်ဆောက်ထားရမည်။

ဒုတိယစာလုံးဖြစ်သော E သည် Eye Contact ဟုဆိုသည်။ အဆိုပါ မျက်လုံးချင်းဆုံခြင်း၊ မျက်လုံးကို တည့်တည့်ကြည့်ပြီး ဝယ်ယူသူလိုအပ်ချက်ကို ရှာဖွေ၍ စိတ်ပါလက်ပါရှင်းပြရန် လိုအပ်သည်။ အချို့သော ဝန်ထမ်းများသည် ဝယ်ယူသူများက မေးမြန်းသည်များကို မော့မကြည့်ဘဲ ပြောသည်များကို မကြာခဏ ကြုံကြရမည်ထင်သည်။ ထိုသို့ မျက်လုံးချင်းဆိုင်၍ မပြောခြင်းသည် တစ်ဖက်လူကိုမလေးစားခြင်း၊ တန်ဖိုးမထားခြင်းဖြစ်သည့်အတွက် လေးစားတန်ဖိုးထားသည့် အနေဖြင့် မျက်လုံးချင်းဆုံ၍ လေးလေးစားစားဖြေကြား ပြောဆိုရန်လိုအပ်သည်။ မဖြေချင်သလို ဖြေချင်သလိုဖြင့် မျက်နှာလွှဲ၍ ပြောခြင်းမျိုးကိုမလုပ်ရန် တိတိကျကျ တားမြစ်ထားရန်လိုအပ်သည်။

တတိယစာလုံးဖြစ်သော R သည် Respect to Allဟုဆိုသည်။ အားလုံးကိုလေးစားရမည်ဟု သင်ထားရန်လိုအပ်သည်။ လုပ်ငန်းရှင်ကိုယ်တိုင်လည်း အားလုံးသောဖောက်သည်များသည် ကျေးဇူးရှင်များဖြစ်သည်၊ အားလုံးကိုလေးစားရမည်ဟု ခံယူရမည်ဖြစ်သည်။ ဆိုင်အတွင်းသို့ဝင်လာသည့် မည်သူ့ကိုမဆို ဆင်းရဲချမ်းသာမရွေး၊ အလွှာမရွေး တန်းတူဆက်ဆံရမည်။ အားလုံးကို လေးလေးစားစားဆက်ဆံရမည်ဖြစ်သည်။ တစ်ခါတစ်ရံ စားသောက်ဆိုင်များတွင် အနည်းငယ်သာ မှာယူစားသုံးသူကို လေးလေးစားစားမဆက်ဆံခြင်းမျိုးကို ကြုံရတတ်သည်။

စတုတ္ထစာလုံးမှာ V ဖြစ်ပြီး Value to Guest ဟုဖြစ်သည်။ အဆိုပါစကားမှာမူ အထက်မှဖော်ပြခဲ့သော ဖောက်သည်အားလုံးကို လေးစားခြင်းဖြင့် ဆက်စပ်နေမည်ဖြစ်သည်။ ဆိုင်သို့လာရောက်သူတိုင်းကို တန်ဖိုးရှိသောဧည့်သည်များဟု သတ်မှတ်ရန်ဟု ဖြစ်သည်။ မိမိဆိုင်အတွင်း ဝင်ရောက်လာသည်မှာ စိတ်ဝင်စားမှုရှိသဖြင့် ဝင်ရောက်လာသည်ဟုသတ်မှတ်၍ တန်ဖိုးထားဆက်ဆံရန်လိုအပ်သည်။


ထို့အတူပင် ပဉ္စမစာလုံး I သည် Interest Showing ဟုဆိုသည်။ ရောင်းချသူဘက်က ဝယ်ယူသူကို စိတ်ဝင်စားကြောင်း၊ ဝယ်သူမေးမြန်းသည်များကို စိတ်ဝင်တစားဆောင်ရွက်ပေးကြောင်း ဝယ်ယူသူဘက်မှ နားလည်လက်ခံသွားအောင် ဆောင်ရွက်နိုင်ရန် လိုအပ်သည်။ ဝယ်သူဖောက်သည် စိတ်ကျေနပ်ရေးကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်သဖြင့် ဝယ်သူကို စိတ်ဝင်စားကြောင်းပြနိုင်ရန် လိုအပ်သည်။ တစ်ကြိမ်ထက်မက ဝယ်ယူသူများကို မှတ်မိအောင်လေ့ကျင့်ထားခြင်းဖြင့် ဝယ်ယူသူများ၏ ချစ်ခင်မှုကိုရရှိပြီး ထပ်မံဝယ်ယူတတ်ကြသည်။ ထို့ကြောင့် မိမိလုပ်ငန်း၏ ဖောက်သည်များကို လေးစားရန်နှင့် မိမိဝန်ထမ်းများက ဝယ်ယူသူဖောက်သည်များကို လေးလေးစားစားဖြင့် သူကြည့်ချင်သောပစ္စည်းများကို စိတ်ရှည်ရှည်ဖြင့် ရှင်းလင်းပြသနိုင်ရမည်ဖြစ်သည်။

ဆဋ္ဌမစာလုံးမှာ C ဖြစ်ပြီး Create Service ဟုဆိုသည်။ ဝန်ဆောင်မှုလုပ်ပေးသည်ကို ပိုမိုဆန်းသစ်သည့် ဝန်ဆောင်မှုများပေးရန် လိုအပ်သည်။ အချို့သော Taxi ယာဉ်မောင်းများသည် ခရီးသည်များ၏ ဝန်စည်စလယ်များကို သယ်ယူပေးခြင်း၊ လေးလေးစားစားတံခါးဖွင့်ပေးခြင်း၊ ကားပေါ်တွင် ဖုန်းအားသွင်းကြိုးထားပေးခြင်း၊ ရေသန့်ဘူးပေးခြင်း စသည့် ဝန်ဆောင်မှုများပေးတတ်သည်။ ထို့ပြင် စားသောက်ဆိုင်များတွင် ချက်ပြုတ်သောစားဖိုမှူးများကအစ အားလပ်ချိန်တွင် ဆိုင်ရှေ့ထွက်၍ကပြကြခြင်းစသည့် ထူးခြား၍ ချစ်ခင်မှုတိုးစေသည့်ဝန်ဆောင်မှုများကို ပေးရန်လိုအပ်သည်။

သတ္တမစာလုံးဖြစ်သော E သည် End with Thanksဟုဆိုသည်။ ဆိုင်ပြင်သို့ပြန်ထွက်သည့် ဝယ်ယူသူကို ကျေးဇူးတင်စကားဖြင့် နှုတ်ဆက်ရမည်ဟုဆိုလိုခြင်းဖြစ်သည်။ ကျေးဇူးတင်စကားကို တွင်တွင်ကျယ်ကျယ်သုံးစွဲသင့်သည်။ မည်သည့်ကိစ္စတွင်မဆို ကျေးဇူးတင်ပါသည်ဟုပြောတတ်ရန် ဝန်ထမ်းများ၊ လုပ်သားများကို သင်ကြားပေးထားသင့်သည်။ လုပ်ငန်းရှင်ကိုယ်တိုင်ကလည်း နှုတ်ဆက်စကားတိုင်းတွင် ကျေးဇူးတင်ပါသည်ဟူသောစကားကို ပြောကြားနေရန်လိုအပ်သည်။ ဤစကားခုနစ်လုံးသည် အဓိပ္ပာယ်အလွန်ရှိသည်ဟုထင်မြင်မိသည်။ ထို့ကြောင့် အပြုံးဖြင့်စ၍ ကျေးဇူးတင်ခြင်းဖြင့်အဆုံးသတ်နိုင်သည့် စီးပွားရေးလုပ်ငန်းရှင်ဖြစ်ရန် လေ့ကျင့်ထားရမည်ဖြစ်သည်။ ထို့ကြောင့် လုပ်ငန်းရှင်တိုင်းသည် ဝန်ဆောင်မှုများကိုလည်း မဖြစ်မနေလုပ်ကိုင်ရမည်ဖြစ်သဖြင့် အထက်ပါ ဖော်ပြထားသည့် အချက်ခုနစ်ချက်ကို ကျေကျေညက်ညက်ရှိနေရန်လိုအပ်သည်။ အရေးကြီးဆုံးအချက်မှာ အစနှင့် အဆုံးဖြစ်သည်ဟုဆိုချင်သည်။ သို့ဖြစ်၍ မိမိဖောက်သည်တိုင်းကို အပြုံးဖြင့်စတင်ပြီး ကျေးဇူးတင်ခြင်းဖြင့် အဆုံးသတ်ရမည်ဖြစ်သည်။

စီးပွားရေးလုပ်ငန်းတိုင်းအတွက် ဖောက်သည်ရှိရန် မဖြစ်မနေလိုအပ်သည်။ ဆိုင်သို့ စတင်ရောက်လာသည့်ဈေးဝယ်များကို မျှော်လင့်နိုင်သည့်သူအဖြစ် ရောက်လာစေရန် ဆောင်ရွက်ရမည်။ စတင်ဝယ်ယူတတ်လာပြီး မကြာခဏဝယ်ယူတတ်သည့်ဖောက်သည်၊ အကြိမ်ကြိမ်ဝယ်ယူတတ်သည့်ဖောက်သည်မှ အထောက်အပံ့ပြုသည့်ဖောက်သည်၊ ထိုမှတစ်ဆင့် အကြံပေးနိုင်သည့်ဖောက်သည်အဆင့်ထိ တိုးတက်လာအောင် ဖောက်သည်များကိုထိန်းသိမ်းသွားရမည် ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချိုအိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကို ပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

## ချစ်ခြင်းပြိုင် တွဲလက်ကမ်းပါလို့

\- ဘဝတာ ခရီးတစ်လျှောက်
လမ်းထွင်ဖောက် လျှောက်လှမ်းစဉ်၊
လူ့ဘောင်နယ် ရှက်ဆောင်မှု
ပြုဖွယ်စုံလင်၊
ရှောင်လွှဲမရ ကြောင်းကျိုးယှဉ်
လူ့ဝန်းကျင် လူ့ဝတ္တရား၊
မှားမှန်ဆိုင် အားပြိုင်နွဲရင်း
လှမ်းနင်းကျော်လွှား။

\- ကိုယ့်လိုအင် ကိုယ့်ဆန္ဒတွက်
အတ္တဖက် နှောင်ချည်တွယ်၊
အမြင်မညီ သွင်မူကွဲ
ယှဉ်တွဲကာရယ်၊
ထိန်းညှိရင်း ကြောင်းဆက်နွှယ်
ကောင်းကျိုးရွယ် ရည်မျှော်မှန်း၊
အမုန်းမြူ စွန်းကျန်မဖိတ်ရအောင်
ကောင်းစိတ်ဖြင့်လှမ်း။

\- အတ္တနှံ့ နှစ်ကျွံဆင်းလို့
သတိယွင်း လမ်းပျောက်စေ၊
အစွဲမှားတွေ ရှောင်နိုင်စွမ်းမှ
လမ်းဖြောင့်မည်လေ၊
ဘဝခဏ တိုစွအခြေ
သတိဉာဏ်ဖွေ စွဲတည်မွေ့၊
မေတ္တာရိပ်လျှင်
ချစ်သဒ္ဒါဖိတ်ထင် လှုဂုဏ်နန်းပေမို့
အားဖြည့်ကာ ဘဝလမ်းဝယ်
ငြိမ်းချမ်းစွာ တူယှဉ်လှမ်းကာဖြင့်
ချစ်ခြင်းပြိုင် တွဲလက်ကမ်းရင်း
ချစ်ပန်းတွေပွေ့။ ။

**နိုင်နိုင်နွယ်(ပညာရေး)**

# မော်လိုက်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၃၀၅၇၈ ဧက စိုက်ပျိုးပြီးစီး

**မော်လိုက် ဇန်နဝါရီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၃၀၅၇၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မော်လိုက်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ဧက ၃၁၃၃၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၀၅၇၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆီထွက်သီးနှံ စိုက်ပျိုးမှုကတော့ တိုးတက်မှုရှိပါတယ်။ စားသုံးဆီဖူလုံဖို့နဲ့ ဆီထွက်သီးနှံတိုးတက်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ ဆီထွက်သီးနှံကို တိုးချဲ့စိုက်ပျိုးဖို့၊ တစ်ဧကအထွက်နှုန်းကောင်းမွန်ဖို့ တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ မော်လိုက်ခရိုင်မှာ ဆီထွက်သီးနှံစုံဧက ၃၁၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့ထိ ဧက ၃၀၅၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်"ဟုမော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

မော်လိုက်ခရိုင်တွင် မြို့နယ်အလိုက် ဆီထွက်သီးနှံစိုက်ပျိုးပြီးစီးမှုအနေဖြင့် မော်လိုက်မြို့နယ်တွင် မြေပဲ ၃၉၈၉ ဧက၊ နှမ်း ၉၁၅ ဧက၊ ဆီမုန်ညင်း ၄၅၅ ဧက၊ နေကြာ ၅၅၆၄ ဧက၊ ပန်းနှမ်း ဧက ၁၆၁၀၊ ဖောင်းပြင်မြို့နယ်တွင် မြေပဲ ၁၀၉၄၄ ဧက၊ နှမ်း ၅၅၈ ဧက၊ ဆီမုန်ညင်း ၁၉၉၂ ဧက၊ နေကြာ ၂၄၀၇ ဧက၊ ပန်းနှမ်း ၂၁၄၄ ဧက စုစုပေါင်း ၃၀၅၇၈ ဧကဖြစ်ကြောင်း သိရသည်။

မော်လိုက်ခရိုင်တွင် ဆီထွက်သီးနှံစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် မော်လိုက်မြို့နယ်တွင် မြေပဲဧက ၄၂၃၀၊ နှမ်း ၉၅၃ ဧက၊ ဆီမုန်ညင်း ၄၆၄ ဧက၊ နေကြာ ၅၅၆၄ ဧက၊ ပန်းနှမ်းဧက ၁၆၁၀၊ ဖောင်းပြင်မြို့နယ်တွင် မြေပဲ ၁၁၄၀၈ ဧက၊ နှမ်း ၅၅၈ ဧက၊ ဆီမုန်ညင်း ၁၉၉၂ ဧက၊ နေကြာ ၂၄၀၇ ဧက၊ ပန်းနှမ်း ၂၁၄၄ ဧက စုစုပေါင်းဧက ၃၁၃၃၀ ဖြစ်ကြောင်း သိရသည်။

မော်လိုက်ခရိုင်တွင် ဆီထွက်သီးနှံစိုက်ပျိုး တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရန်၊ သီးထပ်သီးညှပ်များဖြင့် ဆီထွက်သီးနှံများကို စိုက်ပျိုးထုတ်လုပ်ရန်အတွက် နည်းပညာများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)



ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

# မိုင်းပန်မြို့နယ် ညောင်ခုံခမ်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းပြီးစီးမှု စစ်ဆေး

**မိုင်းပန် ဇန်နဝါရီ ၂၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်ခုံခမ်းကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် ကုန်ထုတ်လမ်း အပိုင်း(၂)ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုင်းမြင့်နိုင်ထွန်းနှင့် ဝန်ထမ်းများက ကုမ္ပဏီတာဝန်ရှိသူများနှင့်အတူ ညောင်ခုံခမ်းကျေးရွာ၌ လမ်းအရှည် သုညဒသမ ငါးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့်ကိုးလက်မရှိ ကုန်ထုတ်လမ်းသဲဖြန့်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကုန်ထုတ်လမ်းကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

မိုင်းပန်မြို့နယ် ညောင်ခုံခမ်းကျေးရွာ၌ ကုန်ထုတ်လမ်း အပိုင်း (၂) ဖောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေကျပ် ၂၆ ဒသမ ၃၃၇၅ သန်းအသုံးပြု၍ အောင်စံပယ်ဖြူကုမ္ပဏီက ၂၀၂၃ ခုနှစ် ဇူလိုင်လတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေးအဆင်ပြေစွာ သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**အေးသူ**

# ပွင့်ဖြူမြို့နယ် ချွန်းစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပွင့်ဖြူ ဇန်နဝါရီ ၂၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့်တစ်နိုင်တစ်ပိုင်မိသားစုဝင်ငွေတိုးလုပ်ငန်းများလုပ်ကိုင်နိုင်ရန် ရည်ရွယ်၍ ရွှေလှေကျေးရွာအုပ်စု ချွန်းစုကျေးရွာ၌ အဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဇန်နဝါရီ ၂၆ ရက် မွန်းလွဲ ၂ နာရီက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်လှကြူနွဲ့က ချွန်းစုကျေးရွာရှိ စီမံကိန်းအသင်းသား၊ အသင်းသူများကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်နှင့် စီမံကိန်းအကျိုးကျေးဇူးများ၊ စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်နိုင်မည့်ဝင်ငွေတိုးလုပ်ငန်းများ၊ လိုက်နာရမည့်စီမံကိန်းဆိုင်ရာ စည်းကမ်းချက်များ၊ အတိုးနှုန်းထားများနှင့် ငွေစာရင်းဇယား ပြုစုထိန်းသိမ်းနည်းဆိုင်ရာများ၊ စီမံကိန်းလုပ်ငန်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန်ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဦးစီးမှူးနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များက ချွန်းစုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၈၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၁၀၀၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူတစ်ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၈၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# နိုင်ငံတကာ သတင်းများ

## ကမ္ဘာ့အကြီးဆုံးခရီးသည်တင်ဇိမ်ခံသင်္ဘော ပထမဆုံးခရီးစဉ်ကိုစတင်ထွက်ခွာ



**နယူးယောက် ဇန်နဝါရီ ၂၇**

ကမ္ဘာ့အကြီးဆုံး ခရီးသည်တင်ဇိမ်ခံသင်္ဘောဖြစ်သည့် အိုင်ကွန်အော့ဖ်ဆီးအမည်ရှိ သင်္ဘောသည် ယနေ့တွင် ပထမဆုံးခရီးစဉ်ကို စတင်ပြီဖြစ်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်အခြေစိုက် ရိုင်ယယ် ကာရစ်ဘီယံ နိုင်ငံတကာသင်္ဘောလိုင်းကပိုင်ဆိုင်သော အိုင်ကွန်အော့ဖ်ဆီး ခရီးသည်တင်ဇိမ်ခံသင်္ဘောသည် ၎င်း၏ပထမဆုံးခရီးစဉ်ကို မိုင်ယာမီမြို့မှတစ်ဆင့် ကာရစ်ဘီယံဒေသသို့ စတင်ခဲ့ခြင်းဖြစ်သည်။

အိုင်ကွန်အော့ဖ်ဆီး၏ ပထမဆုံးခရီးစဉ်တွင် ခရီးသည်ဦးရေ ၈၀၀၀လိုက်ပါသွားသည်။

သို့သော် စွမ်းအင်အတွက် သဘာဝဓာတ်ငွေ့ရည်ကို အသုံးပြုထားသည့် အိုင်ကွန်အော့ဖ်ဆီးသင်္ဘောကြောင့် လေထုလွှာအတွင်းသို့ မီသိန်းဓာတ်ငွေ့များ ပိုမိုရောက်သွားမည့်အရေးကို ပတ်ဝန်းကျင်ထိန်းသိမ်းရေး လှုပ်ရှားသူများက စိုးရိမ်လျက်ရှိသည်။

သဘာဝဓာတ်ငွေ့ရည်သည် ပုံမှန်သုံးစွဲနေကျ သင်္ဘောလောင်စာဆီများထက်ပို၍ သဘာဝပတ်ဝန်းကျင်နှင့် အပ်စပ်သော်လည်း မီသိန်းဓာတ်ငွေ့ထုတ်လွှတ်မှု ပြဿနာရှိလာနိုင်သည်။

အိုင်ကွန်အော့ဖ်ဆီး သင်္ဘောသည်ကိုယ်ထည်အလျား ၃၆၅မီတာ (၁၁၉၈ပေ)နှင့် ကုန်းပတ်အထပ် ၂၀ ပါရှိသည့် ခရီးသည်တင်ဇိမ်ခံသင်္ဘောဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## အာဂျင်တီးနားသမ္မတ ဇာဗီလာမိုင်လီ အစ္စရေးနိုင်ငံသို့ သွားရောက်မည်

**ဂျူနိုဗ်အေရိဗ် ဇန်နဝါရီ ၂၇**

အာဂျင်တီးနားသမ္မတဇာဗီလာမိုင်လီသည် ၎င်း၏ပထမဆုံးပြည်ပခရီးစဉ်တစ်ခုအဖြစ် အစ္စရေးနိုင်ငံသို့ လာမည့်ရက်သတ္တပတ်များအတွင်း သွားရောက်မည်ဖြစ်ကြောင်း ဇန်နဝါရီ ၂၆ ရက်သတင်းများအရ သိရသည်။

လက်ယာယိမ်းဝါဒီ သမ္မတတစ်ဦးဖြစ်သည့် အာဂျင်တီးနားသမ္မတမိုင်လီသည် အစ္စရေးနှင့် ဟားမတ်စ်အုပ်စုကြား စစ်ပွဲတွင် အစ္စရေးကို ထောက်ခံအားပေးထားသူဖြစ်သည်။

အစ္စရေးနှင့်အာဂျင်တီးနားတို့ကြား ညီနောင်ဆက်ဆံရေးကို ကဏ္ဍသစ်ဖွင့်ရေးအတွက် မိမိအနေဖြင့် လာမည့်ရက်သတ္တပတ်များအတွင်း အစ္စရေးနိုင်ငံသို့ သွားရောက်မည်ဟု ဂျူနိုဗ်အေရိဗ်မြို့၌ ကျင်းပသည့် အခမ်းအနားတစ်ခုတွင်သမ္မတမိုင်လီက ပြောကြားခဲ့သည်။

ထို့ပြင် အာဂျင်တီးနားနိုင်ငံအနေဖြင့် ဂါဇာအခြေစိုက် ဟားမတ်စ်အုပ်စု၏ အကြမ်းဖက်လုပ်ရပ်များကို မျက်ကွယ်ပြုနှုတ်ဆိတ်နေမည်မဟုတ်ကြောင်း သမ္မတမိုင်လီက ပြောကြားခဲ့သည်။

ပြီးခဲ့သည့်နှစ် အောက်တိုဘာ ၇ ရက်က အစ္စရေးတောင်ပိုင်းမြို့များကို ဟားမတ်စ်အုပ်စုဝင်ရောက်တိုက်ခိုက်စဉ် အာဂျင်တီးနားနိုင်ငံသား ၁၁ ဦးပြန်ပေးဆွဲခံခဲ့ရကြောင်း သမ္မတမိုင်လီ၏အဆိုအရသိရသည်။

မိမိအနေဖြင့် ဂျူးဘာသာတရားကို ပြောင်းလဲလက်ခံရန် ရည်ရွယ်ထားသည်ဟု သမ္မတ မိုင်လီက ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလအတွင်း သမ္မတရာထူးမရယူမီ ပြောကြားခဲ့ဖူးကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**



## တရုတ်(တိုင်ပေ)ကျွန်းအနီး တရုတ်စစ်လေယာဉ်များ ကင်းလှည့်ပျံသန်း

**တိုင်ပေ ဇန်နဝါရီ ၂၇**

တရုတ်(တိုင်ပေ)ပတ်ပတ်လည်၌ ပျံသန်းလှုပ်ရှားနေသော တရုတ်လေတပ်စစ်လေယာဉ် ၂၃ စင်းကို ဇန်နဝါရီ ၂၆ ရက်တွင်ထောက်လှမ်းတွေ့ရှိထားကြောင်း တရုတ်(တိုင်ပေ)ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ တရုတ်လေတပ်စစ်လေယာဉ်များသည် တရုတ်စစ်သင်္ဘောများနှင့်အတူ တိုက်ပွဲဝင်အသင့်အနေအထား ပူးတွဲကင်းလှည့်မှု ပြုလုပ်နေခြင်းဖြစ်ကြောင်း တရုတ်(တိုင်ပေ)ကာကွယ်ရေးဝန်ကြီးဌာန ကြေညာချက်၌ ဖော်ပြထားသည်။

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိနှင့် အမေရိကန်အစိုးရ အမျိုးသားလုံခြုံရေးအကြံပေး ဂျိတ်ခ်ဆူလီဗန်တို့မတွေ့ဆုံမီ တရုတ်(တိုင်ပေ)အနီးတရုတ်နိုင်ငံက စစ်ရေးလှုပ်ရှားမှုများ ပြုလုပ်လာခြင်းဖြစ်ကြောင်း သိရသည်။

တရုတ်(တိုင်ပေ) အနီးတွင် ဇန်နဝါရီ ၂၆ ရက်က ပျံသန်းခဲ့သည့် တရုတ်လေတပ် စစ်လေယာဉ်များထဲတွင် အက်စ်ယူ-၃၀ တိုက်လေယာဉ်များနှင့် မောင်းသူမဲ့လေယာဉ်များလည်း ပါဝင်ကြောင်း သိရသည်။

အဆိုပါစစ်လေယာဉ် ၂၃စင်းအနက် ၁၃ စင်းမှာ ထိုင်ဝမ်ရေလက်ကြားအလယ်မျဉ်းကို ဖြတ်ကျော်ပျံသန်းခဲ့ကြောင်း တရုတ်(တိုင်ပေ)ကာကွယ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထိုင်ဝမ်ရေလက်ကြားအလယ်မျဉ်းသည် တစ်ချိန်က တရုတ်ပြည်မကြီးနှင့် တရုတ်(တိုင်ပေ)တို့ကြား တရားမဝင် နယ်စည်းဖြစ်ခဲ့သော်လည်း ယခုအခါ ယင်းနယ်စည်းကို တရုတ်စစ်လေယာဉ်များက ပုံမှန်လိုလို ဖြတ်ကျော်ပျံသန်းလျက်ရှိကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## ပင်လယ်နီရေလမ်းကြောင်းအတွင်း ဟူသီအုပ်စုက လောင်စာဆီတင် သင်္ဘောတစ်စီးကိုတိုက်ခိုက်ခဲ့

**ဆာနား ဇန်နဝါရီ ၂၇**

ယီမင်အခြေစိုက် ဟူသီအုပ်စု၏ တိုက်ခိုက်မှုကြောင့် ပင်လယ်နီရေလမ်းကြောင်းအတွင်း မောင်းနှင်နေသည့် လောင်စာဆီတင်သင်္ဘောတစ်စီး ဇန်နဝါရီ ၂၆ ရက်တွင် ဒုံးကျည်ထိမှန်ခဲ့ကြောင်း သိရသည်။

ဒုံးကျည်ထိမှန်ခဲ့ရသောသင်္ဘောမှာ စင်ကာပူအခြေစိုက် ထရာဖီဂူရာကုန်သွယ်ရေးလုပ်ငန်း၏ မာလင်လူအန်ဒါအမည်ရှိ လောင်စာဆီတင်သင်္ဘောဖြစ်ကြောင်း သိရသည်။

ဟူသီဒုံးကျည် ထိမှန်မှုကြောင့် မာလင်လူအန်ဒါ သင်္ဘောပေါ်ရှိ ရေယာဉ်ဝန်ထမ်းများ အထိအခိုက်မရှိခဲ့သော်လည်း ကုန်းပတ်တစ်နေရာတွင် မီးလောင်ကျွမ်းခဲ့ရာ ရေယာဉ်ဝန်ထမ်းများက ငြိမ်းသတ်ခဲ့ရကြောင်း ထရာဖီဂူရာကုမ္ပဏီက ကြေညာချက်ထုတ်ပြန်ထားသည်။

ဟူသီသူပုန်အုပ်စုသည် ပင်လယ်နီရေလမ်းကြောင်းများကို အသုံးပြုနေသော ကုန်သေတ္တာတင်သင်္ဘောများကို အဓိကထားတိုက်ခိုက်နေခြင်းဖြစ်ရာ နိုင်ငံတကာလောင်စာဆီတင်သင်္ဘောများမှာ ပင်လယ်နီရေလမ်းကြောင်းများကို ဆက်သုံးနေကြဆဲဖြစ်သည်။

သို့ရာတွင် မာလင်လူအန်ဒါသင်္ဘော တိုက်ခိုက်ခံခဲ့ရပြီးနောက် အခြားလောင်စာဆီတင် သင်္ဘောတစ်စီးမှာ ပင်လယ်နီအတွင်း ဝင်ရောက်မှုမရှိတော့ဘဲ အေဒင်ပင်လယ်ကွေ့ အရှေ့ဘက်မှာပင် နောက်ကြောင်း ပြန်လှည့်သွားကြောင်း သိရသည်။

ဟူသီသူပုန်အုပ်စုသည် ဂါဇာစစ်ပွဲ၌ ပါလက်စတိုင်းလူမျိုးများကို ထောက်ခံကြောင်း ပြသသည့်အနေဖြင့် ပင်လယ်နီအတွင်း သွားလာနေသည့် သင်္ဘောများကိုတိုက်ခိုက်နေခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## ကျဆင်းနေသည့်ခရီးသွားလုပ်ငန်းကို ပြန်လည်ဦးမော့လာရန် ရုရှားကမ္ဘာလှည့်ခရီးသည်များကို ကျူးဘားနိုင်ငံ အားပြုမည်

**မော်စကို ဇန်နဝါရီ ၂၇**

ကျဆင်းနေသည့် ခရီးသွားလုပ်ငန်းကို ၂၀၂၄ ခုနှစ်အတွင်း မြှင့်တင်ရေးအတွက် ကျူးဘားနိုင်ငံအနေဖြင့် ရုရှားကမ္ဘာလှည့်ခရီးသည်များကို အားပြုထားမည်ဖြစ်ကြောင်း ဇန်နဝါရီ ၂၆ ရက်သတင်းများအရ သိရသည်။



မိမိတို့အနေဖြင့် ကျူးဘားနိုင်ငံ၏ကျဆင်းနေသော ခရီးသွားလုပ်ငန်းကို ရုရှားခရီးသည်များ၏အားဖြင့် မြှင့်တင်ရန် စီစဉ်ထားကြောင်းရုရှားနိုင်ငံဆိုင်ရာကျူးဘားသံအမတ်ကြီး ဂျူလီယိုအန်တိုနီယိုဂါမင်ဒီယာက ရုရှားမီဒီယာများသို့ ထုတ်ဖော်ပြောကြားခဲ့သည်။

၂၀၂၃ ခုနှစ်အတွင်း ကျူးဘားနိုင်ငံသို့ဝင်ရောက်ခဲ့သည့် ကမ္ဘာလှည့် ခရီးသည်အရေအတွက်မှာ ကျူးဘားအစိုးရ ရည်မှန်းထားသည်ထက် များစွာနည်းပါးခဲ့ကြောင်း သိရသည်။

ရုရှားနိုင်ငံဆိုင်ရာ ကျူးဘားသံအမတ်ကြီး၏အဆိုအရ ၂၀၂၃ ခုနှစ်အတွင်း ကျူးဘားနိုင်ငံသို့ ဝင်ရောက်ခဲ့သော ရုရှားခရီးသည်အရေအတွက်မှာ ၁၈၅၀၀၀ခန့်သာ ရှိခဲ့သည်။

သို့သော် ယခုနှစ်တွင်မူကျူးဘားနိုင်ငံသို့ ရုရှားခရီးသည်ဝင်ရောက်မှုနှစ်ဆတိုး၍ ၂၅၀၀၀၀ထိရှိလာမည်ဟု မိမိတို့မျှော်လင့်ထားကြောင်း ကျူးဘားသံအမတ်ကြီးကပြောကြားခဲ့သည်။

ခရီးသွားလုပ်ငန်းမှာ ကျူးဘားနိုင်ငံ၏အဓိကဝင်ငွေ အရင်းအမြစ်တစ်ခုဖြစ်သော်လည်း ကိုဗစ်-၁၉ ရောဂါ ကပ်ဘေးနောက်ပိုင်း ကျူးဘားခရီးသွားလုပ်ငန်းထိခိုက်ခဲ့ရကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## ကမ္ဘာဂြိုဟ်၏ ဂြိုဟ်ရံလအလုံးအထည်က ပြီးခဲ့သည့်နှစ်သန်းရာဂဏန်းအနည်းငယ်အတွင်း အရွယ်အစားကျုံ့ဝင်ခဲ့



**ဝါရှင်တန် ဇန်နဝါရီ ၂၇**

ကမ္ဘာဂြိုဟ်၏ ဂြိုဟ်ရံလအလုံးအထည်သည် ပြီးခဲ့သည့်နှစ်သန်းရာဂဏန်း အနည်းငယ်အတွင်း အရွယ်အစား ကျုံ့ဝင်ခဲ့ကြောင်း ဇန်နဝါရီ ၂၆ ရက် သတင်းများအရ သိရသည်။

ပြီးခဲ့သည့် နှစ်သန်းပေါင်းများစွာအတွင်း အတွင်းဝတ်ဆံလုံး တဖြည်းဖြည်းအေးခဲလာမှုကြောင့် ဂြိုဟ်ရံလ၏ အလုံးအထည်မှာ ပေပေါင်း ၁၅၀ ကျော် ကျုံ့ဝင်ခဲ့ကြောင်း အမေရိကန် သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

ထိုကဲ့သို့ ဂြိုဟ်ရံလ၏အလုံးအထည် ကျုံ့ဝင်နေမှုကြောင့် အနာဂတ် လကမ္ဘာလေ့လာရေးမစ်ရှင်များအတွက် ပြဿနာရှိလာနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

လမျက်နှာပြင်မှာ မာကျောကြွပ်ဆတ်သည့် မျက်နှာပြင်မျိုးဖြစ်ရာ အလုံးအထည်ကျုံ့ဝင်လာမှုကြောင့် ငလျင်ပြတ်ရွေ့ကြောများပေါ်ထွက်လာနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

သိပ္ပံပညာရှင်များ၏အဆိုအရ လကမ္ဘာတောင်ဝင်ရိုးစွန်းဒေသ၌ ပေါ်ထွက်လာသည့် ပြတ်ရွေ့ကြောများသည် အပိုလိုအာကာသယာဉ်များက ၁၉၇၀ ပြည့်နှစ်တွင် မှတ်တမ်းတင်နိုင်ခဲ့သည့် ငလျင်ငါးခုနှင့် ဆက်စပ်နေကြောင်း သိရသည်။

လက်ရှိအချိန်တွင် အမေရိကန် သိပ္ပံပညာရှင်များသည် ငလျင်ဒဏ်ရင်ဆိုင်နိုင်သည့် လမျက်နှာပြင်နယ်မြေများကို ရှာဖွေဖော်ထုတ်ထားကြောင်း၊ အဆိုပါ နယ်မြေများထဲတွင် အားတီးမစ်-၃ လဆင်းယာဉ်ဆင်းသက်ရေးအတွက် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)က အဆိုပြုထားသည့် နေရာတချို့လည်း ပါဝင်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## အမေရိကန်နိုင်ငံ အိုကလာဟိုးမားပြည်နယ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက Oviraptorosaur ဒိုင်နိုဆောမျိုးစိတ်သစ်တစ်မျိုးကို ရှာဖွေတွေ့ရှိ

**ဝါရှင်တန် ဇန်နဝါရီ ၂၇**

အမေရိကန်နိုင်ငံ အိုကလာဟိုးမားပြည်နယ် တက္ကသိုလ်မှ သိပ္ပံပညာရှင်များသည် Oviraptorosaur ဒိုင်နိုဆောမျိုးစိတ်သစ်တစ်မျိုးကို ရှာဖွေတွေ့ရှိထားကြောင်း ဇန်နဝါရီ ၂၆ ရက်သတင်းများအရ သိရသည်။

အဆိုပါ ဒိုင်နိုဆောမျိုးစိတ်သစ်ကို Eoneophron Infernalis ဟူ၍ သိပ္ပံပညာရှင်များက အမည်ပေးထားသည်။

Eoneophron Infernalis ဒိုင်နိုဆော ကျောက်ဖြစ်ရုပ်ကြွင်းကို တောင်ဒါကိုတာပြည်နယ် ဟဲလ်ခရိခ် ကျောက်လွှာဒေသ၌ ရှာဖွေတွေ့ရှိခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Eoneophron Infernalis ဒိုင်နိုဆောများသည် နှုတ်သီး၊ ရှည်လျားသောခြေထောက်နှင့် တိုတောင်းသည့်အမြီးများပိုင်ဆိုင်ထားပြီး ငှက်များနှင့် ပုံသဏ္ဌာန်ချင်းတူကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။



Eoneophron Infernalis ဒိုင်နိုဆောများသည် ယနေ့ခေတ် အမေရိကန်နိုင်ငံနေရာ၌ လွန်ခဲ့သောနှစ်ပေါင်း ၆၈ သန်းနှင့် ၆၆ သန်းကြားကာလ ခရီတေးရှီးယပ်စ်ဘူမိခေတ်နှောင်းပိုင်းတွင် ရှင်သန်ကျက်စားခဲ့ကြကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

Eoneophron Infernalis ဒိုင်နိုဆောများကို ယနေ့ခေတ် ငှက်များကဲ့သို့ပင် အမွေးအမှင်များ ဖုံးလွှမ်းထားကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

**Ref : Russia Today**
**Trs : KKO**

## နာဆာ၏ လပတ်အာကာသယာဉ်တစ်စင်းက လမျက်နှာပြင်ပေါ်ရှိ SLIM လဆင်းယာဉ်ကို ရှာဖွေတွေ့ရှိခဲ့

**ဝါရှင်တန် ဇန်နဝါရီ ၂၇**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ လပတ်အာကာသယာဉ်တစ်စင်းသည် လမျက်နှာပြင်ပေါ်ရှိ ဂျပန်၏ SLIM လဆင်းယာဉ်ကို ရှာဖွေတွေ့ရှိခဲ့ကြောင်း ဇန်နဝါရီ ၂၆ ရက် သတင်းများအရ သိရသည်။

ဂျပန် အာကာသအေဂျင်စီ၏ SLIM လဆင်းယာဉ်သည် ဇန်နဝါရီ ၁၉ ရက်က လမျက်နှာပြင်ပေါ်သို့ ဆင်းသက်နိုင်ခဲ့ရာ ဂျပန်နိုင်ငံသည် လပေါ်သို့ လဆင်းယာဉ် စေလွှတ်နိုင်ခဲ့သည့် ပဉ္စမမြောက် ကမ္ဘာ့နိုင်ငံ ဖြစ်လာခဲ့ရကြောင်း သိရသည်။

သို့ရာတွင် SLIM လဆင်းယာဉ်သည် လပေါ်သို့ဆင်းသက်စဉ် ပင်မဒုံးအင်ဂျင်တစ်လုံးချို့ယွင်းခဲ့မှုကြောင့် ပြောင်းပြန်အနေအထားဖြင့် ဆင်းသက်ခဲ့ရခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် နာဆာ၏ လကမ္ဘာကင်းထောက် အာကာသယာဉ် (LRO) သည် SLIM လဆင်းယာဉ်ကို ရှာဖွေတွေ့ရှိထားကြောင်း သိရသည်။

LRO အာကာသယာဉ်သည် လမျက်နှာပြင်ကို မိုင် ၅၀ အကွာဖြတ်သန်းစဉ် SLIM လဆင်းယာဉ်ကိုရှာဖွေတွေ့ရှိခဲ့ပြီး ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

LRO အာကာသယာဉ်က ရိုက်ကူးခဲ့သောဓာတ်ပုံထဲတွင် SLIM လဆင်းယာဉ်ကို ထင်ထင်ရှားရှားတွေ့နိုင်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## ကိုဗစ်ကူးစက်ခံရဖူးသည့်မိခင်က မွေးဖွားလာသော ကလေးများတွင် အသက်ရှူလမ်းကြောင်းရောဂါတစ်မျိုး ပေါ်ထွက်နိုင်

**နယူးယောက် ဇန်နဝါရီ ၂၇**

ကိုဗစ်ရောဂါ ကူးစက်ခံခဲ့ရဖူးသည့်မိခင်များက မွေးဖွားလာသော ကလေးများတွင် အသက်ရှူလမ်းကြောင်းရောဂါ ပုံစံတစ်မျိုးပေါ်ထွက်လာနိုင်ကြောင်း ဇန်နဝါရီ ၂၆ ရက် သတင်းများအရ သိရသည်။

အမိဝမ်းတွင်း၌ရှိနေစဉ် ကိုဗစ်ရောဂါနှင့်ထိတွေ့ခဲ့ရသည့် ကလေးများတွင် Respiratory Distress ခေါ် အသက်ရှူလမ်းကြောင်း ပြဿနာ တစ်မျိုးပေါ်လာနိုင်ခြေမှာ ပုံမှန်ထက် သုံးဆမြင့်မားကြောင်း အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

Respiratory Distress အသက်ရှူလမ်းကြောင်း ပြဿနာသည် သာမန်အားဖြင့် နေ့မစေ့လမစေ့ မွေးဖွားခဲ့သူ ကလေးများ၌ ဖြစ်ပွားတတ်သည့်ရောဂါဖြစ်ကြောင်း သိရသည်။

ကိုယ်ဝန်ဆောင်ကာလအတွင်း ကိုဗစ်ရောဂါဖြစ်ပွားခဲ့သူ မိခင်လောင်းများက မွေးဖွားလာသော ကလေးများတွင် Respiratory Distress ရောဂါဖြစ်ပွားနှုန်းမှာ ပုံမှန်မဟုတ် မြင့်တက်လာသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် မိခင်လောင်း ၂၂၁ ဦးတို့၏ ကျန်းမာရေးအချက်အလက်များကိုလေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## စိတ်သမာဓိတည်ဆောက်မှု လေ့ကျင့်ခန်းများက အူမကြီးရောင်ရမ်းမှုလက္ခဏာများကို လျော့ချနိုင်

**လန်ဒန် ဇန်နဝါရီ ၂၇**

စိတ်သမာဓိ တည်ဆောက်မှု လေ့ကျင့်ခန်းများသည် အူမကြီးရောင်ရမ်းမှုရောဂါလက္ခဏာများကို လျော့ချနိုင်ဖွယ်ရှိကြောင်း ဇန်နဝါရီ ၂၆ ရက် သတင်းများအရ သိရသည်။

စိတ်သမာဓိ တည်ဆောက်မှု လေ့ကျင့်ခန်းများသည် Crohn's Disease နှင့် Ulcerative Colitis ကဲ့သို့ အူမကြီးရောင်ရမ်းမှုရောဂါများ ခံစားနေရသူ လူနာများ၏ ရောင်ရမ်းမှုအတိုင်းအဆကို လျော့ချပေးနိုင်ကြောင်း ဗြိတိန်နိုင်ငံ ဘုရင့်ကောလိပ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

ဗြိတိန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ စိတ်အခြေအနေကို မြှင့်တင်ပေးသည့် ကုထုံးများသည် အူမကြီးရောင်ရမ်းမှုရောဂါလူနာများ၏ ရောင်ရမ်းမှုအတိုင်းအဆကို ၁၈ ရာခိုင်နှုန်းထိ လျော့ချပေးနိုင်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်သည် အူမကြီးရောင်ရမ်းမှုရောဂါများအတွက် ကုန်ကျစရိတ်နည်းပါး၍ ထိရောက်မှုရှိသည့်ကုထုံးသစ်ကို ကိုယ်စားပြုနေသည်ဟု သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

Crohn's Disease နှင့် Ulcerative Colitis ရောဂါများသည် ခုခံအားစနစ်ဖောက်ပြန်မှုရောဂါများဖြစ်ပြီး ၎င်းရောဂါများကြောင့် အစာခြေလမ်းကြောင်းစနစ် ရောင်ရမ်းလာတတ်ကြောင်း သိရသည်။

ဗြိတိန် သုတေသနပညာရှင်များသည် လူနာ ၁၇၈၉ ဦးပါဝင်သော လက်တွေ့စမ်းသပ်မှုပေါင်း ၂၈ ခုတို့၏ အချက်အလက်များကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**






## အေတီကိုအသင်းက အန်နဝ်ပ်ကစားသမား ဗာမဲရန်းကို ယူရို ၁၈ သန်းဖြင့်အပြီးသတ်ခေါ်ယူ

**မက်ဒရစ် ဇန်နဝါရီ ၂၇**

အေတီကိုအသင်းသည် မကြာမီ ရက်ပိုင်းအတွင်းက အန်နဝ်ပ်အသင်း ကွင်းလယ်ခံစစ်ကစားသမား ဗာမဲရန်းကိုခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့ပြီးနောက် ယခုအခါပြောင်းရွှေ့ကြေး ယူရို ၁၈ သန်းဖြင့်ခေါ်ယူ၍ ၂၀၃၀ ပြည့်နှစ်ထိကာလရှည်စာချုပ် ချုပ်ဆိုခဲ့ကြောင်း သိရသည်။

အသက် ၁၈ နှစ်ရှိ လူငယ်ကစားသမား ဗာမဲရန်းသည် ၂၀၂၂ ခုနှစ် ဇူလိုင်လက အန်နဝ်ပ်အသင်းသို့ ရောက်ရှိခဲ့ပြီးနောက် အသင်းတွင် ကစားခဲ့သည့် ဘောလုံးရာသီနှစ်ရာသီအတွင်း ခြေစွမ်းပြကစားနိုင်ခဲ့သဖြင့် ဥရောပထိပ်သီးကလပ်များ၏ စိတ်ဝင်စားမှုကိုခံခဲ့ရပြီး ဘာစီလိုနာအသင်းက ၎င်းတို့လူငယ်အကယ်ဒမီကစားသမားကို ပြန်လည်ခေါ်ယူရန် ကြိုးပမ်းခဲ့သော်လည်း ကစားသမားကိုယ်တိုင်က အေတီကိုအသင်း၏ကမ်းလှမ်းမှုကိုသာလက်ခံခဲ့ပြီး ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။

ဗာမဲရန်းသည် အေတီကိုအသင်းနှင့် ခြောက်နှစ်ခွဲစာချုပ်ချုပ်ဆိုခဲ့ပြီး ပြောင်းရွှေ့ကြေးအပြင် ၎င်း၏ခြေစွမ်းပိုင်းပေါ် မူတည်ကာ အပိုဆုကြေး ငါးသန်းလည်းထပ်မံရရှိမည်ဖြစ်သကဲ့သို့ အေတီကိုအသင်းတွင် ကျောနံပါတ် ၁၈ ကို ဝတ်ဆင်ကစားမည်ဖြစ်သည်။

ဗာမဲရန်းက "ကျွန်တော် အေတီကိုအသင်းမှာ ကာလရှည်ကစားဖို့ စိတ်ကူးထားပါတယ်။ အေတီကိုအသင်းဟာ အောင်မြင်တဲ့အသင်းကြီး တစ်သင်းဖြစ်တာကြောင့် အခုလို ပြောင်းရွှေ့ခွင့်ရတာကို အရမ်းပျော်မိပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**




## စပါးအသင်းကိုအနိုင်ယူ၍ အက်ဖ်အေဖလား ပဥ္စမအဆင့်သို့ မန်စီးတီးအသင်းတက်ရောက်




**မန်ချက်စတာ ဇန်နဝါရီ ၂၇**

စပါးအသင်းနှင့် မန်စီးတီးအသင်းတို့ကစားခဲ့သည့် အက်ဖ်အေဖလား စတုတ္ထအဆင့်တွင် မန်စီးတီးအသင်းက စပါးအသင်းကို ခံစစ်ကစားသမားအကေ၏နောက်ကျသွင်းဂိုးဖြင့်အနိုင်ယူ၍ ပဥ္စမအဆင့်သို့ တက်ရောက်ခဲ့သည်။

ယင်းပွဲစဉ်တွင် စပါးအသင်းက အဓိက ကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာခဲ့သော်လည်း မန်စီးတီးအသင်းက အရန်ကစားသမားများကို အသုံးပြုခဲ့ပြီး ပွဲစကတည်းက စပါးအသင်းကို ဖိအားပေးကစားနိုင်ခဲ့ရာ ပွဲချိန် ခုနစ်မိနစ်တွင် မန်စီးတီးအသင်းက ဦးဆောင်ဂိုးရခဲ့သော်လည်း VAR ဖြင့် ပယ်ဖျက်ခဲ့သောကြောင့် ပထမပိုင်းတွင် ဂိုးမရှိသရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

ဒုတိယပိုင်းတွင် မန်စီးတီးအသင်းက ဒိုကူနှင့် ဒီဘရိုင်းတို့ကို ထည့်သွင်းခဲ့ရာ တိုက်စစ်ကစားအားကောင်းလာခဲ့သဖြင့် ပွဲချိန် ၆၇ မိနစ်၊ ၈၁ မိနစ်နှင့် ၈၃ မိနစ်တို့တွင် ဂိုးပေါက်ကန်သွင်းမှုများရရှိခဲ့သော်လည်း ဂိုးအဖြစ်မပြောင်းလဲနိုင်ခဲ့ဘဲ စပါးအသင်းက တန်ပြန်တိုက်စစ်ဖြင့် ပြန်လည်တုံ့ပြန်ခဲ့ရာ ပွဲချိန် ၈၈ မိနစ်တွင် အကေက မန်စီးတီးအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးနိုင်ခဲ့ရာ တစ်ဂိုးဂိုးမရှိဖြင့်အနိုင်ရခဲ့ပြီး နောက်တစ်ဆင့်သို့ တက်ရောက်ခဲ့သည်။

စတုတ္ထအဆင့် အခြားပွဲစဉ်များတွင် ချဲလ်ဆီးအသင်းနှင့် အေဗီလာအသင်းတို့က ဂိုးမရှိသရေဘရစ္စတိုးနှင့် နော့တင်ဟမ်အသင်းက ဂိုးမရှိသရေနှင့် ရှက်ဖီးလ်(W)နှင့် ကိုဗင်ထရီအသင်းတို့က တစ်ဂိုးစီသရေ ရလဒ် ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**

## VAR ဆုံးဖြတ်ချက်အမှားကြောင့် အန်ဒါလက်ချ်နှင့် ဂျန့်အသင်းတို့ပွဲစဉ်ကို ပြန်လည်ကစားရန်ဆုံးဖြတ်

**ဘရပ်ဆဲလ် ဇန်နဝါရီ ၂၇**

၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်က ကစားခဲ့သည့် အန်ဒါလက်ချ်အသင်းနှင့်ဂျန့်အသင်းတို့အမှတ်ပေးပွဲစဉ်တွင် VAR ဆုံးဖြတ်ချက်မှ အငြင်းပွားဖွယ်ရာ ဖြစ်ရပ်ကြောင့် အဆိုပါပွဲစဉ်ကို ပြန်လည်ကစားရန် ဘယ်လ်ဂျီယံ ဒိုင်အဖွဲ့ချုပ်က ဆုံးဖြတ်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် အန်ဒါလက်ချ်အသင်းက ဂျန့်အသင်းကို နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့သော်လည်း ပွဲကစားချိန် ၂၃ မိနစ်တွင် ဂျန့်အသင်းရရှိသည့် ပင်နယ်တီကို ကွင်းလယ်ကစားသမား ဟောနန်က ကန်သွင်းယူခဲ့ရာ အန်ဒါလက်ချ်ဂိုးသမား ပီတာရှမိုက်ကယ်က ကာကွယ်မှုပြုလုပ်နိုင်ခဲ့သော်လည်း ဟောနန် ပင်နယ်တီကန်သွင်းချိန်တွင် အသင်းဖော်ကစားသမားဆောနှင့် အန်ဒါလက်ချ်အသင်းကစားသမားနှစ်ဦး ပင်နယ်တီဧရိယာအတွင်းရောက်ရှိနေခဲ့သဖြင့် VAR ဒိုင်က အဆိုပါသွင်းဂိုးကိုပြန်လည်ကန်သွင်းယူရန် အကြံပြုခဲ့သော်လည်း ကွင်းလယ်ဒိုင်က ပြစ်ဒဏ်ဘောကန်သွင်းခွင့်သာခွင့်ပြုခဲ့သည်။

ပြိုင်ပွဲ၏ဥပဒေအရ ကွင်းလယ်ဒိုင်အနေဖြင့် ဂျန့်အသင်းကို ပင်နယ်တီ ပြန်ကန်ခွင့်ပြုရမည်ဖြစ်သော်လည်း အန်ဒါလက်ချ်အသင်းကို ပြစ်ဒဏ်ဘောသာသတ်မှတ်ခဲ့သောကြောင့် ဂျန့်အသင်းတာဝန်ရှိသူများက ယင်းဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိသဖြင့် ဘယ်လ်ဂျီယံဘောလုံးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးကောင်စီထံ အယူခံတင်သွင်းခဲ့သည်။

ဘယ်လ်ဂျီယံ ပရော်ဖက်ရှင်နယ်ဒိုင်အဖွဲ့ချုပ်သည် ကနဦးက ယင်းပြိုင်ပွဲကို ပြန်လည်ကစားခြင်း မပြုရန် ဆုံးဖြတ်ခဲ့သော်လည်း စည်းကမ်းထိန်းသိမ်းရေးကောင်စီက ကွင်းလယ်ဒိုင်၏ ဘောလုံးဥပဒေသအပေါ် နားလည်မှုလွဲခဲ့ခြင်းကြောင့် အဆိုပါပင်နယ်တီမှာ မေးခွန်းထုတ်စရာဖြစ်ခဲ့၍ ယင်းပွဲစဉ်ကိုပြန်လည်ကစားရန်ဆုံးဖြတ်ခဲ့ပြီး မကြာမီ ကစားမည့်ရက်ကိုပြန်လည်ထုတ်ပြန်မည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**

## ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ လက်ရှိချန်ပီယံဆုကို ဘီလာရုစ်တင်းနစ်မယ် ဆာဘာလင်ကာ ကာကွယ်နိုင်ခဲ့

**မဲလ်ဘုန်း ဇန်နဝါရီ ၂၇**

ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင်ကျင်းပသွားခဲ့သည့် ဩစတြေးလျအိုးပင်း အမျိုးသမီးတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ဘီလာရုစ်တင်းနစ်မယ် ဆာဘာလင်ကာနှင့်တရုတ်တင်းနစ်မယ် ကွင်းဝမ်ကျန်တို့ယှဉ်ပြိုင်ကစားခဲ့ရာ ဆာဘာလင်ကာက(၆-၃၊ ၆-၂)ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဆာဘာလင်ကာသည် လက်ရှိချန်ပီယံအနေဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပြီး လက်ရှိချန်ပီယံဆုကိုလည်း အကောင်းဆုံးပုံစံဖြင့် ကာကွယ်နိုင်ခဲ့ခြင်းဖြစ်သည်။

ဆာဘာလင်ကာသည် ကစားသမားဘဝ သက်တမ်းတစ်လျှောက် ဒုတိယမြောက် ဂရန်းစလန်းဆုဖလားကိုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး ပွဲကစားချိန်မှာ ၇၆ မိနစ်သာကြာမြင့်ခဲ့ကာ ပြိုင်ပွဲတစ်လျှောက် ပွဲငယ်တစ်ပွဲမျှ ရှုံးနိမ့်ခဲ့ခြင်းမရှိဘဲ ချန်ပီယံဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၃ ခုနှစ် ဘီလာရုစ်တင်းနစ်မယ် တစ်ဦးပင်ဖြစ်သည့် အဇာရင်ခါ နောက်ပိုင်းပွဲငယ်ရှုံးပွဲမရှိဘဲ ချန်ပီယံဆုကိုဆွတ်ခူးနိုင်ခဲ့သည့်ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ကွင်းဝမ်ကျန်အနေဖြင့် ကစားသမားဘဝ သက်တမ်းတစ်လျှောက် ဂရန်းစလန်း တင်းနစ်ပြိုင်ပွဲ၏ ဗိုလ်လုပွဲစဉ်အဆင့်သို့ ပထမဦးဆုံးအကြိမ် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ဆာဘာလင်ကာသည် ၂၀၂၃ ခုနှစ် တင်းနစ်ရာသီတွင် ကမ္ဘာ့အဆင့်(၁)နေရာဖြင့် အဆုံးသတ်ခွင့်ရရှိရန် နီးစပ်ခဲ့သော်လည်း ရာသီပိတ်ခါနီးတွင် ရလဒ်ကျဆင်းခဲ့ခြင်းကြောင့် စဝီယာတက်ခ်က ကမ္ဘာ့အဆင့်(၁)နေရာဖြင့် အဆုံးသတ်ခွင့်ရရှိခဲ့သည်။

ဆာဘာလင်ကာသည် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ပြီးနောက် ကမ္ဘာ့အဆင့်(၁)နေရာတွင် ရပ်တည်နေသည့် စဝီယာတက်ခ်၏ နေရာကိုစိန်ခေါ်လာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။



**Ref : RT**
**Trs : AZL**

### အားကစားသတင်း အတိုအထွာများ

- နာပိုလီအသင်းဥက္ကဋ္ဌ ဒီလော်ရန်တစ်က တိုက်စစ်မှူးအိုစီမန်အနေဖြင့် ယခုနှစ်ဘောလုံးရာသီအကုန်တွင် အသင်းမှထွက်ခွာမည်ဖြစ်သကဲ့သို့ မိမိတို့အသင်းအနေဖြင့် နည်းပြမော်ရင်ဟိုကိုခန့်အပ်ရန် ကမ်းလှမ်းမှုမရှိခဲ့ကြောင်း တရားဝင်ထုတ်ပြန်ခဲ့သည်။
- နယူးကာဆယ်အသင်းက ဇန်နဝါရီအပြောင်းအရွှေ့မပိတ်သိမ်းမီ ပြောင်းရွှေ့ကြေး ယူရို ၁၈ သန်းဖြင့်ရောင်းချရန် ပြင်ဆင်နေသည့် တိုက်စစ်မှူးဝယ်လ်ဆင်ကို အာဆင်နယ်၊ ချဲလ်ဆီးနှင့် မန်ယူအသင်းတို့ကခေါ်ယူရန် အပြိုင်ကြိုးပမ်းလျက်ရှိသည်။

ML

### ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၁၉) ရလဒ်

| | | | | |
|---|---|---|---|---|
| အော့စ်ဘတ် | ၂ | - | ၃ | ဘိုင်ယန်မြူးနစ် |
| ဟော်ဖန်ဟိမ်း | ၁ | - | ၁ | ဟိုဒန်ဟိမ်း |
| စတုဂတ် | ၅ | - | ၂ | လိုက်ပ်ဇစ် |
| ဝါဒါဘရီမင် | ၃ | - | ၁ | ဖရိုင်းဘတ် |
| ဝုဖ်ဘတ် | ၁ | - | ၁ | ကိုလုံး |

(၀၄၀)

# ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားအမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၇**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘတ်စကက်ဘော အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားအမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့နံနက် ၈ နာရီမှစတင်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားရုံ(C)၌ ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား၊အမျိုးသမီးဘတ်စကက်ဘောပြိုင်ပွဲ အမျိုးသားအုပ်စုပွဲစဉ်များတွင် ပဲခူးတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို ရမှတ် (၆၆)မှတ်၊ (၃၆) မှတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို ရမှတ်(၆၅) မှတ်၊ (၆၀)မှတ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီး အသင်းကို ရမှတ်(၈၇)မှတ်၊ (၂၄)မှတ်ဖြင့်လည်းကောင်း၊ အမျိုးသမီးအုပ်စုပွဲစဉ်များအဖြစ် စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို ရမှတ်(၇၁)မှတ်၊ (၁၇)မှတ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီး အသင်းကို ရမှတ်(၅၂)မှတ်၊ (၂၅)မှတ်ဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို ရမှတ်(၆၃)မှတ်၊ (၃၉) မှတ်ဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ကြသည်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား၊အမျိုးသမီးဘတ်စကက်ဘောပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဇန်နဝါရီ ၂၈ရက် နံနက် ၈ နာရီမှ စတင်ပြီး အမျိုးသားပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ကရင်ပြည်နယ်အသင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်း၊ အမျိုးသမီးပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ကရင်ပြည်နယ်အသင်း၊ ရှမ်းပြည်နယ်အသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**STA**

# Farmers Insurance Open ပြိုင်ပွဲ အမှတ်ပေးဇယားကို စတီဖင်ဂျက်ဂါ ဆက်လက်ဦးဆောင်

**ဆန်ဒီယေဂို ဇန်နဝါရီ ၂၇**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဒီယေဂိုမြို့တွင် ကျင်းပနေသည့် Farmers Insurance Open ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့အပြီးတွင် ဂျာမနီ ဂေါက်သီးရိုက်ကစားသမားစတီဖင်ဂျက်ဂါက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၁ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဒိန်းမတ်ဂေါက်သီးရိုက်ကစားသမားဟော့ဂတ်နှင့် ပြင်သစ်ဂေါက်သီးရိုက်ကစားသမား ပါဗွန်တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့သည်။

ဘယ်လ်ဂျီယံ ဂေါက်သီးရိုက်ကစားသမားဒက်ထရိုင်းက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ကိုးချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်သွားနိုင်ခဲ့သည်။

ပြိုင်ပွဲဝင်များသည် တတိယနေ့တွင် ရလဒ်ပိုင်းကျဆင်းခဲ့ကြပြီး စတီဖင်ဂျက်ဂါသည် တတိယနေ့တွင် သတ်မှတ်ရိုက်ချက်ထက် တစ်ချက်ပိုရိုက်ခဲ့သော်လည်း ဒုတိယနေ့မှရလဒ်ကြောင့် တတိယနေ့အပြီးတွင် အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်ထားနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

စတီဖင်ဂျက်ဂါက "ကျွန်တော့်အနေနဲ့ ပြီးခဲ့တဲ့နှစ်တွေမှာအောင်မြင်မှုတွေရခဲ့တယ်။ ဒါပေမဲ့လဲ PGA Tour မှာ မဟုတ်ဘူး။ ဒါကြောင့် PGA Tour မှာ ပထမဦးဆုံးသောဆုဖလားကိုဆွတ်ခူးနိုင်ဖို့ ပစ်မှတ်ထားနေပါတယ်။ ဒုတိယနေ့ထိ ရလဒ်ကောင်းမွန်ခဲ့ပေမဲ့လဲ တတိယနေ့မှာ ရလဒ်ပိုင်းကျဆင်းခဲ့ရတယ်။ ကံကောင်းတာကအားလုံးနီးပါး ရလဒ်ကျဆင်းခဲ့တဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့အမှတ်ပေးဇယားထိပ်မှာ ဆက်လက်ရပ်တည်ခွင့်ရခဲ့တယ်။ နောက်ဆုံးနေ့မှာတော့ ရလဒ်ကောင်းတွေရအောင် အတတ်နိုင်ဆုံးကြိုးစားသွားမယ်။ ပွဲအပေါ်မှာလဲ သေချာအာရုံစိုက်သွားမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။**Ref : RT**

**Trs : AZL**

# ပြောင်းရွှေ့ကြေးအသုံးစရိတ်အခက်အခဲကြောင့် ဇန်နဝါရီကစားသမားအပြောင်းအရွှေ့ကာလတွင် ကစားသမားသစ်ခေါ်ယူရန်အစီအစဉ်မရှိဟု နည်းပြတန်ဟတ်အတည်ပြု

**မန်ချက်စတာ ဇန်နဝါရီ ၂၇**

မန်ယူအသင်းနည်းပြတန်ဟတ်က လက်ရှိ ဇန်နဝါရီကစားသမားအပြောင်းအရွှေ့ ကာလတွင် ပြောင်းရွှေ့ကြေး အသုံးစရိတ်အခက်အခဲကြောင့် ကစားသမားသစ်ခေါ်ယူ အင်အားဖြည့်တင်းရန် အစီအစဉ်မရှိဟု အတည်ပြုခဲ့ကြောင်း သိရသည်။



မန်ယူအသင်းကို ဗြိတိန်ဘီလျံနာ ရက်ကလစ်က အသင်းရှယ်ယာ ၂၅ ရာခိုင်နှုန်းကိုဝယ်ခဲ့ပြီးနောက် အသင်းကို အပြောင်းအလဲများစွာ ပြုလုပ်လျက်ရှိနေသော်လည်း လက်ရှိအချိန်တွင်ပြောင်းရွှေ့ကြေးအသုံးစရိတ်အတွက် ခက်ခဲနေသည့် အခြေအနေများကြောင့် ကစားသမားခေါ်ယူမှု မပြုလုပ်နိုင်ခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းပူးတွဲပိုင်ရှင်ဖြစ်လာခဲ့သည့် ရက်ကလစ်က ကစားသမားခေါ်ယူရန်ထက် လာမည့်နွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင် ကစားသမားသစ်ခေါ်ယူအင်အား ဖြည့်တင်းရန်အတွက် အသင်းမှကစားသမားအချို့ကို ဦးစွာရောင်းချရန်စီစဉ်နေပြီး ကစားသမားအချို့ရောင်းချပြီးမှသာ ကစားသမားသစ်အင်အားဖြည့်တင်းရန် စီစဉ်ထားခြင်းဖြစ်သည်။

လက်ရှိ မန်ယူအသင်းအထောင်တိုက်စစ်ပိုင်းတွင် ဟိုက်လန်းနှင့်မာရှယ်တို့နှစ်ဦးသာရှိနေပြီး မာရှယ်အနေဖြင့်လည်း ပေါင်ခြံဒဏ်ရာခွဲစိတ်ကုသမှု ပြုလုပ်ထားသည့်အတွက် ဟိုက်လန်းတစ်ဦးတည်းသာရှိနေသောကြောင့် နည်းပြတန်ဟတ်က လက်ရှိ ဇန်နဝါရီ အပြောင်းအရွှေ့ ကာလတွင် တိုက်စစ်ကစားသမားတစ်ဦးခေါ်ယူလိုနေသော်လည်း အသင်းမှကစားသမားများကို ရောင်းချနိုင်ခြင်းမရှိသည့်အတွက် ကစားသမားသစ်ခေါ်ယူမည်ဆိုပါက အသင်းဘဏ္ဍာရေးစည်းမျဉ်းနှင့် ငြိစွန်းနိုင်သည့် အခြေအနေများကြောင့် ကစားသမားသစ်ခေါ်ယူရန် အစီအစဉ်ကို လက်လွှတ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**Ref : RT**

**Trs : STA**

# လီဗာပူးအသင်းနည်းပြသစ်အဖြစ် ဘရိုက်တန်အသင်းနည်းပြဒီဇာဘီ ထိပ်ဆုံးမှရေပန်းစားနေ

**လန်ဒန် ဇန်နဝါရီ ၂၇**

ယခုနှစ်ဘောလုံးရာသီအကုန်တွင် လီဗာပူးအသင်းမှ နည်းပြကလော့ပ်ထွက်ခွာမည်ဟု အတည်ပြုခဲ့ပြီးနောက် နည်းပြသစ်အဖြစ် ရေပန်းစားမှုတွင် လက်ရှိဘရိုက်တန်အသင်းနည်းပြ ဒီဇာဘီက ထိပ်ဆုံးမှ ရေပန်းစားလျက်ရှိနေကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်က လီဗာပူးအသင်းကို စတင်တာဝန်ယူကိုင်တွယ်ခဲ့ပြီး ဆုဖလားများစွာ ဆွတ်ခူးပေးနိုင်ခဲ့သည့် နည်းပြကလော့ပ်သည် ယခုနှစ်ဘောလုံးရာသီအကုန်တွင် လီဗာပူးအသင်းမှ ထွက်ခွာမည်ဟု အတည်ပြုခဲ့ပြီးနောက် လီဗာပူးအသင်းကလည်း နည်းပြသစ်နေရာအတွက် လက်ရှိအချိန်ကတည်းက စတင်ကြိုးပမ်းရှာဖွေနေပြီဖြစ်သည်။

အစောပိုင်းက လီဗာပူးအသင်းနည်းပြသစ်အဖြစ် ကစားသမားဟောင်းတစ်ဦးဖြစ်သည့် လေဗာကူဆင်အသင်း နည်းပြ ဇာဘီ အလွန်ဆိုက ရေပန်းစားနေသော်လည်း အလွန်ဆိုကိုယ်တိုင်က လေဗာကူဆင်အသင်းမှ ထွက်ခွာရန်အစီအစဉ်မရှိဟု ပြောကြားခဲ့ပြီးနောက် ဒီဇာဘီက ထိပ်ဆုံးမှ ရေပန်းစားနေခြင်းဖြစ်သည်။

လီဗာပူးအသင်းက အစောပိုင်းက လစ်လပ်နေသည့်နည်းပြရာထူးအတွက် ကစားသမားဟောင်းတစ်ဦးဖြစ်သည့် လက်ရှိအယ်အီတီဖက်အသင်းနည်းပြ ဂျာရတ်ကို ပစ်မှတ်ထားခဲ့သော်လည်း ဂျာရတ်က ပြီးခဲ့သည့်ရက်ပိုင်းက အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆိုထားသည့်အတွက် ခက်ခဲနိုင်သည့် အခြေအနေများကြောင့် ဒီဇာဘီကိုသာ ပစ်မှတ်ထားနေခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : STA**

# WBO စူပါဝယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲစဉ်အဖြစ် တင်မ်တီဇူနှင့် ကိတ်သာမန်းတို့ မတ် ၃၀ ရက်တွင် ယှဉ်ပြိုင်ထိုးသတ်သွားမည်

**လက်စ်ဗီးဂတ် ဇန်နဝါရီ ၂၇**

WBO စူပါဝယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲစဉ်အဖြစ် ဩစတြေးလျလက်ဝှေ့သမား တင်မ်တီဇူနှင့် အမေရိကန်လက်ဝှေ့သမား ကိတ်သာမန်းတို့ မတ် ၃၀ ရက်တွင် အမေရိကန်နိုင်ငံ လက်စ်ဗီးဂတ်မြို့တွင် ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်ကြောင်း WBO အဖွဲ့ချုပ်က ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

တင်မ်တီဇူသည် လက်ရှိ WBO လိုက်မစ်ဒယ်ဝိတ်တန်း၏ ကမ္ဘာ့ချန်ပီယံတစ်ဦးဖြစ်ပြီး ကိတ်သာမန်းနှင့် WBO စူပါဝယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်အတွက် ထိုးသတ်သွားရမည်ဖြစ်၍ ဝိတ်တန်းညှိရမည်ဖြစ်သော်လည်း ဝယ်သာဝိတ်တန်းတွင် ထိုးသတ်နေသည့် ကိတ်သာမန်းနှင့် လိုက်မစ်ဒယ်ဝိတ်တန်းတွင် ထိုးသတ်နေသည့် ကစားသမားနှစ်ဦးကြား ဝိတ်တန်းညှိရေးနှင့်ပတ်သက်ပြီး ဆွေးနွေးမှုပြုလုပ်ခဲ့ရာ နှစ်ဦးသဘောတူ Catchweight အနေဖြင့်သာ ထိုးသတ်သွားရန် သဘောတူညီချက်ရရှိခဲ့သည်။

တင်မ်တီဇူနှင့် ကိတ်သာမန်းတို့ပွဲစဉ်တွင် တင်မ်တီဇူကအနိုင်ရရှိရန် တစ်ဖက်သတ် ရေပန်းစားနေပြီး တင်မ်တီဇူအနေဖြင့် မတူညီသောဝိတ်တန်းနှစ်ခုတွင် ကမ္ဘာ့ချန်ပီယံခါးပတ်ကို ဆွတ်ခူးနိုင်ရေးအတွက်လည်း ပြင်ဆင်မှုများပြုလုပ်ထားကြောင်း ထုတ်ပြန်ထားသည်။

အသက် ၂၉ နှစ်အရွယ် တင်မ်တီဇူနှင့် အသက် ၃၅ နှစ်အရွယ် ကိတ်သာမန်းတို့အကြား အသက်အရွယ် ကွာဟမှုရှိနေပြီး အတွေ့အကြုံပိုင်းအရ ကိတ်သာမန်းက သာလွန်သော်လည်း တင်မ်တီဇူက ငယ်ဂုဏ်ရှိသကဲ့သို့ ရှုံးပွဲမရှိသေးသည့် လက်ဝှေ့သမားတစ်ဦးလည်းဖြစ်သည်။

ကိတ်သာမန်းသည်လည်း ရှုံးပွဲတစ်ပွဲသာရှိထားသည့် လက်ဝှေ့သမားတစ်ဦးဖြစ်ပြီး ၎င်းအနေဖြင့် နည်းစနစ်ပိုင်းကြောင့် တင်မ်တီဇူကို ရှုံးနိမ့်ဖွယ်ရှိနေခြင်းဖြစ်ကြောင်း သုံးသပ်ချက်ထွက်ပေါ်လျက်ရှိသည်။

**Ref : Xinhua**

**Trs : AZL**

**အင်္ဂလန်အက်ဖ်အေဖလားပွဲစဉ် ရလဒ်**

| | | | | |
|---|---|---|---|---|
| အဲဗာတန် | ၁ | - | ၂ | လူတန် |
| လီဒ် | ၁ | - | ၁ | ပလိုင်းမောက် |
| လက်စတာ | ၃ | - | ၀ | ဘာမင်ဂမ် |
| ရှက်ဖီးလ်(U) | ၂ | - | ၅ | ဘရိုက်တန် |

(၀၄၀)

# ဆရာကြီးဦးကိုလေး(ဗေယျာမောင်) သို့မဟုတ် မန္တလေးတက္ကသိုလ် မီးရှူးတန်ဆောင်



ဆရာကြီးဦးကိုလေး (ဗေယျာမောင်)

၁၉၉၂ ခုနှစ်၏ တစ်နေ့သောနံနက်ခင်းတွင်ဖြစ်သည်။ နေ့လယ်စာစားသောက်ပြီးနောက် စာရေးသူတို့ရုံးခန်းထဲသို့ ပညာရေးသုတေသနအရာရှိ ဆရာကြီး ဒေါက်တာမင်းလှအောင်ကြီး ဝင်လာသည်။ ဆရာကြီးက ဆိုင်းမဆင့်ဗုံမဆင့် "ကျွန်တော်ကမ္ဘာအေးဘုရားပါမောက္ခဆောင်သွားမလို့ ခင်ဗျားလိုက်မလား။ ဆရာကြီး ဦးကိုလေး(ဗေယျာမောင်) ဘာသာပြန်ထားတဲ့ မြတ်ဗုဒ္ဓဒေသနာစာအုပ်လိုချင်လို့"ဟုဆိုကာ စာရေးသူကို လာခေါ်သည်။ စာရေးသူကလည်း လိုက်ပါမည်ဟုပြောလိုက်ပြီး ရုံးကကားနှင့် ဆရာကြီးဦးကိုလေး(ဗေယျာမောင်)ဆီ သွားကြသည်။

ဆရာကြီးဦးကိုလေး(ဗေယျာမောင်)ဆီ ရောက်သောအခါ ဆရာကြီး ဒေါက်တာမင်းလှအောင်ကြီးက သူကိုယ်တိုင် အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုထားသော ပဋ္ဌာန်းဒေသနာတော်စာအုပ်မူကြမ်းကို ပြသသည်။ ထို့နောက် လိုအပ်သလို ပြုပြင်တည်းဖြတ်ပေးရန်ကိုလည်း မေတ္တာရပ်ခံသည်။ ဆရာကြီးဦးကိုလေး(ဗေယျာမောင်)က လိုလိုလားလား လက်ခံသည်။

စာရေးသူကလည်း အခွင့်အရေးရတုန်း ဆရာကြီးရေးသော "မြတ်ဗုဒ္ဓဒေသနာစာအုပ် လိုချင်လို့ပါ"ဟု ပြောရသည်။ ဆရာကြီးက ကြည်ကြည်ဖြူဖြူနှင့် သူ့ဘေးစာအုပ်စင်မှ စာအုပ်နှစ်အုပ်ကိုယူပြီး စာရေးသူတို့ကို သူ့စာအုပ်တွင် လက်မှတ်ရေးထိုးပေးသည်။ စာရေးသူ၏ ဓမ္မဒါနမေတ္တာလက်ဆောင်ဟူ၍ ရေးထားသည်။ ဆရာကြီး ဒေါက်တာ မင်းလှအောင်ကြီးနှင့် စာရေးသူတို့ ဆရာကြီးဦးကိုလေး(ဗေယျာမောင်)ကို လက်အုပ်ချီကန်တော့ကာ နှုတ်ဆက်ပြီး ပြန်ခဲ့ကြသည်။

ဆရာကြီး ဦးကိုလေး (ဗေယျာမောင်) သည် တစ်ခေတ်တစ်ယောက် ထွန်းတောက်ခဲ့သော ပညာရှိသူတော်ကောင်းတစ်ယောက်ဆိုလျှင်လည်း မှားမည်မဟုတ်ပါ။ ဆရာကြီးသည် မန္တလေးတက္ကသိုလ်ကို စတင်တည်ထောင်သော ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်သည်။ ဆရာကြီး၏ ရာပြည့်အထိမ်းအမှတ်စာအုပ်ကို မန္တလေးတက္ကသိုလ်က ဦးစီးထုတ်ဝေခဲ့သည်ကိုလည်း အမှတ်တရရှိနေသည်။ လေးစားဖွယ်ကောင်းသော ဆရာကြီးဦးကိုလေး(ဗေယျာမောင်)၏ အတ္ထုပ္ပတ္တိကို ဗဟုသုတရရှိစေရန် ရေးသားဖော်ပြလိုက်ပါသည်။

ဆရာကြီးဦးကိုလေး(ဗေယျာမောင်)ကို ၁၉၁၃ ခုနှစ် ဩဂုတ် ၂၃ ရက်တွင် စစ်ကိုင်းမြို့၌ အဘဦးဘကောင်း၊ အမိ ဒေါ်တင်တို့က မွေးဖွားသည်။

ဆရာကြီးသည် စစ်ကိုင်းမြို့ အစိုးရအထက်တန်းကျောင်း၊ မန္တလေးမြို့ ဥပစာကောလိပ်နှင့် ရန်ကုန်တက္ကသိုလ်တို့တွင် ပညာသင်ယူခဲ့သည်။ ၁၉၃၄ ခုနှစ်တွင် ဓာတုဗေဒဂုဏ်ထူးဖြင့် B.Sc ဘွဲ့ရသည်။ ၁၉၃၆ ခုနှစ်မှ ၁၉၄၂ ခုနှစ်ထိ အစိုးရပညာတော်သင်အဖြစ် လန်ဒန်တက္ကသိုလ်တွင် ပညာဆည်းပူးခဲ့ရာ M.Sc (London), A.I.C, D.I.C ဘွဲ့များရခဲ့သည်။ ၁၉၅၀ ပြည့်နှစ်နှင့် ၁၉၅၆ ခုနှစ်တွင် အမေရိကန်နိုင်ငံ ကော်နဲတက္ကသိုလ်နှင့် ကိုလံဘီယာတက္ကသိုလ်တို့တွင် တက္ကသိုလ်များ အုပ်ချုပ်ရေးဘာသာရပ်များအတွက် ဘွဲ့လွန်သင်တန်းများ တက်ခဲ့သည်။

ဆရာကြီးဦးကိုလေး(ဗေယျာမောင်)၏ ဝန်ထမ်းဘဝ မှတ်တမ်းမှာ-

- ၁၉၃၄-၁၉၃၆ ရန်ကုန်တက္ကသိုလ်၊ ဓာတုဗေဒဌာန၊ နည်းပြ
- ၁၉၄၁-၁၉၄၂ မန္တလေး စိုက်ပျိုးရေးကောလိပ်၊ ကထိက
- ၁၉၄၂-၁၉၄၅ မန္တလေးစိုက်ပျိုးရေးဌာန ဓာတုဗေဒမဟာပညာကျော်
- ၁၉၄၅-၁၉၄၆ အထက်မြန်မာပြည် ပြန်ကြားရေးနှင့် သတင်းဖြန့်ချိရေး အရာရှိ
- ၁၉၄၆-၁၉၄၇ ရန်ကုန်တက္ကသိုလ်၊ ဓာတုဗေဒဌာန၊ ကထိက
- ၁၉၄၇-၁၉၄၈ မန္တလေးဥပစာကောလိပ်၊ ကျောင်းအုပ်ကြီး
- ၁၉၄၈-၁၉၅၈ မန္တလေး ယူနီဗာစီတီကောလိပ်၊ ကျောင်းအုပ်ကြီး
- ၁၉၅၈-၁၉၆၀ မန္တလေးတက္ကသိုလ်၏ ဒုတိယအဓိပတိတို့ဖြစ်သည်။

ဆရာကြီးသည် ၁၉၆၀ ပြည့်နှစ် မတ် ၁၇ ရက်တွင် အငြိမ်းစားယူသည်။ အငြိမ်းစားယူပြီးနောက် ပြင်ဦးလွင်တွင် ခြံလုပ်ငန်းများလုပ်ကိုင်လျက် စာပေများ ရေးသားခဲ့သည်။

ဆရာကြီးသည် အထက်တန်းကျောင်းသားဘဝကတည်းက စာပေကိုဝါသနာပါခဲ့သူ ဖြစ်သည်။ အထက်တန်းအဆင့် တက်နေစဉ်မှာပင် ဝတ္ထု၊ ကဗျာ၊ ဆောင်းပါးများ ရေးသားခဲ့သည်။ ဆရာကြီးရေးသားခဲ့သော စာစောင်များမှာ သူရိယ၊ စာပေလောက၊ ဗိုလ်ခေတ်မဂ္ဂဇင်းတို့ဖြစ်သည်။ ကလောင်အမည်များမှာ မျိုးချစ်မောင်၊ သိပ္ပံမောင်၊ ဗေယျာမောင် အမည်များဖြစ်သည်။

ဆရာကြီးဦးကိုလေး(ဗေယျာမောင်) ၏ ထင်ရှားသောစာအုပ်စာတမ်းများမှာ-

- မြန်မာပြည်လူဦးရေပြဿနာ(၁၉၃၉) ဦးကံကြီးနှင့်တွဲဖက်ရေးသည်။
- စက္ကူဖြူဖြူဇာတ်(၁၉၄၅)
- သိပေါမင်းနှင့်နယူးယောက်တိုင်း(မ်)သတင်းစာ
- လီနင်ဂရက်မြို့ကြီးကို ရန်သူဝိုင်းထားစဉ်က ရက်ပေါင်း(၉၀၀)စာအုပ်ဖြင့် ၁၉၆၉ ခုနှစ် စာပေဗိမာန်စာမူဆု ရသည်။
- အဏ္ဏဝါလောက (၁၉၇၀) ၁၉၇၀ ပြည့်နှစ် စာပေဗိမာန်စာမူဆုရသည်။
- မြတ်ဗုဒ္ဓဒေသနာ(ဝေပုလ္လရာဟုလာ၏ What Buddha Taught စာအုပ်ဘာသာပြန်)
- ၂၀၀၂ ခုနှစ်တွင် ဗုဒ္ဓရတနာစာအုပ် ထုတ်ဝေခဲ့သည်။

ဗုဒ္ဓရတနာစာအုပ်သည် ဆရာတော်ဦးသာသန (ဓမ္မာစရိယ မဟာဝိဇ္ဇာ)တည်ထောင်သော ဓမ္မဗိမာန်စာပေဆု (ပုံနှိပ်ပြီး ဓမ္မစာပေဆု)အဖြစ် ချီးမြှင့်ခံရသောစာအုပ်ဖြစ်သည်။

ဆရာကြီး ဦးကိုလေး (ဗေယျာမောင်)သည် မှတ်မှတ်ရရ အငြိမ်းစားယူပြီး နောက်နှစ်တွင် ဘာသာရေးဆိုင်ရာစာပေများ ရေးသားခဲ့သည်ကို တွေ့ရှိရသည်။ မဟာစည်ဆရာတော်ကြီး၏ ဓမ္မစကြာတရားတော်နှင့် အနတ္တလက္ခဏသုတ်တရားတော်ကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရေးသားခဲ့သည်။ ထို့ပြင် ကိုယ်တိုင်ရေးပိဋကတ်လမ်းညွှန် (Guide to Tipitaka) ကို ထုတ်ဝေခဲ့သည်။ မင်းကွန်းဆရာတော်ကြီး ပြုစုသော မဟာဗုဒ္ဓဝင်ခြောက်ကျမ်း (ရှစ်အုပ်)ကို ပါဠိပါမောက္ခ ဦးတင်လွင်နှင့်တွဲဖက်၍ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့သည်။

ဆရာကြီး ဦးကိုလေး(ဗေယျာမောင်)သည် ဗုဒ္ဓသာသနာကို ကမ္ဘာသိစေခဲ့သော မြန်မာပညာကျော်များထဲတွင် တစ်ဦးအပါအဝင် ဖြစ်သည်။ ပညာရှင်ကြီးများကို ဂုဏ်ပြုဖော်ပြရသော်-

- သဗ္ဗိုဟ်ကျမ်းကို ဦးရွှေဇံအောင်က ပထမဦးဆုံး အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့သည်။
- ဝိသုဒ္ဓိမဂ်ကို ဆရာကြီး ဦးဖေမောင်တင်က ပထမဦးဆုံး အင်္ဂလိပ်ဘာသာသို့ပြန်ဆိုခဲ့သည်။
- ဝိဘင်းကျမ်းကို ဆရာတော်အရှင်သေဋ္ဌိလက အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့သည်။
- ပဋ္ဌာန်းကျမ်းကြီးကို ဆရာတော်ဦးနာရဒက အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပေးခဲ့သည်။
- လယ်တီဆရာတော်ကြီး၏ ဒီပနီကျမ်းများကို ပထမကျော် ဦးညဏက အင်္ဂလိပ်ဘာသာသို့ ပထမဆုံးဘာသာပြန်ဆိုပေးခဲ့သည်။
- ဆရာကြီးဦးကိုလေး(ဗေယျာမောင်)နှင့်တွဲဖက်၍ ပါဠိပါမောက္ခ ဦးတင်လွင်တို့က မင်းကွန်းဆရာတော်ကြီး စီစဉ်ရေးသားပြုစုတော်မူသော မဟာဗုဒ္ဓဝင်ခြောက်ကျမ်း (ရှစ်အုပ်)ကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပေးခဲ့သည်။

ဗုဒ္ဓဘာသာကျမ်းများကို ကမ္ဘာသူကမ္ဘာသားတို့ သိရှိလေ့လာကြည်ညိုနိုင်အောင် သာသနာပြန့်ပွားရေး

**❖ ဆရာကြီးဦးကိုလေး(ဗေယျာမောင်)သည် တစ်ခေတ်တစ်ယောက် ထွန်းတောက်ခဲ့သော ပညာရှိသူတော်ကောင်းတစ်ယောက်ဆိုလျှင်လည်း မှားမည်မဟုတ်ပါ။ ဆရာကြီးသည် မန္တလေးတက္ကသိုလ်ကို စတင်တည်ထောင်သော ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်သည်။ ဆရာကြီး၏ ရာပြည့်အထိမ်းအမှတ်စာအုပ်ကို မန္တလေးတက္ကသိုလ်က ဦးစီးထုတ်ဝေခဲ့သည်ကိုလည်း အမှတ်တရရှိနေသည်။ လေးစားဖွယ်ကောင်းသော ဆရာကြီးဦးကိုလေး(ဗေယျာမောင်)၏အတ္ထုပ္ပတ္တိကို ဗဟုသုတရရှိစေရန် ရေးသားဖော်ပြလိုက်ပါသည်။ ❖**

လုပ်ငန်းကြီးသဖွယ် ဘာသာပြန်လုပ်ငန်းကြီးများကို အင်္ဂလိပ်ဘာသာ၊ မြန်မာဘာသာ၊ ပါဠိဘာသာတို့ တတ်ကျွမ်းနားလည်သော ပညာရှင်မဟာပညာကျော်တို့သာလျှင် ဆောင်ရွက်နိုင်သည့် လုပ်ငန်းကြီးဖြစ်သည်။ နိုင်ငံတော်က၊ ပြည်သူတို့က လေးစားကြည်ညိုထိုက်သော ကျေးဇူးရှင်ဆရာတော်ကြီးများ၊ ဆရာကြီးများ ဖြစ်ကြသည်။

ယခုအခါ ပိဋကတ်ဘာသာပြန်ဆရာတော်ကြီး၊ ဆရာကြီးများ၏ကျေးဇူးကြောင့် အရေးကြီးသော ဘုရားဟောဒေသနာ ဗုဒ္ဓစာပေများသည် အနောက်တိုင်းနိုင်ငံများဖြစ်သော အမေရိကတိုက်၊ အရှေ့အာရှစသည့် နိုင်ငံများတိုင်အောင် ပျံ့နှံ့လျက်ရှိသည်ကို တွေ့ရသည်။ ကမ္ဘာ့သာသနာပြုဆရာတော်များ အနေဖြင့်လည်း အင်္ဂလိပ်ဘာသာဖြင့် ပြုစုဘာသာပြန်ထားသော ဗုဒ္ဓအဘိဓမ္မာစာပေများဖြင့် သာသနာပြုလုပ်ငန်းများ လုပ်ဆောင်ရသည်မှာ လွယ်ကူချောမွေ့နိုင်မည်ဖြစ်သည်။ ဘာသာတရား ပြန့်ပွားရေးသည် ဘာသာစကားထိုးဖောက်မှုဖြင့် အောင်မြင်နိုင်သည်။

ဆရာကြီးဦးကိုလေး(ဗေယျာမောင်)သည် နိုင်ငံတော်၏ ဘာသာ၊ သာသနာ၊ စာပေ၊ ပညာရေးအကျိုးတို့ကို ထူးချွန်ပြောင်မြောက်စွာ ထမ်းဆောင်ခဲ့သော ပုဂ္ဂိုလ်ကျော်ကြီးတစ်ဦး ဖြစ်သည်။

- မန္တလေးတက္ကသိုလ်ကို တည်ထောင်သူတစ်ဦးဖြစ်ပြီး မန္တလေးတက္ကသိုလ်၏ ဒုတိယအဓိပတိ (အငြိမ်းစား)
- နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ရန်ကုန်
- ဗုဒ္ဓဒေသနာပြန့်ပွားရေးဌာန၊ တွဲဖက်ဌာနမှူး တာဝန်
- အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ပဋိပတ္တိမဟာဌာန တွဲဖက်ပါမောက္ခတာဝန်
- မြန်မာစာအဖွဲ့ဝင်
- ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆုရှင်
- ဝိဇ္ဇာပညာထူးချွန်တံဆိပ်-ပထမဆင့်

စသည့် မြောက်မြားလှစွာသော လုပ်ငန်းတာဝန်ကြီးများကို တာဝန်ကျေကျေ ထမ်းဆောင်ခဲ့ပြီး နိုင်ငံတော်က ချီးမြှင့်သည့် ဘွဲ့ထူးဂုဏ်ထူးများကိုလည်း ရရှိခဲ့သူဖြစ်သည်။ မြန်မာနိုင်ငံ၏ ပုဂ္ဂိုလ်ကျော်၊ မဟာပညာကျော်ကြီးတစ်ဦးဟု ဆိုထိုက်ပါပေသည်။

သို့ဆိုလျှင် ဆရာကြီးဦးကိုလေး(ဗေယျာမောင်)သည် ဆရာကြီး၏ ဘဝတစ်သက်တာတွင် ဗုဒ္ဓသာသနာတော်ကို ကမ္ဘာကသိအောင် ဗုဒ္ဓကျမ်းစာပေများကို အင်္ဂလိပ်ဘာသာသို့ ကြိုးပမ်းပြန်ဆိုခဲ့သော သာသနာပြုပုဂ္ဂိုလ်ကျော်ကြီးဖြစ်သည်။

ဆရာကြီးဦးကိုလေး(ဗေယျာမောင်) သည် ၂၀၀၃ ခုနှစ် ဇွန် ၁၅ ရက် နံနက် ၉ နာရီတွင် ဗေယျာရွှေမြေ ညော်ပါမောက္ခရိပ်သာ သာသနာ့တက္ကသိုလ်ဝင်း ကမ္ဘာအေးကုန်းမြေ မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး၌ ကွယ်လွန်ခဲ့သည်။

ဆရာကြီး၏ဂုဏ်ကျေးဇူးကို အထူးအောက်မေ့လျက် ဤဆောင်းပါးဖြင့် ဂါရဝပြုရေးသားလိုက်ရပါသည်။

**ကိုးကား**

- **သက်ကြီးစာပေပညာရှင်များ အတ္ထုပ္ပတ္တိ**
- **ရာပြည့်ဆရာကြီး ဗေယျာမောင်(၂၀၁၃)**

**အောင်ကြည်ညွန့်(တက္ကသိုလ်)**

# ကန်ကြီးထောင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဗိုလ်ကိတ်ပဲ ဧက ၁၁၇၀ စိုက်ပျိုးပြီးစီး



ယခင်နှစ်က ဗိုလ်ကိတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**ပုသိမ် ဇန်နဝါရီ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဗိုလ်ကိတ်ပဲဧက ၁၁၇၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြ၍ သိရသည်။

ကန်ကြီးထောင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဗိုလ်ကိတ်ပဲဧက ၄၉၀ ကို ၂၀၂၃ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်က စတင်၍ လျာထားစိုက်ပျိုးခဲ့ရာ ယနေ့တွင် ဗိုလ်ကိတ်ပဲ ဧက ၁၁၇၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကာ ဗိုလ်ကိတ်ပဲ ဧက လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ဗိုလ်ကိတ်ပဲ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရန်အတွက် ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံတွေ စိုက်ပျိုးရာမှာ တောင်သူတွေ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့အတွက် လိုအပ်တာတွေကို ကူညီပံ့ပိုးပေးထားပါတယ်။ ဆောင်းသီးနှံတွေကို ပြီးခဲ့တဲ့ အောက်တိုဘာလက စတင်စိုက်ခဲ့ပါတယ်။ စိုက်ပျိုးတဲ့သီးနှံတွေ အရည်အသွေးကောင်းမွန်စေဖို့ စိုက်ပျိုးနည်းစနစ်နဲ့ အခြားလိုအပ်တာတွေကို စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရာသီအမီ ဆောင်ရွက်ပေးခဲ့ပါတယ်။ လက်ရှိ ဗိုလ်ကိတ်ပဲတွေ စိုက်ပျိုးပြီးဖြစ်ပါတယ်။ အခြားသီးနှံတွေလဲ စိုက်ပျိုးလျက်ရှိပါတယ်။ သီးနှံတွေ တစ်နှစ်နဲ့တစ်နှစ် အထွက်နှုန်းတွေတိုးလာစေဖို့ကိုလဲ ကြိုတင်ပြင်ဆင်ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြသည်။

**ကျော်ကျော်လင်း**

# ပင်းတယမြို့နယ် သရက်ကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**ပင်းတယ ဇန်နဝါရီ ၂၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သရက်ကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှုကို ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်၊ စီမံကိန်းတာဝန်ခံနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကျေးလက်ကုန်ထုတ်လမ်း ဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ သရက်ကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်က ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ကျေးလက်ကုန်ထုတ်လမ်းကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

ပင်းတယမြို့နယ် သရက်ကုန်းကျေးရွာ၌ လမ်းအရှည် တစ်မိုင်လေးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် မြေသား တစ်ပေ၊ သဲဖြုန်းကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ကျပ် ၆၃ ဒသမ ၈၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် SAO Family ကုမ္ပဏီက ၂၀၂၃ ခုနှစ် ဇွန်လ စတုတ္ထပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။



အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးမှုကြောင့် သရက်ကုန်းကျေးရွာရှိ အိမ်ခြေ ၃၉၁ အိမ်မှ လူ ၁၈၃၃ ဦးတို့၏ စိုက်ပျိုးမြေများမှထွက်ရှိသည့် သီးနှံများ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်ပြီဖြစ်ကြောင်း ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ထံမှ သိရသည်။

**ရှိုသန်းညွန့်**

# ဝေါမြို့နယ် ရှမ်းစုကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဝေါ ဇန်နဝါရီ ၂၇**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရှမ်းစုကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဈေးဦးစွာ ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်မိမ်းအိက ရှမ်းစုကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေများ ထုတ်ချေးပေးရခြင်း၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ အရင်းအတိုးငွေများကို သတ်မှတ်ရက်အတွင်း ပေးသွင်းစေလိုကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများမှ ကျေးလက်နေပြည်သူများ၏တာဝန်နှင့် ရပိုင်ခွင့်များ၊ ဖြစ်မှုဖြစ်ဒဏ်များကို ရှင်းလင်းပြောကြားကာ ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်မိမ်းအိက ရှမ်းစုကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၅ ဒသမ ၃ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရှမ်းစုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၅ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄၃ ဦး၊ စုစုပေါင်းအသင်းသား၊ အသင်းသူ ၂၀၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၅ ဒသမ ၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်မိမ်းအိက ပြောပြ၍ သိရသည်။

**ကိုညို**

## ကမ်းပျောက်ဗေဒါ

\- မိဗေဒါ ရေစုန်မျော

မြစ်ပြင်ကြော ခရီးနှင်၊

ရေဘောင်ဘင် လှိုင်းခတ်ကြမ်း

ကမ်းကမမြင်၊

တူစုံကွဲ့ ဘေးကယှဉ်

မျောလျက်ပင် ဒိုက်ပုံကြား၊

ဆုံတွေ့ချိန် ခဏတွဲလို့

လမ်းခွဲကာသွား။

\- တစ်ဖက်ဆီ ဟိုဘက်ကမ်း

မျှော်မှန်းလို့ နီးမယ်ကြံ၊

လေအဆန် လှိုင်းချက်ပေး

ဝေးရလေပြန်၊

ဖွဲ့မလျှော့ အားနှင့်မာန်

ကြမ္မာဖန် ရှိစေတော့၊

ကူကယ်ရာ မမျှော်ကိုး

ရိုးတံမော့မော့။

\- လေပြည်ရယ် ကျီစယ်ပြေး

ဝဲလည်သေး ရေပြင်ကျယ်၊

စင်ရော်တွေ ဝေဟင်ထက်

ဝဲယက်ပျံတယ်၊

မြူးပျော်ကြ အသွယ်သွယ်

ဗေဒါငယ် မျက်နှာမွဲ။

ဖော်မပါ လမ်းတစ်လျှောက်

ကမ်းပျောက်နေဆဲ။ ။

**မယ်မင်းခ(စေရာ)**

# ငါန်းဇွန်မြို့နယ် ဘုရားထူးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ငါန်းဇွန် ဇန်နဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဘုရားထူးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုးအောင်၊ မြို့နယ်စီမံကိန်းတာဝန်ခံနှင့် အင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဘုရားထူးကျေးရွာ၌ လမ်းအရှည်ပေ ၉၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုးအောင်က ကျေးရွာတွင်းလမ်း ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ကျေးရွာသူ၊ ကျေးရွာသားများက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် မှာကြားသည်။

ဘုရားထူးကျေးရွာ၌ ကွန်ကရစ် လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၅ ဒသမ ၄၆ သန်းဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၃ ခုနှစ် စက်တင်ဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ဘုရားထူးကျေးရွာရှိ ကျေးရွာသူ၊ ကျေးရွာသားများ ရာသီမရွေး သွားလာနိုင်ပြီဖြစ်ကြောင်း ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုးအောင်က ပြောပြ၍ သိရသည်။ **အောင်ရဲကျော်**

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla attend prize-giving ceremony and dinner held in honour of the 23rd Arts and Science Research Conference


Senior General Min Aung Hlaing greets scholars in attendance.


Senior General Min Aung Hlaing and wife attend the dinner.



Senior General Min Aung Hlaing presents award to a winner.


Senior General Min Aung Hlaing presents award to a winner.



Daw Kyu Kyu Hla presents award to a winner.



Daw Kyu Kyu Hla presents award to a winner.

**Nay Pyi Taw January 27**

Prize-giving ceremony and dinner were held in honour of the 23rd Arts and Science Research Conference of the Education Ministry at Naypyitaw State Academy here this evening. Chairman of State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla attended the ceremony and dinner

Also present at the ceremony together with the Senior General and wife were Joint SAC Secretary Lt-Gen Ye Win Oo and wife, SAC members and wives, union level officials, union ministers and wives, the Nay Pyi Taw Council chair, senior military officers, the Nay Pyi Taw Command commander, deputy ministers, rectors, professors, the chair and members of Myanmar Academy of Arts and Science, resource persons, and invited guests.

At the prize-presentation ceremony, Senior General Min Aung Hlaing presented the 17th Myanmar arts and science scholars team awards to Dr Htet Htet Than Sein, Dr Zaw Zaw Thein, Dr Ei Ei Phyo, Dr Wint Wa Wa Tun, Dr Nan Yin Yin Moe, Dr Cho Mar Lwin, Dr Khin Moh Moh and Dr Hein Latt, and Daw Kyu Kyu Hla, awards for best papers in subjects, Myanmar and English, to Dr Mya Mya Win, Dr Aye Su Nyein, U Khin Aye and Daw Kay Khaing Nyein.

The Joint SAC Secretary, SAC members General Mya Tun Oo, Admiral Tin Aung San, Lt-Gen Nyo Saw, Poe Reh Aung Thein, Mahn Nyein Maung, Dr Hmu Htan, Dr Ba Shwe and U Yan Kyaw, Commander-in-Chief (Navy) Vice-Admiral Zwe Win Myint, union ministers U Ko Ko Hlaing, Admiral Moe Aung and Dr Nyunt Pe presented first, second, third and honorary subject-wise paper awards to winners.

Senior General Min Aung Hlaing and Daw Kyu Kyu Hla then enjoyed the dinner together with attendees.

Artists of the Fine Arts Department, the Ministry of Religious Affairs and Culture performed songs and dances before and during the dinner.

*See Page 13*



A winner receives award.



A winner receives award.



A winner receives award.



A winner receives award.



A winner receives award.

*From Page 12*

After the dinner, the Senior General and wife presented cash awards to the artists. Afterwards, they cordially greeted the veterans of the respective arts and science fields and attendees. 100

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ ammunition is tantamount to protecting the lives and property of innocent people.

# Residents warmly greet security forces in Kantbalu Township



Security forces receiving warm welcome from locals in Kantbalu.



Local people giving warm welcome to security forces.

**Nay Pyi Taw January 27**

Armed insurgents and so-called PDFs terrorists have torched state-owned buildings, detained and killed residents who did not support them by accusing them of being informers, extorted money from residents and destroyed road and bridges by detonating bombs in towns and villages in some regions and states.

Tatmadaw personnel, members of the Myanmar Police Force and the people militia have defeated the armed insurgent and so-called PDFs terrorists out of the spirit of sacrificing lives for the stability of the country and peaceful lives of the people and performed local security duties.

Today, security forces that are protecting the life and property and socioeconomic life of residents in Kantbalu Township in Sagaing Region were warmly greeted and supported by local residents, departmental staff and monks with victorious Eugenia, garlands and traditional drum bands and iit is learnt that security forces are conducting counter terrorism operations in accordance with the Rules of Engagement- ROE and the Law of Armed Conflicts based on four provisions of the Geneva Convention.

100

# Congratulations message of Chairman of State Administration Council Prime Minister Senior General Thadoe Maha Tharay Sithu Thadoe Thiri Thudhamma Min Aung Hlaing to Sayadaw Bhaddanta Pyinna Thiri Lankara, who won title of Tripitaka Dhara Kovida in 76th Tripitaka Dhara Pitika Kovida Selection Examination

## Congratulations on the winning the title of Tripitaka Dhara Kovida by the Venerable Sayadaw

## 27 January 2024

It was learnt that a Tripitika Dhara Pitika Kovida Selection Examination was held at the end of last year at the beginning of this year at the cave of the sixth synod.

As a devotee, I wish there are many Sayadaws who win Tripitika Dhara and Tripitaka Kovida titles in the Tripitika Dhara Kovida Examination, the longest examination in the world.

Therefore, the devotee had been looking forward to the results of the examination and is extremely proud of the Sayadaw, who could successfully explained the two essential canons such as the elusive Yamaka and Htanapa cannons and won the title, certificate and three yellow-shafted white Kannata umbrellas known as the victorious flag of the Sasana.

According to the data compiled by the Ministry of Religious Affairs and Culture, the Sayadaw was born in Khwetkhwin Village in Myinmu Township and in 1346 ME, entered into monkhood under the supervision of Pitjotarron Monsatery Sayadaw Agga Maha Pandita Bhaddanta Gavantha. It was learnt that the Sayadaw won the titles of Samane Kyaw, Sasana Dhaja Dhamma Cariya, Vinaya Dhara, Vinaya Kovida, Dhika Bhadanka and Dhiganikaya and managed to recite five Vinaya, there Suttra and seven Abhidhamma cannons, all of them are known as the Tripataka within the time allowed, receiving the Abhidhammika title and the Tripitikadhara title in the 64th Tripitika Dhaja Tripitika Kovida selection examination in 1373 ME.

Congratulations on the winning of the Tripitaka Dhara Tripitaka Kovida title in the 76th Tripitaka Dhara Tirpitika Kovida examination as a Sasana Hero during the term of the State administration Council after winning the examination of introduction of Pitika canons including the Ahta Cahta, Ghika, Anuka Ghika, Jozana, Ghanni, and Nisara by explaining their essence through the generosity, awareness, integrity and wisdom and the Sayadaw has been able to teach Pariyatti Sasana to devotees and monks.

SD
Min Aung Hlaing
Senior General
Chairman
The State Administration Council

# Locals from Dabayin Township sow 9,131 acres of maize in winter crop planting season

**Dabayin January 27**

A total of 9,131 acres of maize have been planted in Dabayin Township, YeU District, Sagaing Region, according to statistics from the Department of Agriculture for YeU District.

During the 2023-2024 winter crop planting season, 7,624 acres of maize have been earmarked for planting in Dabayin Township and since October 2023, 9131 acres of maize have been planted.

"More than 7,000 acres of maize have been earmarked for cultivation. To date, more than 9,000 acres of maize have been planted. In order to make the maize productive and successful, we are doing awareness activities to prevent the spread of pests," said U Zaw Myint Tun, head of the Department of Agriculture for YeU District.

During the winter crop planting season of 2022-2023, the locals planted maize in Dabayin Township from October to December 2022 and were able to cultivate 9,131 acres of maize. 206

# Locals from Wetlet Township sow 56,860 acres of chickpeas in winter crop planting season

**Wetlet January 27**

A total of 56,860 acres of chickpeas have been planted in Wetlet Township, Shwebo District, Sagaing Region during the 2023-2024 winter crop planting season, according to statistics from the Department of Agriculture.

During the winter crop planting season of 2023-2024, 54,327 acres of chickpea are planned to be planted in Wetlet Township, and since October this year, 56,860 acres have been planted.

"To improve the quality, we are cooperating with the farmers to provide good quality seeds, inputs, post-harvest technology, etc.," said Daw Kyin San, Head of the Department of Agriculture for Wetlet Township.

Last year, when the winter crop was planted in Wetlet Township, chickpeas were planted from October to December 2022. It is said that 54,327 acres were cultivated.

At the time of this year's winter crop planting, they are working together with the farmers to provide the good varieties, inputs and technology after the harvest time needed for good yield and quality of bean and pulses, in the cultivation of various bean and pulses. 206

# Colombia recalls ambassador to Argentina amid diplomatic tensions

**Bogota January 27**

The government of Colombia decided to recall its ambassador to Argentina for consultations on Friday, following contentious remarks made by Argentine President Javier Milei, who labeled Colombian President Gustavo Petro a "communist murderer."

In an interview with journalist Patricia Janiot, Milei referred to Petro as "a communist murderer who is ruining Colombia." The interview, disseminated on Janiot's YouTube account, has caused diplomatic tensions between the two South American countries.

In response to Milei's comments, Colombia's Ministry of Foreign Affairs issued a statement, condemning the Argentine president's remarks as "disrespectful and irresponsible." Xinhua

# South Africa welcomes UN court's ruling against Israel



People watch the International Court of Justice (ICJ)'s ruling of the case against Israel in The Hague, in Pretoria, South Africa, on Jan. 26, 2024.

**Johannesburg January 27**

South African President Cyril Ramaphosa said on Friday that the country welcomes the measures that the International Court of Justice (ICJ) ordered by majority decision, which ordered Israel to take all possible measures to prevent genocide acts in the Gaza Strip.

"Earlier today, the ICJ in The Hague issued a ruling that is a victory for international law, for human rights, and above all, for justice," Ramaphosa said in a televised address to the nation.

"The ICJ, as the principal judicial organ of the United Nations, has handed down a ruling that the State of Israel should immediately implement a set of provisional measures to prevent any further acts of genocide in Gaza, to desist from such acts, and to take effective measures to prevent the destruction and ensure the preservation of evidence relating to acts of genocide. As the South African government, we welcome the decision of the ICJ," Ramaphosa said.

The order is binding on Israel, and must be respected by all states that are party to the UN Convention on the Prevention and Punishment of the Crime of Genocide, he said, adding that South Africa expects Israel, as a self-proclaimed democracy and a state that respects the rule of law, to abide by the measures handed down by the ICJ. Xinhua

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## အမေရိကန်လေတပ်က အဆင့်မြင့် B-21 Raider ဗုံးကြဲလေယာဉ်ကို ကနဦးထုတ်လုပ်မှုစတင်



အမေရိကန်လေတပ်သည် အဆင့်မြင့် B-21 Raider ဗုံးကြဲလေယာဉ်ကို ကနဦး ထုတ်လုပ်မှုစတင်နေပြီဖြစ်ကြောင်း The Defense Post သတင်းဌာနက ဇန်နဝါရီ ၂၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင် B-21 Raider ဗုံးကြဲလေယာဉ်၏ပထမဆုံးပျံသန်းမှုအပြီး ဖွံ့ဖြိုးတိုးတက်မှု၊ လုပ်ဆောင်နိုင်ခဲ့မှုကို ဝယ်ယူရေးနှင့် ထိန်းသိမ်းမှုဆိုင်ရာ အမေရိကန် ကာကွယ်ရေးလက်ထောက် အတွင်းဝန် William LaPlante က ကြေညာခဲ့သည်။

“B-21 Raider ဗုံးကြဲလေယာဉ်ထုတ်လုပ်ရေးက ရှေ့ကိုဆက်သွားနေပါတယ်။ မြေပြင်နဲ့ပျံသန်းမှုစမ်းသပ်မှုတွေရဲ့ ရလဒ်တွေနဲ့ ထုတ်လုပ်မှုအတွက် စမ်းသပ်ရေးအဖွဲ့ရဲ့ အတွေ့အကြုံများလှတဲ့ အစီအမံတွေအပေါ် အခြေခံပြီး B-21 Raider ဗုံးကြဲလေယာဉ်တွေကို အရေအတွက်နည်းနည်းပဲ စတင်ထုတ်လုပ်မယ်လို့ ပြောခဲ့ဖူးပါတယ်”ဟု ၎င်းက Breaking Defense သတင်းဌာနသို့ ပြောကြားခဲ့သည်။

စာချုပ်၏ စုစုပေါင်းတန်ဖိုး၊ ထုတ်လုပ်မည့် လေယာဉ်အရေအတွက်နှင့် ပြီးစီးမည့် ခန့်မှန်းရက်စွဲတို့နှင့်ပတ်သက်၍ တိကျသော အသေးစိတ်အချက်အလက်များကိုမူ ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိပေ။ သို့သော် ပြိုင်ဘက်ရန်သူနိုင်ငံများအပေါ် ထိရောက်သော အဟန့်အတားစွမ်းရည်များပေးဆောင်ရန်အတွက် B-21 Raider ဗုံးကြဲလေယာဉ်ကို အတိုင်းအတာတစ်ခုထိ ထုတ်လုပ်သွားမည်ဟု LaPlante က ပြောကြားခဲ့သည်။

Northrop Grumman ကုမ္ပဏီအနေဖြင့် အနာဂတ် B-21 Raider ဗုံးကြဲလေယာဉ် ကနဦးထုတ်လုပ်ရေး သဘောတူစာချုပ်ကိုအမေရိကန်လေတပ်နှင့် ချုပ်ဆိုထားပြီးဖြစ်ကြောင်းလည်း Breaking Defense သတင်းဌာနတွင် ရေးသားဖော်ပြထားသည်။

B-21 Raider ဗုံးကြဲလေယာဉ်သည် လိုအပ်သည့် စမ်းသပ်မှုအားလုံးကို အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့ပြီးနောက် သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

Northrop Grumman ကုမ္ပဏီသည် B-21 Raider ဗုံးကြဲလေယာဉ်ထုတ်လုပ်မှုအတွက် အဆင်သင့်ဖြစ်နေပြီဟုပြောကြားထားပြီး ပျံသန်းမှုစွမ်းဆောင်ရည်နှင့်ဒေတာလိုအပ်ချက်အားလုံးကို ဖြည့်ဆည်းပေးနိုင်ခဲ့ပြီဟုလည်း သိရသည်။

Northrop Grumman ကုမ္ပဏီသည် B-21 Raider ဗုံးကြဲလေယာဉ်၏ အစောပိုင်းထုတ်လုပ်မှုအသုတ်များတွင် ငွေကြေးဖောင်းပွမှု အကျိုးသက်ရောက်မှုများကြောင့် ကုမ္ပဏီအတွက် အကျိုးအမြတ်မရရှိနိုင်ကြောင်း ယခင်က ထုတ်ဖော်ပြောကြားခဲ့ဖူးသည်။

၂၀၂၂ ခုနှစ်တွင် ပထမဆုံးထုတ်ဖော်ပြသခဲ့သည့် B-21 Raider သည် ထိရောက်သော တိုက်ခိုက်မှုများအတွက် သမားရိုးကျနှင့် နျူကလီးယားလက်နက်များ နှစ်မျိုးစလုံးကို သယ်ဆောင်တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။ အနာဂတ် အဆင့်မြင့်ခြိမ်းခြောက်မှုပတ်ဝန်းကျင်တွင် အမေရိကန်၏ လုံခြုံရေးကို သေချာစေရန်အတွက် အရေးကြီးသော အခန်းကဏ္ဍမှပါဝင်ရန်မျှော်လင့်ထားကြောင်း သိရသည်။

တာဝေးပျံသန်းစစ်ဆင်နိုင်မည့် ဗုံးကြဲလေယာဉ်တွင် ကိုယ်ပျောက်အင်္ဂါရပ်များ ပါရှိမည်ဖြစ်ပြီး ရန်သူ့လေကြောင်းရန်ကာကွယ်ရေးစနစ်များကို ထိုးဖောက်ဝင်ရောက် တိုက်ခိုက်နိုင်စွမ်းရှိမည်လည်းဖြစ်သည်။ ကမ္ဘာ့ပထမဆုံး ဆဋ္ဌမမျိုးဆက် ဗုံးကြဲလေယာဉ်အဖြစ် B-21 Raider သည် ဒေတာ၊ အာရုံခံကိရိယာများနှင့် လက်နက်များကို အဆင့်မြှင့်တင်ပေါင်းစပ်ခြင်းဖြင့် စွမ်းရည်နှင့်လိုက်လျောညီထွေရှိသော လေကြောင်းစွမ်းအားသစ်ကို ပိုင်ဆိုင်နိုင်မည်ဖြစ်ရာ အနာဂတ်တွင် အမေရိကန်လေတပ်အတွက် ပင်မကျောရိုးဖြစ်လာမည်ဖြစ်သည်ဟု Northrop Grumman ကုမ္ပဏီက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

B-21 Raider ဗုံးကြဲလေယာဉ်သည် ဉာဏ်ရည်တုသုံးဟိုက်ပါဆောနစ်လက်နက်များကို အသုံးပြု၍ တစ်ဖက်ရန်သူ၏ မဟာဗျူဟာမြောက် ဗုံးကြဲလေယာဉ်ကိုပစ်ချနိုင်သည်ဟု အခိုင်အမာဆိုထားရာအမေရိကန်၏ B-21 Raider ဗုံးကြဲလေယာဉ်သည် ပြိုင်ဘက်အင်အားကြီးနိုင်ငံတို့၏ အာရုံကို ဖမ်းစားနိုင်ပြီဖြစ်ကြောင်း Northrop Grumman ကုမ္ပဏီက ထုတ်ပြန်ခဲ့သည်။

**US Air Force's Futuristic B-21 Raider Enters Low-Rate Production ကို ဘာသာပြန်ဆိုထားပါသည်။**

## ရုရှားနိုင်ငံက တန်ပြန်ဒရုန်းတိုက်ဖျက်ရေး မီနီဒုံးကျည်သစ်များစမ်းသပ်မှု အပြီးသတ်လုပ်ဆောင်နိုင်ခဲ့

ရုရှားနိုင်ငံသည် ယူကရိန်း အထူးစစ်ဆင်ရေးဇုန်တွင် လေယာဉ်ပစ်ဒုံးကျည်စနစ်(SAMs)များဖြင့် မကြာမီတပ်ဆင်အသုံးပြုနိုင်တော့မည့် တန်ပြန်ဒရုန်းတိုက်ဖျက်ရေး မီနီဒုံးကျည်သစ်များ စမ်းသပ်မှုအပြီးသတ်လုပ်ဆောင်နိုင်ခဲ့ကြောင်း ကာကွယ်ရေးဆိုင်ရာစက်မှုလုပ်ငန်း သတင်းရင်းမြစ်တစ်ခုက Sputnik သတင်းဌာနသို့ ပြောကြားခဲ့သည်။

ဒရုန်းတိုက်ဖျက်ရေးနည်းပညာသည် ဒရုန်းများ(UAVs)၏ ကြီးထွားလာနေသော ခြိမ်းခြောက်မှုအန္တရာယ်ကို တန်ပြန်ရန် အရှိန်အဟုန်ဖြင့် ပြောင်းလဲတိုးတက် ဖွံ့ဖြိုးလာသော နယ်ပယ်တစ်ရပ်ဖြစ်သည်။ ၎င်းစနစ်များတွင် ဒရုန်းများကို လေထုထဲတွင် ပျက်ပြယ်စေမည့် ရေဒီယိုကြိမ်နှုန်းပိတ်ဆို့ခြင်းနည်းစနစ်၊ အချက်ပြလှိုင်းကြားဖြတ်နှောင့်ယှက်ခြင်းနှင့် ရုပ်ပိုင်းဆိုင်ရာအားဖြင့် အဆုံးတိုင်ဖျက်ဆီးပစ်ခြင်း စသည့်နည်းလမ်းအမျိုးမျိုးကို အသုံးပြုလျက်ရှိသည်။

ရုရှားစစ်ဘက်နှင့်ပူးပေါင်း၍ ကာကွယ်ရေးဆိုင်ရာ စက်မှုလုပ်ငန်းများသည် တန်ပြန်ဒရုန်းတိုက်ဖျက်ရေး မီနီဒုံးကျည်များကို စမ်းသပ်မှုများပြီးမြောက်အောင် လုပ်ဆောင်လျက်ရှိပြီး မကြာမီတွင် ၎င်းတို့သည် မြေပြင်မှဝေဟင်ပစ် လေယာဉ်ပစ်ဒုံးကျည်စနစ်များဖြင့် ယူကရိန်းအထူးစစ်ဆင်ရေးဇုန်တွင် တိုက်ခိုက်ရေးတာဝန်များ ထမ်းဆောင်နိုင်ရန် မျှော်မှန်းထားကြောင်း အဆိုပါ သတင်းရင်းမြစ်က ရေးသားခဲ့သည်။

ပြီးခဲ့သည့်နှစ်က ယူကရိန်းအထူးစစ်ဆင်ရေးဇုန်သို့ စတင်ရောက်ရှိခဲ့သည့် ခေတ်မီအဆင့်မြင့် Pantsir-SM လေယာဉ်ပစ်ဒုံးကျည်စနစ်၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် အသေးစားမီနီဒုံးကျည်များကို အသုံးပြုလိမ့်မည်ဖြစ်သည်။

အဆိုပါ ဒုံးကျည်သစ်များတွင် Pantsir-SM လေယာဉ်ပစ်ဒုံးကျည်စနစ်အတွက် စံပြုပုံစံ ထုတ်လုပ်ထားခြင်းဖြစ်သည်။ ဒုံးကျည်တွင် Upper Stage အပြင် Trailing Stage အဆင့်ဟူ၍ ပါရှိသော်လည်း အချင်းနှင့် အလျားအတိုင်းအတာများမှာ သိသိသာသာ လျော့ကျသွားသည်။ ရလဒ်အနေဖြင့် Pantsir-SM လေယာဉ်ပစ်ဒုံးကျည်တွင် သမားရိုးကျသုံးနေသော ဒုံးကျည် ၁၂ စင်းအစား တန်ပြန်ဒရုန်းတိုက်ဖျက်ရေး မီနီဒုံးကျည် ၄၈ စင်းတပ်ဆင်ထားနိုင်သည်။



ဒုံးကျည်သစ်များသည် ပုံမှန်ဒုံးကျည်များထက် သိသိသာသာ ဈေးသက်သာပြီး Pantsir-SM ၏ ကုန်ကျစရိတ် သက်သာမည်ဖြစ်သည်။ ပြီးခဲ့သည့်နှစ် ဩဂုတ်လက တန်ပြန်ဒရုန်းတိုက်ဖျက်ရေး မီနီဒုံးကျည်များကို တီထွင်ထုတ်လုပ်နေသည့် High-Precision Complexes Holdings ကုမ္ပဏီအုပ်စုက စမ်းသပ်မှုများ အပြီးသတ်လုပ်ဆောင်ပြီးပါက ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနသည် တပ်ဖွဲ့ဝင်များထံ ဒုံးကျည်မည်မျှပေးပို့သွားမည်ကို ဆုံးဖြတ်လိမ့်မည်ဖြစ်ကြောင်း Sputnik သတင်းဌာနသို့ ပြောကြားခဲ့သည်။

**Russia Completes Tests of New Anti-Drone Missiles – Source ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ (၇၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်မြတ်အလှူခံရရှိတော်မူမည့် ဘဒ္ဒန္တပညာသိရီလင်္ကာရဆရာတော်ထံသို့ပေးပို့ဆက်ကပ်သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာ

၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်

**ဝမ်းမြောက်စွာလျှောက်ထားအပ်ပါသည်ဘုရား-**

ယခုနှစ် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကို ယမန်နှစ်ကုန်ပိုင်းနှင့် ယခုနှစ်နှစ်ဦးအစတွင် ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ ဆဋ္ဌသင်္ဂါယနာမဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီးတွင် ကျင်းပနေကြောင်း သိရှိရပါသည်ဘုရား။

တပည့်တော်အနေဖြင့် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာပေါ်တွင် အဆင့်မြင့်ဆုံးရက်အရှည်ဆုံးကျင်းပသည့် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် တိပိဋကဓရဘွဲ့တံဆိပ်တော်၊ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များပေါ်ထွန်းစေချင်သည့် ဆန္ဒရှိပါသည်ဘုရား။

ထို့ကြောင့်ပင် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့ ဆရာတော်ကြီးများ အပြီးသတ်ဆုံးဖြတ်၍ ထုတ်ပြန်လာမည့် အောင်စာရင်းစောင့်မျှော်နေခဲ့ရာ ဆရာတော်သည် ယခုနှစ်(၇၆)ကြိမ်မြောက် ကျင်းပသော စာမေးပွဲကြီးတွင် အဘိဓမ္မာနောက်ပိုင်းဖြစ်သော ယမကနှင့်ပဋ္ဌာန ဟူသော ခက်ခဲနက်နဲလှသော ကျမ်းနှစ်ဆူ၏ခက်ရာခက်ဆစ်သဘော အဓိပ္ပာယ်များကို အောင်မြင်စွာဖြေဆိုနိုင်ခဲ့သဖြင့် တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်၊ အောင်လက်မှတ်၊ အရိုးဝါကန္တဒဏ်ထီးဖြူတော် (၃)လက် အမှတ်တံဆိပ်ပါ သာသနာ့အောင်လံတော်ကို ခံယူရရှိမည်ဖြစ်သောကြောင့် အတိုင်းမသိဂုဏ်ယူဝမ်းမြောက်ကာ ဖရဏာပီတိ ဂွမ်းဆီထိသကဲ့သို့ ခံစားရပါသည်ဘုရား။

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနရှိ အချက်အလက်များအရ ဆရာတော်သည် စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်၊ ခွက်ခွင်းစံပြကျေးရွာတွင် ဖွားမြင်တော်မူခဲ့ကြောင်း၊ ၁၃၄၆-ခုနှစ်တွင် မုံရွာမြို့ ပဏ္ဍောတာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနာဂဝံသ(အဂ္ဂမဟာပဏ္ဍိတ)ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ကြောင်း၊ ဆရာတော်သည် သာမဏေကျော်၊ သာသနဓဇဓမ္မာစရိယ၊ ဝိနယဓရ၊ ဝိနယကောဝိဒ၊ ဒီဃဘာဏက၊ ဒီဃနိကာယကောဝိဒ စသည့် ဘွဲ့တော်များအောင်မြင်ရရှိတော်မူပြီး ဆက်လက်၍ အားထုတ်တော်မူရာ ၁၃၇၃-ခုနှစ် ကျင်းပသော (၆၄)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် သင်ရိုးပိဋကတ်သုံးပုံဟုဆိုအပ်သော ဝိနည်းငါးကျမ်း၊ သုတ်သုံးကျမ်း၊ အဘိဓမ္မာခုနစ်ကျမ်းတို့ကို ခက်ခဲနက်နဲစွာ လေ့လာကျက်မှတ်၍ သတ်မှတ်အချိန် သတ်မှတ်ရက်အတွင်း သတ်မှတ်စာမျက်နှာ သတ်မှတ်ကျမ်းစာများကို အာဂုံပြန်ဆိုနိုင်ခဲ့ပြီး အာဘိဓမ္မိက ဘွဲ့တံဆိပ်တော်နှင့် တိပိဋကဓရ ဘွဲ့တံဆိပ်တော်တို့ကို ရရှိတော်မူခဲ့ကြောင်း သိရှိရပါသည်ဘုရား။

တပည့်တော်များ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက် ယခုနှစ်ကျင်းပသော (၇၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် သင်ရိုးပိဋကတ်တော်များ၏ အဖွင့်ကျမ်းများဖြစ်သော အဋ္ဌကထာ၊ ဋီကာ၊ အနုဋီကာ၊ ယောဇနာ၊ ဂဏ္ဌိ၊ နိဿယများလာ ခက်ခဲနက်နဲသော သဘောအဓိပ္ပာယ်တို့ကို ဆရာတော်၏သဒ္ဓါစွမ်းအား၊ သတိစွမ်းအား၊ သမာဓိစွမ်းအား၊ ပညာစွမ်းအားတို့ဖြင့် ဖြေဆိုအောင်မြင်ခဲ့ပြီးဖြစ်၍ နိုင်ငံတော်မှဆက်ကပ်သော တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူမည်ဖြစ်ရာ ဆရာတော်သည် ပရိယတ္တိသာသနာအတွက် တပည့်ရဟန်းသံဃာများအား စာပေပို့ချခြင်းစသော သာသနာပြုလုပ်ငန်းများ ကျန်းမာချမ်းသာစွာဖြင့် ဆောင်ရွက်တော်မူနိုင်ပါမည့်အကြောင်း ယခုကဲ့သို့ တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော် ဆွတ်ခူးရရှိတော်မူသဖြင့် (၁၆)ပါးမြောက် တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည်အဖြစ် ပေါ်ထွန်းလာခြင်းကိုလည်း အထူးပင်ဂုဏ်ယူဝမ်းမြောက်ကြောင်း ထပ်လောင်းလျှောက်ထားအပ်ပါသည်ဘုရား။

**မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရရှိတော်မူသော ဆရာတော်ထံသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ဆက်ကပ်ပေးပို့သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာဆက်ကပ်သည့် အခမ်းအနားကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၇**

(၇၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် တိပိဋကဓရ တိပိဋကကောဝိဒ ၁၆ ပါးမြောက် ဘွဲ့တံဆိပ်တော်မြတ် ရရှိတော်မူသည့် ဆရာတော်ထံသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ဆက်ကပ်ပေးပို့သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာဆက်ကပ်သည့်အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် မင်းကွန်းတိပိဋကနိကာယကျောင်းတွင်ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ တိုင်းဒေသကြီးဝန်ကြီးများက အခမ်းအနားကိုနမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ဖွင့်လှစ်ပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ဆက်ကပ်ပေးပို့သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာကိုဖတ်ကြားလျှောက်ထားသည်။



တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရရှိတော်မူသော ဆရာတော် ဘဒ္ဒန္တပညာသိရီလင်္ကာရထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ဆက်ကပ်ပေးပို့သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း ဆက်ကပ်စဉ်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရဆရာတော် ဘဒ္ဒန္တပညာသိရီလင်္ကာရကို ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာအား ဆရာတော်ထံဆက်ကပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးများက ဆရာတော်ထံ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဆရာတော်က သဗ္ဗီတိယော ဝိဝဇ္ဇန္တုအစရှိသော ဂါထာတော်အားရွတ်ဆိုပြီး သဝဏ်လွှာဆက်ကပ်သည့်အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အောင်မြင်စွာပြီးဆုံးခဲ့ကြောင်း သတင်းရရှိသည်။

## သဇင်(FM) အသံလွှင့်အစီအစဉ်

၂၈-၁-၂၀၂၄(တနင်္ဂနွေနေ့)

| | | |
|---|---|---|
| ၁။ | ၀၈း၀၀ | မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ |
| ၂။ | ၁၀း၁၅ | Hit I M |
| ၃။ | ၁၀း၄၀ | နိပါတ်တော်လာသိမှတ်စရာ |
| ၄။ | ၁၁း၃၅ | Our Present Songs |
| ၅။ | ၁၄း၀၀ | စိတ်ဝင်စားစရာပုံပြင်ကမ္ဘာ |
| ၆။ | ၁၄း၅၅ | Our Travelling |
| ၇။ | ၁၉း၀၀ | ကဗျာဥယျာဉ် |

# (၇၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲအောင်စာရင်းထုတ်ပြန်ကြေညာ

**နေပြည်တော် ဇန်နဝါရီ ၂၇**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပပြုလုပ်သည့် (၇၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်မှ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၇ ရက်ထိ ကျင်းပခဲ့သည်။

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အဘိဓမ္မကောဝိဒ၊ တိပိဋကဓရ တိပိဋကကောဝိဒ (ပိဋကသုံးပုံရေးဖြေအောင် တစ်ပါး)၊ ဒီဃနိကာယကောဝိဒ(ပိဋကနှစ်ပုံရေးဖြေအောင်သုံးပါး)၊ ဝိနယကောဝိဒ (ပိဋကတစ်ပုံရေးဖြေအောင် ငါးပါး)၊ ဥဘတောဝိဘင်္ဂကောဝိဒ (ဝိနည်းပထမပိုင်းရေးဖြေအောင် ခုနစ်ပါး)၊ မူလအာဘိဓမ္မိက (အဘိဓမ္မာပထမပိုင်းအာဂုံအောင် ငါးပါး)၊ ဒီဃဘာဏက (ပိဋကနှစ်ပုံအာဂုံအောင်ကိုးပါး)၊ ဝိနယဓရ (ပိဋကတစ်ပုံအာဂုံအောင် ၃၁ ပါး)၊ ဥဘတောဝိဘင်္ဂဓရ (ဝိနည်းပထမပိုင်းအာဂုံအောင် ၅၁ ပါး)၊ စုစုပေါင်း ၁၁၂ ပါး အောင်မြင်ခဲ့ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

**(၇၆) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ (အာဂုံ)**

**စာရင်းသွင်း၊ ပြန်ဆို၊ အောင်မြင်၊ ရာခိုင်နှုန်းစာရင်းချုပ်**

| စဉ် | ကျမ်းအမည် | စာရင်းသွင်း | ပြန်ဆို | အောင်မြင် | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁။ | အဘိဓမ္မာ(ဒုတိယပိုင်း) | ၂ | ၁ | - | - |
| ၂။ | အဘိဓမ္မာ(ပထမပိုင်း) | ၇ | ၅ | ၅ | ၁၀၀% |
| ၃။ | ဒီဃနိကာယ် | ၁၈ | ၁၃ | ၉ | ၆၉.၂၃% |
| ၄။ | ဝိနည်း(ဒုတိယပိုင်း) | ၁၂၀ | ၆၀ | ၃၁ | ၅၁.၆၇% |
| ၅။ | ဝိနည်း(ပထမပိုင်း) | ၁၃၆ | ၉၇ | ၅၁ | ၅၂.၅၈% |
| | စုစုပေါင်း | ၂၈၃ | ၁၇၆ | ၉၆ | ၅၄.၅၅% |

**(၇၆) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ (သဘောရေးဖြေ)**

**စာရင်းသွင်း၊ ဖြေဆို၊ အောင်မြင်၊ ရာခိုင်နှုန်းစာရင်းချုပ်**

| စဉ် | ကျမ်းအမည် | စာရင်းသွင်း | ဖြေဆို | အောင်မြင် | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁။ | အဘိဓမ္မာ(ဒုတိယပိုင်း) | ၆ | ၅ | ၁ | ၂၀.၀၀% |
| ၂။ | အဘိဓမ္မာ(ပထမပိုင်း) | ၁၃ | ၁၁ | - | - |
| ၃။ | ဒီဃနိကာယ် | ၃၂ | ၃၀ | ၃ | ၁၀.၀၀% |
| ၄။ | ဝိနည်း(ဒုတိယပိုင်း) | ၅၈ | ၅၃ | ၅ | ၉.၄၃% |
| ၅။ | ဝိနည်း(ပထမပိုင်း) | ၁၁၂ | ၁၀၅ | ၇ | ၆.၆၇% |
| | စုစုပေါင်း | ၂၂၁ | ၂၀၄ | ၁၆ | ၇.၈၄% |

# တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် အမှတ်(၁၂)စကားဝါလမ်း တိပိဋကနိကာယကျောင်းတိုက်မှ အရှင်ပညာသိရီလင်္ကာရ၏ ထေရုပ္ပတ္တိအကျဉ်း

### ဖွားမြင်တော်မူခြင်း

အရှင်ပညာသိရီလင်္ကာရသည် စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် ခွက်ခွင်းစံပြကျေးရွာ ခမည်းတော် ဦးအောင်ငြိမ်း၊ မယ်တော် ဒေါ်မြသောင်းတို့က ၁၃၂၇ ခုနှစ် ကဆုန်လပြည့်ကျော် ၅ ရက် ကြာသပတေးနေ့တွင် ဖွားမြင်သော သားရတနာဖြစ်ပါသည်။

### ရှင်ရဟန်းပြုတော်မူခြင်း


၁၃၄၆ ခုနှစ် နတ်တော်လပြည့်နေ့တွင် မုံရွာမြို့ ပဋ္ဌာတာရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တနာဂဝံသ (အဂ္ဂမဟာပဏ္ဍိတ)ကို ဥပဇ္ဈာယ်ပြုလျက် မန္တလေးမြို့ ကြည်တင် ဆေးလိပ်ခုံပိုင်ရှင် ဦးလှမြင့် ဇနီး ဒေါ်လှလှ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ရောက်ရှိခဲ့ပါသည်။

### စာပေပရိယတ္တိသင်ကြားဆည်းပူးခြင်း

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် ခွက်ခွင်းစံပြကျေးရွာ အောင်မြင်ဘုမ္မိကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပဝရ၊ မုံရွာမြို့ ပဋ္ဌာတာရုံကျောင်းတိုက် ဆရာတော်နှင့် စာချဘုန်းကြီးများ၊ဆားလင်းကြီးမြို့နယ် ဝါးတန်းကျေးရွာ သဒ္ဓမ္မဇောတိကျောင်း ဆရာတော် ဘဒ္ဒန္တဉာဏိသ၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ မန္တလေးမြို့တို့ရှိ ပဋ္ဌာတာရုံကျောင်းတိုက် ဆရာတော်များ၊ မင်းကွန်းတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၊ ဇန်းမော်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ (ဝဋ္ဋံသကာသိရော မဏိ)၊ မင်းကွန်းတောင်ရိုး၊ မိုးမိတ်ကုန်းမြေ တိပိဋကနိကာယ ကျောင်းတိုက်၏ မဟာနာယက တိပိဋကဓရဆရာတော်များထံ၌ ပရိယတ္တိစာပေများ သင်ကြားဆည်းပူးခဲ့ပါသည်။

### အောင်မြင်ခဲ့သောစာမေးပွဲများ

အစိုးရပထမငယ်၊ ပထမလတ်၊ပထမကြီးတန်း၊ သာသနဓဇဓမ္မာစရိယ(၁၃၄၅)ခုနှစ် ပရိယတ္တိသာသနဟိတ သာမဏေကျော်၊ ဝိနယဓရ(၁၃၅၂)ခုနှစ်၊ ဝိနယကောဝိဒ (၁၃၅၆)ခုနှစ်၊ ဝိနယဝိဒူ၊ ဒီဃဘာဏက (၁၃၅၈)ခုနှစ်၊ ဒီဃနိကာယကောဝိဒ (၁၃၅၉)ခုနှစ်၊ မူလအာဘိဓမ္မိက၊ မူလအဘိဓမ္မကောဝိဒ(၁၃၆၈)ခုနှစ်၊ (နိကာယဒွေဓာတက၊ ဝိနယဓရဒီဃဘာဏက၊ နိကာယဝုဓ္ဓိသမိတိဝိနယဓရ) တိပိဋကဓရ (၁၃၇၃)ခုနှစ်တို့ဖြစ်ကြပါသည်။



### ဘွဲ့တံဆိပ်တော်အလှူခံ ရရှိတော်မူခြင်း

အရှင်ပညာသိရီလင်္ကာရသည် ၁၃၈၅ ခုနှစ် (၇၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အဘိဓမ္မာနောက်ပိုင်း နှစ်ကျမ်းကို သဘောရေးဖြေ အောင်မြင်တော်မူသောကြောင့် တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်၊ ၎င်းအောင်လက်မှတ်တော်နှင့် အရိုးဝါကနက္ခဒတ် ထီးဖြူတော်သုံးလက်တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်တို့ကို ခံယူရရှိတော်မူမည်ဖြစ်ပါသည်။

# တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည် ဆရာတော်တစ်ပါး ပေါ်ထွန်းတော်မူခြင်း

(၇၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို ၂၆-၁၂-၂၀၂၃ ရက်မှ ၂၇-၁-၂၀၂၄ ရက်ထိ ၃၃ ရက်တိုင်တိုင် အောင်မြင်စွာကျင်းပဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်ပါသည်။

(၇၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် အရှင်ပညာသိရီလင်္ကာရ သက်တော် ၅၉ နှစ် သိက္ခာတော် ၃၉ ဝါ တိပိဋကနိကာယကျောင်းတိုက် ဒဂုံမြို့နယ် ရန်ကုန်တိုင်းဒေသကြီးမှ တိပိဋကဓရ တိပိဋကကောဝိဒ ၁၆ ပါးမြောက် သာသနာ့အာဇာနည် ဆရာတော်အဖြစ်ပေါ်ထွန်းတော်မူခဲ့ပါသည်။

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို ၁၃၁၀ ပြည့်နှစ် (၁၉၄၈ခုနှစ်)တွင် စတင်ကျင်းပခဲ့ရာ ယခုအချိန်ထိ (၇၆)ကြိမ်မြောက် ကျင်းပခဲ့ပြီးဖြစ်ပါသည်။ ပထမအကြိမ်မှ (၇၅)ကြိမ်အထိ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော် ၁၅ ပါး ပေါ်ထွန်းခဲ့ပြီးဖြစ်ပါသည်။ (၇၂)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် ၁၅ ပါးမြောက် တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော် ပေါ်ထွန်းခဲ့ပြီးနောက် လေးနှစ်အကြာ ယခုနှစ် ၁၃၈၅ ခုနှစ် ၂၀၂၄ ခုနှစ် (၇၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် ၁၆ ပါးမြောက်အဖြစ် တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်တစ်ပါး ထပ်မံပေါ်ထွန်းလာခဲ့ခြင်းဖြစ်ပါသည်။

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် ဝိနယပိဋကဝိနည်း ပထမပိုင်းနှစ်ကျမ်း၊ ဝိနယပိဋကဝိနည်း ဒုတိယပိုင်းသုံးကျမ်း၊သုတ္တန္တပိဋကဒီဃနိကာယ် သုံးကျမ်း၊ အဘိဓမ္မပိဋကအဘိဓမ္မာ ပထမပိုင်းငါးကျမ်းနှင့် အဘိဓမ္မပိဋကအဘိဓမ္မာ ဒုတိယပိုင်းနှစ်ကျမ်းတို့ကို "တိပိဋကဓရ"ဘွဲ့အတွက် အာဂုံပြန်ဆိုရပြီး "တိပိဋကကောဝိဒ" ဘွဲ့အတွက် သဘောရေးဖြေစာမေးပွဲဖြေဆိုရကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

## မှတ်ပုံတင်သက်တမ်းတိုး ဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးသော ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ပေးခြင်းဆိုင်ရာ အသိပေးကြေညာ

၁။ မြန်မာနိုင်ငံအနေဖြင့် ရှေးဟောင်း Classic မော်တော်ယာဉ်များကို တန်ဖိုးထားထိန်းသိမ်းနိုင်ရေးသမိုင်းဝင်ယာဉ်များအဖြစ် တရားဝင်မှတ်တမ်းတင်ခွင့်ပြုနိုင်ရေးအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ယခင်ကမှတ်ပုံတင်ထားရှိပြီး သက်တမ်းတိုးဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးဖြစ်သည့် ၁၉၈၀ Modelနှင့် ၎င်းမတိုင်မီယာဉ်များကို ရှေးဟောင်း Classic မော်တော်ယာဉ်အဖြစ် သတ်မှတ်ဒဏ်ကြေးဖြင့် ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၂။ မှတ်ပုံတင်ဆောင်ရွက်ရာတွင် မူလမှတ်ပုံတင်ထားရှိခဲ့သောယာဉ်များကိုသာ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ယာဉ်အမှတ်ကို ရောက်ရှိယာဉ်အမှတ်အသစ်ဖြင့် သတ်မှတ်ပေးမည်ဖြစ်ပါသည်။ ယခင်မှတ်ပုံတင်ထားခြင်းမရှိသော ရှေးဟောင်းယာဉ်များကို မှတ်ပုံတင်ပေးမည်မဟုတ်ပါ။

၃။ ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ခြင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများတွင်(၁-၂-၂၀၂၄)ရက်မှ (၃၁-၇-၂၀၂၄)ရက်ထိ ခြောက်လကာလအတွင်း ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို www.motc.gov.mm, www.myanmarrtad.com တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

# စံဖူးကျေးရွာမီးဘေးသင့်ပြည်သူများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် ထောက်ပံ့ငွေများပေးအပ်



**နေပြည်တော် ဇန်နဝါရီ ၂၇**
နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ခွန်စံလွင်သည် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ် ဝန်ကြီးများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဥက္ကဋ္ဌ၊ ပြည်နယ်အတွင်းရေးမှူး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲ ၁နာရီက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် စံဖူးဘုန်းတော်ကြီးကျောင်းသို့သွားရောက်၍ ဆရာတော် ဦးကုန္တကအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမအလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ စံဖူးကျေးရွာမှမီးဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေပေးအပ်ပွဲကို ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်က စံဖူးကျေးရွာရှိ မီးဘေးသင့်ပြည်သူများကို အားပေးစကားပြောကြားပြီး စံဖူးကျေးရွာမှ မီးဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ထောက်ပံ့ငွေကျပ်သိန်း ၁၀၀၀ ကိုပေးအပ်ရာ စံဖူးကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာတာဝန်ခံတို့က လက်ခံရယူကြသည်။

ယင်းနောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့သည့် ငွေကျပ်သိန်း ၃၀၀ ကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ်ဝန်ကြီးများက ပေးအပ်ရာ စံဖူးကျေးရွာကိုယ်စားလှယ် နှစ်ဦးက လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့သည် စံဖူးကျေးရွာမှ မီးဘေးသင့်ပြည်သူများ၏ နေအိမ်များ ပြန်လည်တည်ဆောက်နေမှုကို လှည့်လည်ကြည့်ရှုကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်သမန်မည်စည်လွင်ပြင် ဖွင့်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပသွားနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး ဇန်နဝါရီ ၂၇**
(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်သမန်မည်စည်လွင်ပြင် ဖွင့်ပွဲအခမ်းအနားကို အောင်မြင်စွာကျင်းပသွားနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး နှစ်ထပ်ဆောင် အစည်းအဝေးခန်းမတွင် ယနေ့နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်သမန်မည်စည်လွင်ပြင် ဖွင့်ပွဲအခမ်းအနားကို စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ပါကြောင်း၊ တောင်သမန်မည်စည်လွင်ပြင်သည် အမရပူရမြို့နယ်တွင်ရှိပြီး တောင်သမန်အင်း၊ တောင်သမန်တံတားနှင့် မည်စည်ပင်တန်းစသည်ဖြင့် ဖြိုးဖြိုးဖြိုးပမ်းယဉ်ကျေးမှုအမွေအနှစ် အခင်းအကျင်းများ တစ်စုတစ်ဝေးတည်းတည်ရှိသည့် ခရီးစဉ်ဒေသတစ်ခုဖြစ်ပါကြောင်း၊ ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် ဒေသဝန်းကျင်နှင့်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကိုပါ များစွာအထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ တောင်သမန်အင်းသည် ဧက ၂၀၀ ကျော်ခန့် ကျယ်ဝန်းပြီး အင်းကိုဖြတ်၍ ၁၂၁၁ ခုနှစ်က ဆောက်လုပ်ထားသည့် တောင်သမန်တံတားမှာ အရှည် ၃၉၆၇ ပေ၊ တံတားတိုင်ပေါင်း ၁၀၈၆ တိုင်၊ အခန်းပေါင်း ၄၈၂ ခန်းရှိပါကြောင်း၊ ကမ္ဘာ့အရှည်ဆုံးကျွန်းတံတားအဖြစ် မြန်မာတွင်သာမက ကမ္ဘာကျော်သည့်တံတားကြီးဖြစ်ပါကြောင်း၊ တံတားကြီးကို နှစ်ပေါင်းရှည်ကြာတည်တံ့နိုင်ရန်အတွက် ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်းလုပ်ငန်းများကို အားလုံးဝိုင်းဝန်းပူးပေါင်းကာ စဉ်ဆက်မပြတ် ဆောင်ရွက်နေပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဆန်းက တောင်သမန်မည်စည်လွင်ပြင်နှင့် ကမ္ဘာကျော် တောင်သမန်တံတားကြီးကို ပြုပြင်မွမ်းမံထိန်းသိမ်းခြင်းလုပ်ငန်း၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာလှပရေးလုပ်ငန်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်သွားမည့်အစီအမံများ၊ ဆိုင်ခန်းများဖြင့် စနစ်တကျ ရောင်းချသွားနိုင်ရေးအတွက် ဆိုင်ခန်း ၈၂ ခန်းကိုဆောက်လုပ်ထားပြီး ဆိုင်ခန်းများနေရာချထားပေးခြင်းကို စနစ်တကျကြပ်မတ်ချထားသွားရန် စီစဉ်ဆောင်ရွက်ထားရှိမှုနှင့် ဖွင့်ပွဲအခမ်းအနားအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုများကို ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးများနှင့် တက်ရောက်လာသည့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းများခွဲဝေဆောင်ရွက်သွားမည့် အစီအစဉ်များနှင့်ပတ်သက်၍ ဝိုင်းဝန်းဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**




☆ **သဘောထားထုတ်ပြန်ချက်မှ**

၃။ PNLO အဖွဲ့အနေဖြင့် ပြည်သူလူထုအကျိုးကို လက်တွေ့ကျကျ မြော်တွေးသုံးသပ်ပြီး နိုင်ငံရေးလိုလားချက်များကို တွေ့ဆုံဆွေးနွေးညှိနှိုင်းအဖြေရှာခြင်းဖြင့် NCA ကို အခြေခံသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ ငြိမ်းချမ်းရေးအထောက်အကူပြု ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့်အတူ ဆက်လက်လက်တွဲဖော်ဆောင်ပါရန် ငြိမ်းချမ်းရေးရည်သန်စိတ်ဖြင့် အလေးအနက်ထား တိုက်တွန်းပါသည်။

၄။ နိုင်ငံတော်အစိုးရသည် တွေ့ဆုံဆွေးနွေးခြင်းနည်းလမ်းဖြင့် အဖြေရှာရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးကိုဖိတ်ခေါ်၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့နှင့် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးခဲ့ပြီး ကောင်းမွန်သောရလဒ်များနှင့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဘုံသဘောတူညီချက်များရရှိခဲ့သည့်အပြင် ယခုအချိန်ထိ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအားလုံးနှင့် တွေ့ဆုံဆွေးနွေးရန် လမ်းဖွင့်ထားဆဲဖြစ်ပါသည်။

၅။ ထိပ်တိုက်ရင်ဆိုင်သည့်နည်းလမ်းကို ရှောင်ဖယ်၍ မိမိတို့၏ သဘောထားဆန္ဒ၊ လိုလားချက်များကို ငြိမ်းချမ်းရေးစားပွဲဝိုင်း၌ တွေ့ဆုံဆွေးနွေး ညှိနှိုင်းခြင်းသည်သာလျှင် လမ်းကြောင်းမှန်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ**

☐ **အသည်းအစားထိုးမှ**

တူဖြစ်သူ အသည်းအလှူရှင် ကိုသက်ကိုဦးတို့ကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်သည်။

အသည်းအစားထိုး ခွဲစိတ်ကုသမှုဆောင်ရွက်ရာတွင် အသည်းအလှူရှင်လူနာထံမှ အသည်းထုတ်ယူခြင်းကို နံနက် ၈ နာရီခွဲတွင်စတင်ခဲ့ပြီး ထုတ်ယူရရှိသော အသည်းကို ညနေ ၄ နာရီခွဲခန့်တွင် အသည်းလက်ခံလူနာထံသို့ အစားထိုးခွဲစိတ်ကုသခြင်းဆောင်ရွက်ခဲ့ကာ စုစုပေါင်း ခွဲစိတ်ချိန် ၁၁ နာရီခန့် ကြာမြင့်ခဲ့သည်။ အသည်းအလှူရှင်လူနာနှင့် အသည်းလက်ခံလူနာများ၏ ခွဲစိတ်ပြီးနောက်ပိုင်း ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး အထူးကြပ်မတ်ကုသခန်း၌ လိုအပ်သောပြုစုကုသမှုများကို သက်ဆိုင်ရာ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုကျွမ်းကျင်သူများက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

အသည်းအစားထိုး ခွဲစိတ်ကုသမှုကို တပ်မတော်မှ တာဝန်ရှိသူအရာရှိကြီးများက ကြည့်ရှုအားပေးခဲ့ပြီး ဇန်နဝါရီ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

## မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်သတင်းရယူနိုင်ရေး အသိပေးကြေညာ

၁။ ၂၀၂၃ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်တွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁) MICC-1 တွင်ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ အဆိုပါအခမ်းအနားသို့ တက်ရောက်မည့် သတင်းမီဒီယာသမား ဦးရေနှင့် အခမ်းအနားကျင်းပမည့်နေရာ ကန့်သတ်ချက်ပေါ် မူတည်၍ A Zone ၊ B Zone ခွဲခြားသတ်မှတ်ကာ သတင်းရယူစေမည်ဖြစ်ပါသည်။ သို့ပါ၍ အခမ်းအနားတက်ရောက်သတင်းရယူလိုသော လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ရယူထားသည့် မီဒီယာများအနေဖြင့် သတင်းမီဒီယာဌာနတစ်ခုလျှင် သတင်းမီဒီယာသမားနှစ်ဦးနှုန်းဖြင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ရာထူးတာဝန်၊ သတင်းဌာနစသည့် သတ်မှတ်လျှောက်လွှာပုံစံပါ အချက်အလက်များကို ဖြည့်စွက်၍ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲ(နေပြည်တော်)၊ ၀၆၇-၃၄၁၂၁၄၃၊iprd.crd.npt@gmail.com၊(ရန်ကုန်)၀၁-၅၄၄၅၈၂၊၀၁-၅၄၄၅၈၃၊ iprd.crd.ygn@gmail.com သို့ ၂၇-၁-၂၀၂၄ရက်အရောက် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# ကန့်ဘလူမြို့နယ်အတွင်း လုံခြုံရေးတာဝန်များထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆို




ကန့်ဘလူမြို့နယ်အတွင်း လုံခြုံရေးတာဝန်များထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုကြစဉ်။



ကန့်ဘလူမြို့နယ်အတွင်း လုံခြုံရေးတာဝန်များထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုကြစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၇**

လက်နက်ကိုင် သောင်းကျန်းသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ မြို့ရွာများနှင့် နိုင်ငံတော်ပိုင်အဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်း၊ ၎င်းတို့ကို မထောက်ခံသည့် ဒေသခံပြည်သူများအား ဒလန်ဟုစွပ်စွဲ၍ ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်ခြင်း၊ ဆက်ကြေးကောက်ခံခြင်း၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်နေသည့်လက်နက်ကိုင်သောင်းကျန်းသူများနှင့်PDFအမည်ခံအကြမ်းဖက်သမားများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်တပ်ဖွဲ့ဝင်များက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူများအေးချမ်းစွာ နေထိုင်နိုင်ရေးတို့အတွက် အသက်ကိုပဓာနမထားဘဲ စွန့်လွှတ်စွန့်စားသည့်စိတ်ဖြင့် တိုက်ခိုက်ချေမှုန်းလျက်ရှိပြီး နယ်မြေလုံခြုံရေး တာဝန်များကိုလည်း ထမ်းဆောင်လျက်ရှိသည်။

ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်း ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် လူမှုစီးပွားဘဝကို ကာကွယ်စောင့်ရှောက်နေပြီး လုံခြုံရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ကန့်ဘလူမြို့ခံ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ သံဃာတော်များက အောင်သပြေပန်းများ၊ ပန်းကုံးများ၊ အိုးစည်ဗုံပတ်များဖြင့် သောင်းသောင်းဖြဖြ ကြိုဆိုထောက်ခံအားပေးလျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့်လည်း နယ်မြေတည်ငြိမ်အေးချမ်းရေးကို အမြန်ဆုံးရရှိအောင် အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေး (Counter–Terrorism Operation)ကို ဂျီနီဗာကွန်ဗင်းရှင်း(၄)ရပ်ကိုအခြေခံသော လက်နက်ကိုင်ပဋိပက္ခဆိုင်ရာဥပဒေ (Law of Armed Conflict) ပြဋ္ဌာန်းချက်များနှင့်အညီ ထုတ်ပြန်ထားရှိသည့် ထိတွေ့တိုက်ခိုက်မှုဆိုင်ရာစည်းမျဉ်း (Rules of Engagement-ROE)အတိုင်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ မြို့နယ်များမှ ဆေးရုံ၊ဆေးခန်းများ၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်



ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ နယ်မြေခံတပ်မတော်သားများက ရပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။



ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့ပြည်သူ့ဆေးရုံ၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက ရပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၇**

မိမိတို့၏ နေ့စဉ်လူမှုဘဝနေထိုင်ဖြတ်သန်းရာတွင် ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်နေမှသာ ကိုယ်စိတ်နှလုံးချမ်းမြေ့ပြီးမျက်စိပသာဒဖြစ်ဖွယ်ရာ သန့်ရှင်းသာယာလှပသော မြို့ရွာ Clean City၊ Clean Village များ ဖြစ်လာမည်ဖြစ်ကာ ကျန်းမာရေးနှင့် ညီညွတ်မျှတမည်ဖြစ်သည့်အတွက် မိမိဒေသ၊ မိမိမြို့ရွာ သန့်ရှင်းသာယာရေးကို ဒေသခံများ၊ ဒေသတွင် တာဝန်ထမ်းဆောင်နေကြသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးတာဝန်ရှိသူများက မပြတ်မနေဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ တပ်မတော်သားများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ဒေသခံပြည်သူအားလုံးတို့က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ် စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့ရွာများရှိ ဆေးရုံ၊ ဆေးခန်းများ သန့်ရှင်းသပ်ရပ်ပြီး ခြင်၊ ယင်ပေါက်ဖွားမှုမရှိစေရေးနှင့် ဆေးရုံတက်ရောက်ကုသနေသော လူနာများလေကောင်းလေသန့်ရရှိစေရေး အားတက်သရောဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၊ ကနီမြို့နယ်၊မော်လိုက်မြို့နယ်နှင့် နန်းယွန်းမြို့နယ်တို့၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌လည်းကောင်း ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက ဆေးရုံ၊ ဆေးခန်းများရှိ ခြင်ခိုအောင်းနိုင်သော ချုံနွယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းနှင့် ဆေးရုံဝင်း အတွင်း၊အပြင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အစိုးရပါဠိပထမပြန်နှင့် နိကာယ်စာမေးပွဲတို့တွင် အောင်မြင်ခဲ့ကြသည့် စာအောင်သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား စာအောင်လက်မှတ်၊ စာအောင်ဆုငွေများဆက်ကပ်လှူဒါန်းခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲပြုလုပ်



စာအောင်သံဃာတော်များအား ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စွာဦး စာအောင်လက်မှတ်၊ စာအောင်ဆုငွေများ ဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၇**

တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ အစိုးရပါဠိပထမပြန်နှင့် နိကာယ်စာမေးပွဲတို့တွင် အောင်မြင်ခဲ့ကြသည့် စာအောင်သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား စာအောင်လက်မှတ်၊ စာအောင်ဆုငွေများဆက်ကပ်လှူဒါန်းခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် မြိတ်မြို့ လေးကျွန်းဆီမီးစေတီတော်ကြီး၏ ဗုဒ္ဓသာသနာ့ဗိမာန်တော်၌ပြုလုပ်ရာ နိုင်ငံတော်သြဝါဒါစရိယလှည်းဘီးပရိယတ္တိစာသင်တိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တလာသန အမှူးပြုသော သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များ ကြွရောက်တော်မူကြပြီး ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စွာဦးနှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာတိုင်းမှူးနှင့် တက်ရောက်လာကြသူများက နိုင်ငံတော်သြဝါဒါစရိယလှည်းဘီးပရိယတ္တိစာသင်တိုက် ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး စာအောင်သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား စာအောင်လက်မှတ်၊ စာအောင်ဆုငွေများ ဆက်ကပ်လှူဒါန်းကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကြွရောက်တော်မူကြသော သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား ဆွမ်းဆန်တော်၊ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ လောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။

# တောင်ငူမြို့ရှိ အခြေခံပညာအထက်တန်းကျောင်း (နတ်စင်ကုန်း)၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာရေးစုံညီပွဲတော်ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ အခြေခံပညာ အထက်တန်းကျောင်း (နတ်စင်ကုန်း)၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာရေးစုံညီပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်း၌ပြုလုပ်ရာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်သိုက်နှင့်အဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ကျောင်းသားမိဘများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများက ဇာတိမာန်သီချင်းဖြင့် စတင်ဖွင့်လှစ်ပြီး တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးက ကျောင်းရန်ပုံငွေအတွက် ထောက်ပံ့ငွေများပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိအောင် ပညာသင်ကြားပေးသည့် ဆရာ၊ ဆရာမများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့်များတွင် ကာယ၊ ဉာဏ ထူးချွန်ဆုရရှိခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက် ထူးချွန်ကျောင်းသူတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။

# မော်ဘီမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



သာသနာ့နွယ်ဝင်သီလရှင်များအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံ နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများ ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၇**

တိုင်းဒေသကြီးနှင့်ပြည်နယ်များအတွင်းရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ နယ်လှည့်ဆေးကုသရေး အဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ် အင်ကြင်းကုန်းကျေးရွာအုပ်စု ကျောက်ကာကွင်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော် သုံးပါး၊ ဒေသခံပြည်သူ ၁၇၄ ဦးတို့ကို အဆိုပါကျေးရွာရှိ အုပ်ချုပ်ရေးမှူးရုံး၌လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံနယ်လှည့်ဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်အတွင်းရှိ သံဃာတော် ၈၉ ပါးနှင့် သာသနာ့နွယ်ဝင်သီလရှင် ၂၃၁ ပါးတို့အား ဥပုသ်တော်ရပ်ကွက်ရှိ ဓမ္မမဥ္ဇရီသီလရှင် စာသင်တိုက်၌လည်းကောင်း အသီးသီးကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့များက ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ကလေးရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးသွေးကြောရောဂါ စမ်းသပ်စစ်ဆေးခြင်း၊ တီဗီဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေခြင်း၊ ဆီးချိုသွေးချိုစစ်ဆေးပေးခြင်းတို့ကိုဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သောလူနာများကို နယ်မြေခံတပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# လိပ်ပြာမျိုးစိတ်အဖြစ် မှတ်တမ်းတင်သဘောထားမှတ်ချက်ပြုထားသည့် လိပ်ပြာပုံ တံဆိပ်ခေါင်းသစ်တစ်မျိုး ရောင်းချပေးသွားမည်

**နေပြည်တော် ဇန်နဝါရီ ၂၇**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ၌တွေ့ရှိရသော လိပ်ပြာမျိုးစိတ်အဖြစ် မှတ်တမ်းတင်သဘောထားမှတ်ချက်ပြုထားသည့် "Golden Birdwing"လိပ်ပြာပုံ(၂၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုးကို ယခုနှစ် ဖေဖော်ဝါရီ ၁ ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် ပြာသိုလပြည့်ကျော် ၇ ရက် (ကြာသပတေးနေ့) နံနက် ၉ နာရီခွဲမှစတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်းရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် ဖေဖော်ဝါရီ ၁ ရက်တွင်ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ်များမှ ကျောင်းအုပ်ကြီးများနှင့် ပဲခူးတိုင်းဒေသကြီးမှ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ ဖူးမြော်ကြည်ညို



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား၊ ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ်များမှ ကျောင်းအုပ်ကြီးများနှင့် ပဲခူးတိုင်းဒေသကြီးမှ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ ဖူးမြော်ကြည်ညိုကြစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ်များမှ ကျောင်းအုပ်ကြီးများနှင့် ပဲခူးတိုင်းဒေသကြီးမှ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများသည် ယနေ့နံနက်ပိုင်းတွင် လာရောက်ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာရှင်းလင်းဆောင်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့်ထိန်းသိမ်းခြင်းလုပ်ငန်းများတွင်ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီးတည်ထားကိုးကွယ်ပူဇော်ရခြင်းရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့မှု၊လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများအသုံးပြု၍ ကျောက်စာတော်များတည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာအခမ်းအနားကြီးများစည်ကားသိုက်မြိုက်စွာကျင်းပနိုင်ခဲ့မှုအခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများက ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့မှုအခြေအနေများနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကိုမေးမြန်းကြပြီး ရုပ်ပွားတော်မြတ်ကြီးအား အဆင်ပြေချောမွေ့စွာ လာရောက်ဖူးမြော်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးမှုများနှင့်ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခဲ့မှုလုပ်ငန်းစဉ်အဆင့်ဆင့်ကိုအသေးစိတ် ရှင်းလင်းပြောကြားပေးမှုများအပေါ် ကျေးဇူးတင်စကားများပြောကြားကြသည်။

ဆက်လက်၍ ဘုရားဖူးလာအဖွဲ့များသည် ဘုရားကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများပေးအပ်လှူဒါန်းကြရာ ဘုရားဂေါပကအဖွဲ့တာဝန်ရှိသူက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ဘုရားဖူးလာအဖွဲ့များသည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌စကျင်ကျောက်များအသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋီတိုက်များအတွင်း လေ့လာကြည့်ရှုကြသည်။

ယင်းနောက် ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက်ထားရှိသည့် မော်ကွန်းတိုက်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်ပုံစံငယ်ပြသထားမှု၊ဗုဒ္ဓဥယျာဉ်တော်အတွင်းကျင်းပပြုလုပ်ခဲ့သည့် မဟာမင်္ဂလာအခမ်းအနားများတွင် အသုံးပြုခဲ့သည့် ပစ္စည်းများ၊ ဘုရားရှင်ဓာတ်တော်၊ ရဟန္တာဓာတ်တော်များ ထည့်သွင်းပူဇော်ခဲ့သည့်ရွှေဖလားများ၊မာရဝိဇယဆင်းတုတော်ကြီးအား အစိတ်အပိုင်း လေးပိုင်းခွဲ၍ တည်ဆောက်ထားသော ဆင်းတုတော်ပုံစံငယ်များ၊မြန်မာ့ရိုးရာပန်းဆယ်မျိုးလက်ရာပုံစံငယ်များ၊ရုပ်ပွားတော်မြတ်ကြီးတည်ထားပူဇော်မှုမှတ်တမ်းတင်ဓာတ်ပုံများနှင့်အခြားလေ့လာသင့်သည်များကိုလှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ဗုဒ္ဓဥယျာဉ်တော်အတွင်း အံ့မခန်းဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာတည်ထားပူဇော်ထားသည့်အဋ္ဌဂိဗိပတိသာသနာ့ဗိမာန်တော်ကြီး၊ကျောက်စာရံစေတီများနှင့်အခြားသာသနိကအဆောက်အအုံများကို ဆက်လက်ဖူးမြော်လေ့လာကြည်ညိုခဲ့ကြသည်။

အလားတူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှရဟန်းရှင်လူဘုရားဖူးပြည်သူများလည်းလာရောက်ဖူးမြော်ကြည်ညိုလျက်ရှိကြကြောင်း သိရှိရသည်။

ယနေ့တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ခဲ့ကြသည့် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ်များမှ ကျောင်းအုပ်ကြီးများနှင့် ပဲခူးတိုင်းဒေသကြီးမှ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ၏ ရင်တွင်းစကားသံများကို ယခုလိုကြားသိခဲ့ရပါသည်-

ဘုရားကြီးရဲ့ ထုလုပ်ထားတဲ့ပုံသဏ္ဌာန်ဟာရတနာပုံခေတ်နဲ့အညီဗိသုကာပညာရှင်များရဲ့ လမ်းညွှန်မှုနဲ့အညီတည်ဆောက်ထားတဲ့အတွက် လက်ရာအပြည့်စုံဆုံး၊ အထူးခြားဆုံး၊ အပြောင်မြောက်ဆုံးဆင်းတုတော်ကြီးဖြစ်ပါတယ်ခင်ဗျ။ ဗုဒ္ဓဘာသာအနုပညာလက်ရာတွေကို အံ့မခန်းတွေ့ရှိရပါတယ်။ ပုဂံခေတ်၊ အင်းဝခေတ်၊ ကုန်းဘောင်ခေတ်၊ ရတနာပုံခေတ် စတဲ့ခေတ်အဆက်ဆက်က ဗိသုကာလက်ရာများကို စုံလင်စွာဖူးမြော်တွေ့ရှိရတဲ့အတွက် ဒီဘုရားထက်ပြည့်စုံတဲ့ ဗုဒ္ဓဗိသုကာအနုပညာလက်ရာမရှိဘူးဆိုတာကို လေ့လာတွေ့ရှိရပါတယ်။ ကျွန်တော်တို့ရဲ့ဝမ်းသာပီတိကတော့အတိုင်းမသိပါပဲ။။ အခုလိုလာရောက်ဖူးမြော်ခွင့်ရတဲ့ ကျွန်တော်တို့ ဆရာကြီး၊ ဆရာမကြီးတွေအားလုံးရဲ့ရင်ထဲမှာဒီလိုထူးခြားသပ္ပာယ်တဲ့ဆင်းတုတော်ကြီးကိုဖူးမြော်ခွင့်ရတဲ့အတွက် အတိုင်းမသိ ဗုဒ္ဓဘာသာနဲ့ပတ်သက်တဲ့ ယုံကြည်မှု၊ ကိုးကွယ်မှု၊ ဘာသာတရားလေ့လာလိုက်စားမှုကို ယခင်ကထက် ပိုပြီး လေးလေးနက်နက်ကြည်ညိုကိုးကွယ်ပူဇော်ချင်တဲ့ စိတ်ထားတွေဖြစ်ပေါ်လာပါတယ်ခင်ဗျ။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာမှုဗိသုကာလက်ရာများနဲ့ သာမကနိုင်ငံတကာအဆင့်မီ၊ ကမ္ဘာ့အဆင့်မီစက်ကြီးများနဲ့ပါ ထုဆစ်ပူဇော်ထားတာဖြစ်တဲ့အတွက် ဒီဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို အင်မတန်မှကျက်သရေရှိစွာသပ္ပာယ်လှစွာရတဲ့အချိန်မှာ ရင်ထဲမှာရှိတဲ့ပီတိက "အဲ့ဒီလောက်လက်ရာမြောက်အောင် ဘယ်လိုများလုပ်ထားပါလိမ့်"ဆိုတဲ့ မေးခွန်းလေးတွေလည်းပေါ်လာပါတယ်။ ပီတိနဲ့သဒ္ဓါတရားကလည်း အရှိန်အဟုန်နဲ့ဖြစ်ပေါ်လာပါတယ်။ အဲဒါကြောင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ခွင့်ရခြင်းက ကျွန်မတို့အတွက် ကုသိုလ်ထူးလို့ပဲလို့ယူဆရပါတယ်။ ဒီဘုရားကြီးကို ကျွန်မအနေနဲ့ လာရောက်ဖူးမြော်တာ ဒီတစ်ကြိမ်နဲ့ဆိုရင် သုံးကြိမ်ရှိပါပြီ။

ခေတ်အဆက်ဆက်က အနုပညာတွေကို ကျွန်တော်တို့မြင်တွေ့ရပါတယ်။ရှင်းလင်းဆောင်မှာတာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေက ရှင်းပြတဲ့အခါ ရင်ထဲမှာဘယ်လိုမှမဖော်ပြနိုင်တဲ့ကြည်နူးမှုတွေဖြစ်လာပါတယ်။ အခက်အခဲတွေကြားထဲကဆောင်ရွက်ရတဲ့ ဒီဘုရားကြီးဖြစ်ပေါ်လာတဲ့အတွက် ကျွန်တော်တို့အနေနဲ့ အင်မတန်ဂုဏ်ယူပါတယ်။ ကျောက်စာရံ



ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ်များမှ ကျောင်းအုပ်ကြီးများနှင့် ပဲခူးတိုင်းဒေသကြီးမှ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ ဂန္ဓကုဋီတိုက်အတွင်း ကြည့်ရှုလေ့လာကြည်ညိုစဉ်။

စေတီတွေကအစ တန်ဆာဆင်ထားတဲ့ အနုပညာလက်ရာတွေက ဘယ်တုန်းကမှ ကျွန်တော်တို့ မမြင်ဖူးမတွေ့ဖူးတဲ့ လက်ရာတွေဖြစ်တာကြောင့် ကျွန်တော်တို့အနေနဲ့ အင်မတန်မှ လာရောက်ရကျိုးနပ်တယ်လို့ပြောလိုပါတယ်။ ဒီဘုရားကြီးကို ဖူးမြော်လိုက်တဲ့အချိန်မှာရရှိတဲ့ကြည်နူးမှုလောက် ဝမ်းမြောက်ဝမ်းသာဖြစ်တာ မရှိပါဘူး။ ဒါကြောင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကိုတည်ဆောက်ခဲ့တဲ့ နိုင်ငံတော်အကြီးအကဲများနဲ့တကွ တာဝန်ရှိသူများအားလုံး၊ အခုလို ထိန်းသိမ်းစောင့်ရှောက်နေကြတဲ့ ပုဂ္ဂိုလ်များအားလုံးကို ကျွန်တော့်အနေနဲ့ လှိုက်လှိုက်လှဲလှဲမေတ္တာပို့သပါတယ်။







နဲ့ ဖူးမြင်ရတဲ့အတွက်ကြောင့် ရင်ထဲမှာပီတိဖြစ်ရပါတယ်။ နောက်ခံမိုးတိမ်နဲ့ ဒီဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို လက်အုပ်ချီပြီး တစိမ့်စိမ့်အပေါ်ကိုမော့ကြည့်ပြီး ဖူးမြော်ရတဲ့အချိန် ရင်ထဲမှာပေါ်လာတဲ့ ကျွန်မတို့ဗုဒ္ဓဘာသာလူမျိုးတွေရဲ့ ပီတိနဲ့သဒ္ဓါတရားရဲ့အဟုန်က စကားလုံးနဲ့ဖော်မပြနိုင်လောက်အောင်ပါပဲ။အဲဒါတွေအကုန်လုံးကို မြန်မာမှုအနုပညာလက်ရာတွေ အပါအဝင်ပေါ့ ကမ္ဘာ့အဆင့်မီစက်ကြီးတွေကို အသုံးပြုပြီး ရာသီဥတုဒဏ်ကို ကြံ့ကြံ့ခံနိုင်ပြီးတာရှည်ခံအောင်၊ နှစ်ပေါင်းများစွာ အဓွန့်ရှည်တည်တံ့အောင်ဆောင်ရွက်ထားတယ်ဆိုတာကို လည်းသိခဲ့ရပါတယ်။ အဲဒါတွေကိုဖူးမြော်

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်တွင် ငွေကျပ် တစ်ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်တွင် ငွေကျပ် တစ်ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၃ ရက် ညနေ၅နာရီခွဲတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဆေခမ်းရပ်ကွက်ရှိ စိုင်းဆွေဆိုင်း၏ နေအိမ်ကိုသတင်းအရ ရှာဖွေရာ နေအိမ်မှ ဒေသကာလတန်ဖိုး ငွေကျပ် ၁ ဒသမ ၀၄ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားသိန်း၂၀၊ အိုက်စ် (မက်သ်အဖက်တမင်း) ၂၃ ကီလို၊ ဘိန်းစိမ်း ၇၅ ကီလိုနှင့် TOYOTA LAND CRUISER PRADO မော်တော်ယာဉ် တစ်စီးတို့ကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိစိတ်ကြွရူးသွပ်ဆေးပြားများနှင့် အိုက်စ်(မက်သ်အဖက်တမင်း)များကို ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့နယ်မှလည်းကောင်း၊ ဘိန်းစိမ်းများကို မိုင်းပျဉ်းမြို့နယ်မှလည်းကောင်း တာချီလိတ်မြို့သို့ သယ်ဆောင်ရောင်းဝယ်ခြင်း ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**(သတင်းစဉ်)**



# မွန်ပြည်နယ် ချောင်းနှစ်ခွရဲစခန်းအနီးဝန်းကျင် နေအိမ်များကို တပ်မတော်က မီးရှို့ဖျက်ဆီးလျက်ရှိကြောင်းနှင့် ကော့ကရိတ်မြို့နယ်အတွင်း တပ်မတော်က လူသားဒိုင်း အသုံးပြုလျက်ရှိကြောင်း သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်တွင် မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၇**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ချောင်းနှစ်ခွနယ်မြေရဲစခန်း ပတ်ဝန်းကျင်ရှိနေအိမ်များကို တပ်မတော်က မီးရှို့ဖျက်ဆီးမှုများ လုပ်ဆောင်လျက်ရှိကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ချောင်းနှစ်ခွလုံခြုံရေးစခန်းကို ၂၀၂၃ ခုနှစ် နိုဝင်ဘာလနှင့်ဒီဇင်ဘာလတို့တွင် PDF အမည်ခံ အကြမ်းဖက်သမားများနှင့် KNLA လက်နက်ကိုင်ပူးပေါင်းအဖွဲ့များက ဝိုင်းဝန်းပိတ်ဆို့ကာ စခန်းဝန်းကျင်ရှိနေအိမ်များတွင် ဝင်ရောက်နေရာယူ၍ ကတုတ်ကျင်းများ၊ဘန်ကာများ တူးဖော်အသုံးပြုတိုက်ခိုက်ခြင်း အပါအဝင် လူနေအိမ်များရှိ ပစ္စည်းများယူဆောင်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်းစသည့် လုပ်ဆောင်မှုများကြောင့် ကျေးရွာရှိနေအိမ်များ မီးလောင်ပျက်စီးခဲ့ခြင်းဖြစ်ကြောင်း သက်ဆိုင်ရာနယ်မြေလုံခြုံရေး ဆိုင်ရာတာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ သိရသည်။







အလားတူ ဇန်နဝါရီ ၂၂ ရက်မှစ၍ တပ်မတော်က ကော့ကရိတ်မြို့နယ်အတွင်း ရှိဒေသခံများအား လူသားဒိုင်းပြုလုပ်ပြီး အသုံးပြုလျက်ရှိကြောင်း သတင်းတု၊ သတင်းမှားများအား တရားမဝင် ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရပြီး တပ်မတော်အနေဖြင့် ကော့ကရိတ်မြို့နယ်အတွင်း လိုအပ်သောလုံခြုံရေးလုပ်ငန်းများနှင့်ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်လျက်ရှိကြောင်းနှင့် တရားမဝင်ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသားထားသည့် သတင်းမှားသာဖြစ်ကြောင်း သတင်းရရှိသည်။

# ဘီးလင်းမြို့နယ်အတွင်း ဌာနဆိုင်ရာရုံးများတွင် ပုံးခိုကျင်းများတူးကြရန် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ညွှန်ကြားထားကြောင်း သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်တွင် မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ




**နေပြည်တော် ဇန်နဝါရီ ၂၇**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်အတွင်း ဌာနဆိုင်ရာရုံးများတွင် ဗုံးခိုကျင်းများ တူးကြရန် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ညွှန်ကြားထားကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ မွန်ပြည်နယ် ဘီးလင်းမြို့အတွင်း ဌာနဆိုင်ရာရုံးများကို ညွှန်ကြားချက်ထုတ်ပြန်ထားခြင်းမရှိကြောင်းနှင့် အများပြည်သူ စိုးရိမ်ထိတ်လန့်မှုဖြစ်ပေါ်စေရန် ကောလာဟလသတင်းတု ဖြန့်ဝေရေးသားခြင်းဖြစ်ကြောင်း သက်ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု ပျက်စီးစေရန်၊ ဒေသခံပြည်သူများ စိုးရိမ်ထိတ်လန့်စေရန်အတွက် လူမှုကွန်ရက်စာမျက်နှာများတွင် သတင်းတု၊ သတင်းမှားများကို ရည်ရွယ်ချက်ရှိရှိ ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUGနှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကိုဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၂၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇန်နဝါရီ ၂၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Aung Kyaw Soe" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အမှတ်(၁၁)ရပ်ကွက်နေ အောင်ကျော်စိုးအား နံနက် ၁၁ နာရီခွဲတွင် သောင်ကြီးနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကိုဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူ သွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန် အပ်ပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊လုယက်ခြင်းကို CRPH၊NUG၊PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# (၇၆) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ သဘောရေးဖြေနှင့် အာဂုံပြန်အောင်စာရင်းသဘောရေးဖြေအောင်စာရင်း

**အဘိဓမ္မပိဋက၊ အဘိဓမ္မာဒုတိယပိုင်း နှစ်ကျမ်း သဘောရေးဖြေအောင်**

**အဘိဓမ္မကောဝိဒ၊ တိပိဋကဓရ တိပိဋကကောဝိဒ (၁) ပါး**

၁။ ပလ္လင်အမှတ် (၂၈၄) အရှင်ပညာသိရီလင်္ကာရ၊ အသက်(၅၉)နှစ်၊ သိက္ခာ(၃၉)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**သုတ္တန္တပိဋက၊ ဒီဃနိကာယ် သုံးကျမ်း သဘောရေးဖြေအောင်**

**ဒီဃနိကာယကောဝိဒ (၃) ပါး**

၁။ ပလ္လင်အမှတ် (၃၁၆) အရှင်ဝါယာမိန္ဒာလင်္ကာရ၊ အသက်(၄၀)နှစ်၊ သိက္ခာ(၂၁)ဝါ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂။ ပလ္လင်အမှတ် (၃၁၈) အရှင်ပညာစာရာလင်္ကာရ၊ အသက်(၄၀)နှစ်၊ သိက္ခာ(၂၀)ဝါ တိပိဋကကမ္ဘောဇကျောင်းတိုက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်

၃။ ပလ္လင်အမှတ် (၃၁၉) အရှင်အဋ္ဌရိယ၊ အသက်(၄၀)နှစ်၊ သိက္ခာ(၂၀)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**ဝိနယပိဋက၊ ဝိနည်းဒုတိယပိုင်း သုံးကျမ်း သဘောရေးဖြေအောင်**

**ဝိနယကောဝိဒ (၅) ပါး**

၁။ ပလ္လင်အမှတ် (၃၇၆) အရှင်သီလာနန္ဒာလင်္ကာရ၊ အသက်(၃၅)နှစ်၊ သိက္ခာ(၁၄)ဝါ မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂။ ပလ္လင်အမှတ် (၃၈၃) အရှင်ဝိမလာလင်္ကာရ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၂)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ပလ္လင်အမှတ် (၃၈၅) အရှင်ပညာသာမိလင်္ကာရ၊ အသက် (၃၂)နှစ်၊ သိက္ခာ(၁၁) ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄။ ပလ္လင်အမှတ် (၃၈၉) အရှင်မဏ္ဍလာလင်္ကာရ၊ အသက်(၃၁)နှစ်၊ သိက္ခာ(၁၁)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၅။ ပလ္လင်အမှတ် (၅၀၃) အရှင်ဝိညာဏဇောတ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၁)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**ဝိနယပိဋက၊ ဝိနည်းပထမပိုင်း နှစ်ကျမ်း သဘောရေးဖြေအောင်**

**ဥဘတောဝိဘင်္ဂကောဝိဒ (၇) ပါး**

၁။ ပလ္လင်အမှတ် (၄၀၄) အရှင်ကေသဝ၊ အသက်(၃၈)နှစ်၊ သိက္ခာ(၁၈)ဝါ တိပိဋကစုဆန်းလီကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂။ ပလ္လင်အမှတ် (၄၄၉) အရှင်ဉာဏုတ္တရာဘိဝံသ၊ အသက်(၃၄) နှစ်၊ သိက္ခာ (၁၄)ဝါ မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃။ ပလ္လင်အမှတ် (၄၆၀) အရှင်ထာဝရာလင်္ကာရ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၂)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း

၄။ ပလ္လင်အမှတ် (၄၆၄) အရှင်စန္ဒာဝရ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၂)ဝါ တိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅။ ပလ္လင်အမှတ် (၄၆၅) အရှင်ဓမ္မိက၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၂)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၆။ ပလ္လင်အမှတ် (၄၈၅) အရှင်ကုသလ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း

၇။ ပလ္လင်အမှတ် (၄၉၀) အရှင်သုစိတ္တာလင်္ကာရ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၈)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**အာဂုံပြန်အောင်စာရင်း**

**အဘိဓမ္မပိဋက၊ အဘိဓမ္မာပထမပိုင်း ငါးကျမ်းအာဂုံအောင်**

**မူလအာဘိဓမ္မိက(၅)ပါး**

၁။ ပလ္လင်အမှတ် (၃) အရှင်ဇနိန္ဒ၊ အသက်(၄၇)နှစ်၊ သိက္ခာ(၂၇)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၂။ ပလ္လင်အမှတ် (၅) အရှင်ပဏ္ဍဝါလင်္ကာရ၊ အသက်(၃၈)နှစ်၊ သိက္ခာ(၁၈)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ပလ္လင်အမှတ် (၆) အရှင်အာစာရာလင်္ကာရ၊ အသက်(၄၀)နှစ်၊ သိက္ခာ (၂၀)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄။ ပလ္လင်အမှတ် (၇) အရှင်အာနန္ဒပဏ္ဍိတာလင်္ကာရ၊ အသက်(၃၇)နှစ်၊ သိက္ခာ(၁၈)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၅။ ပလ္လင်အမှတ် (၈) အရှင်သောဘန၊ အသက်(၃၆)နှစ်၊ သိက္ခာ(၁၃)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**သုတ္တန္တပိဋက၊ ဒီဃနိကာယ် သုံးကျမ်းအာဂုံအောင်**

**ဒီဃဘာဏက(၉)ပါး**

၁။ ပလ္လင်အမှတ် (၁၀) အရှင်သီလာနန္ဒ(မိတ္ထီလာ)၊ အသက်(၃၁)နှစ်၊ သိက္ခာ(၁၁)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း(ဝိသိဋ္ဌ)

၂။ ပလ္လင်အမှတ် (၁၂) အရှင်မင်္ဂလာစာရ၊ အသက်(၄၆)နှစ်၊ သိက္ခာ(၂၅)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ပလ္လင်အမှတ် (၁၄) အရှင်ဝီရိယာလင်္ကာရ၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၄)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ ပြင်ဦးလွင်မြို့(အနီးစခန်း)၊ မန္တလေးတိုင်းဒေသကြီး

၄။ ပလ္လင်အမှတ် (၁၉) အရှင်ပါမောက္ခ၊ အသက်(၃၈)နှစ်၊ သိက္ခာ(၁၈)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၅။ ပလ္လင်အမှတ် (၂၂) အရှင်ကောသလ္လ၊အသက်(၃၄)နှစ်၊သိက္ခာ(၁၃)ဝါတိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၆။ ပလ္လင်အမှတ် (၂၃) အရှင်တိက္ခဉာဏာလင်္ကာရ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၁)ဝါ တိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၇။ ပလ္လင်အမှတ် (၂၄) အရှင်နန္ဒိမာလင်္ကာရ၊ အသက်(၃၉)နှစ်၊ သိက္ခာ(၁၉)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ဝိသိဋ္ဌ)

၈။ ပလ္လင်အမှတ် (၂၅) အရှင်ဝိဇ္ဇာနန္ဒာလင်္ကာရ၊ အသက်(၃၈)နှစ်၊ သိက္ခာ(၁၇)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၉။ ပလ္လင်အမှတ် (၂၇) အရှင်ပညာသာရာလင်္ကာရ(စက)၊ အသက်(၃၆)နှစ်၊ သိက္ခာ(၁၅)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

**ဝိနယပိဋက၊ ဝိနည်းဒုတိယပိုင်း သုံးကျမ်းအာဂုံအောင်**

**ဝိနယဓရ(၃၁)ပါး**

၁။ ပလ္လင်အမှတ် (၂၈) အရှင်သောဘနာလင်္ကာရ၊ အသက်(၃၈)နှစ်၊ သိက္ခာ(၁၆)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ ပြင်ဦးလွင်(အနီးစခန်း)၊ မန္တလေးတိုင်းဒေသကြီး

၂။ ပလ္လင်အမှတ် (၃၃) အရှင်သိရီဉာဏာလင်္ကာရ၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၂)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃။ ပလ္လင်အမှတ် (၃၄) အရှင်ဝိညာဏဇောတ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၁)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄။ ပလ္လင်အမှတ် (၃၅) အရှင်တေဇနိယ(ကျောက်တန်း)၊အသက်(၃၁)နှစ်၊သိက္ခာ(၁၁)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၅။ ပလ္လင်အမှတ် (၃၆) အရှင်ဥတ္တမာလင်္ကာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ ပိဋကသုံးပုံနိကာယ် စာသင်တိုက်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆။ ပလ္လင်အမှတ် (၃၉) အရှင်သုမန၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါ ဓမ္မအလင်္ကာကျောင်းတိုက်၊ လှိုင်ကော်မြို့၊ ကယားပြည်နယ်

၇။ ပလ္လင်အမှတ် (၄၀) အရှင်ယသ၊ အသက်(၃၇)နှစ်၊ သိက္ခာ(၁၇)ဝါ မြတောင်တိုက်၊ ယောကျောင်း မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၈။ ပလ္လင်အမှတ် (၄၂) အရှင်ဥတ္တမသာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက် ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၉။ ပလ္လင်အမှတ် (၄၇) အရှင်သောဘိတာလင်္ကာရ(ဝက်လက်)၊ အသက်(၃၂)နှစ် သိက္ခာ(၁၁)ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက် ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၀။ ပလ္လင်အမှတ် (၄၉) အရှင်တိသာဓဇ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၁)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၁။ ပလ္လင်အမှတ် (၅၁) အရှင်နန္ဒောဘာသ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၃)ဝါ သာသနာ့လင်းရောင်ကြည် ကျောင်းတိုက် ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး

၁၂။ ပလ္လင်အမှတ် (၅၂) အရှင်သုမင်္ဂလ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါ သီတဂူဓမ္မဝိဟာရစာသင်တိုက်၊ ဘိုကလေးမြို့၊ ဧရာဝတီတိုင်းဒေသကြီး

၁၃။ ပလ္လင်အမှတ် (၅၃) အရှင်ပညာလောကာလင်္ကာရ၊အသက်(၃၁)နှစ်၊သိက္ခာ(၁၂)ဝါ တိပိဋကမဟာဂန္ဓာရုံ ကျောင်းတိုက်၊ ရွှေနံ့သာစံပြကျေးရွာ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၄။ ပလ္လင်အမှတ် (၅၄) အရှင်ဥတ္တမာနန္ဒာလင်္ကာရ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၈)ဝါ ရွာမပရိယတ္တိ စာသင်တိုက်၊ အင်းစိန်မြို့နယ် ရန်ကုန်တိုင်းဒေသကြီး

၁၅။ ပလ္လင်အမှတ် (၅၅) အရှင်ကေသဝ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၃)ဝါ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၆။ ပလ္လင်အမှတ် (၆၆) အရှင်သူရဓမ္မာလင်္ကာရ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါ တိပိဋကနိကာယ ကျောင်းတိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း

၁၇။ ပလ္လင်အမှတ် (၇၀) အရှင်ကေသရ(ရမည်းသင်း)၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၄)ဝါ တိပိဋကနိကာယ ကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၈။ ပလ္လင်အမှတ် (၇၁) အရှင်ဉာဏိက၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၄)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၉။ ပလ္လင်အမှတ် (၇၅) အရှင်စန္ဒောဘာသ(ရွှေဘို)၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါ တိပိဋကနိကာယ ကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၂၀။ ပလ္လင်အမှတ် (၉၆) အရှင်နန္ဒိယာလင်္ကာရ၊ အသက်(၃၅)နှစ်၊ သိက္ခာ(၁၂)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ဝိသိဋ္ဌ)

စာမျက်နှာ ၂၆ သို့

စာမျက်နှာ ၂၅ မှအဆက်

၂၁။ ပလ္လင်အမှတ် (၉၈) အရှင်ပညာဝရာလင်္ကာရ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း

၂၂။ ပလ္လင်အမှတ် (၁၀၈) အရှင်ကုသလ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၆)ဝါ တိပိဋကမဟာသစ္စာအောင်မြေကျောင်းတိုက်ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၃။ ပလ္လင်အမှတ် (၁၁၁) အရှင်သုမန၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက် မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၄။ ပလ္လင်အမှတ် (၁၁၂) အရှင်ဝရသာမိ၊အသက်(၃၄)နှစ်၊သိက္ခာ(၁၄)ဝါ တိပိဋကစုဆန်းလီကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၅။ ပလ္လင်အမှတ် (၁၁၃) အရှင်သစ္စန၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၂)ဝါ တိပိဋကစုဆန်းလီကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၆။ ပလ္လင်အမှတ် (၁၂၀) အရှင်ပညာသိရီလင်္ကာရ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၂၇။ ပလ္လင်အမှတ် (၁၂၃) အရှင်စန္ဒိမာဇောတိ၊ အသက်(၃၈)နှစ်၊ သိက္ခာ (၁၈)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း

၂၈။ ပလ္လင်အမှတ် (၁၂၅) အရှင်ဉာဏိသရ၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၄)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၂၉။ ပလ္လင်အမှတ် (၁၂၉) အရှင်ဝါသဝ(ဆင်ပေါင်ဝဲ)၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၃)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၃၀။ ပလ္လင်အမှတ် (၁၃၁) အရှင်စန္ဒာသိရီ(မကွေး)၊အသက်(၃၂)နှစ်၊သိက္ခာ(၁၂)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၃၁။ ပလ္လင်အမှတ် (၁၃၄) အရှင်ကေလာသ၊အသက်(၃၁)နှစ်၊သိက္ခာ(၁၁)ဝါတိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

**ဝိနယပိဋက၊ ဝိနည်းပထမပိုင်း နှစ်ကျမ်းအာဂုံအောင်**

**ဥဘတောဝိဘင်္ဂရေ(၅၁)ပါး**

၁။ ပလ္လင်အမှတ် (၁၄၉) အရှင်သိက္ခိတ၊ အသက်(၃၅)နှစ်၊ သိက္ခာ(၁၆)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂။ ပလ္လင်အမှတ် (၁၅၀) အရှင်စာရိန္ဒ၊ အသက်(၃၅)နှစ်၊ သိက္ခာ(၁၅)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ပလ္လင်အမှတ် (၁၅၂) အရှင်စန္ဒသိရီ(မလှိုင်)၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၃)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း

၄။ ပလ္လင်အမှတ် (၁၅၃) အရှင်ပညာဓဇ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၃)ဝါတိပိဋကစုဆန်းလီကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅။ ပလ္လင်အမှတ် (၁၅၆) အရှင်ဝိမလ(မိတ္ထီလာ)၊အသက်(၃၂)နှစ်၊သိက္ခာ(၁၂)ဝါတိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၆။ ပလ္လင်အမှတ် (၁၅၈) အရှင်သီလာနန္ဒာလင်္ကာရ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၁)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး **(အထူးအောင်)**

၇။ ပလ္လင်အမှတ် (၁၅၉) အရှင်တေဇ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၁)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ ရွာငံမြို့ ရှမ်းပြည်နယ်တောင်ပိုင်း

၈။ ပလ္လင်အမှတ် (၁၆၀) အရှင်ပညိန္ဒ(မြို့သစ်)၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၀)ဝါတိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၉။ ပလ္လင်အမှတ် (၁၆၁) အရှင်ကုန္တကာလင်္ကာရ(ဟိုပုံး)၊အသက်(၃၀)နှစ်၊သိက္ခာ(၁၀)ဝါတိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၀။ ပလ္လင်အမှတ် (၁၆၃) အရှင်သောပါက၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၁။ ပလ္လင်အမှတ် (၁၆၄) အရှင်သုဇာတ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၂။ ပလ္လင်အမှတ် (၁၆၅) အရှင်ပညာသာမီလင်္ကာရ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၆)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၃။ ပလ္လင်အမှတ် (၁၆၆) အရှင်ခန္တီစာရ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၄။ ပလ္လင်အမှတ် (၁၇၄) အရှင်ကုသလ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၂)ဝါ အောင်ခဲ့စဉ်ရိပ်သာကျောင်းတိုက် ရေဦးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၅။ ပလ္လင်အမှတ် (၁၇၆) အရှင်ဇောတိပါလ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၁၀)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၆။ ပလ္လင်အမှတ် (၁၇၈) အရှင်အာလောက၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၁)ဝါ အလယ်တိုက်ကျောင်း၊ မြဲတောင်တိုက် မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၇။ ပလ္လင်အမှတ် (၁၇၉) အရှင်နန္ဒိယာလင်္ကာရ၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၀)ဝါ မုံတောဘုရားငါးဆူကျောင်းတိုက်၊ မိုးကုတ်မြို့၊ မန္တလေးတိုင်းဒေသကြီး

၁၈။ ပလ္လင်အမှတ် (၁၈၂) အရှင်ဉာဏောဘာသာလင်္ကာရ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၇)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၉။ ပလ္လင်အမှတ် (၁၈၆) အရှင်ဣန္ဒောဘာသ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၁)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း

၂၀။ ပလ္လင်အမှတ် (၁၈၇) အရှင်ဇောတိပါလ၊ အသက်(၃၅)နှစ်၊ သိက္ခာ(၁၅)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း

၂၁။ ပလ္လင်အမှတ် (၁၉၇) အရှင်သိရိန္ဒ(ရေဦး)၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၂၂။ ပလ္လင်အမှတ် (၂၀၁) အရှင်ကဝိန္ဒ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၂၃။ ပလ္လင်အမှတ် (၂၀၂) ရှင်သောဘနာလင်္ကာရ၊ အသက်(၁၉)နှစ် ချမ်းမြေ့ဗေယျာသာမဏေကျော်စာသင်တိုက် ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး

၂၄။ ပလ္လင်အမှတ် (၂၀၆) အရှင်ဝိနယာလင်္ကာရ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ ရွှေနံ့သာစံပြကျေးရွာ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၅။ ပလ္လင်အမှတ် (၂၀၈) အရှင်အာလောက၊ အသက်(၂၇)နှစ်၊ သိက္ခာ(၆)ဝါဥယျာဉ်ပရိယတ္တိကျောင်းတိုက်၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၂၆။ ပလ္လင်အမှတ် (၂၁၂) အရှင်ဝိသာရဒါလင်္ကာရ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၆)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၇။ ပလ္လင်အမှတ် (၂၁၅) အရှင်ဉာဏိက၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၁)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၈။ ပလ္လင်အမှတ် (၂၂၀) အရှင်သီလာစာရ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၈)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၉။ ပလ္လင်အမှတ် (၂၂၁) အရှင်ဝိဇာတာလင်္ကာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး **(အထူးအောင်)**

၃၀။ ပလ္လင်အမှတ် (၂၂၅) အရှင်ဝိနယ၊ အသက်(၃၅)နှစ်၊ သိက္ခာ(၁၅)ဝါ တိပိဋကမွေပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၃၁။ ပလ္လင်အမှတ် (၂၂၉) အရှင်ဇဝန၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၂)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၃၂။ ပလ္လင်အမှတ် (၂၃၁) အရှင်နန္ဒဝံသ(တန့်ဆည်)၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၂)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း

၃၃။ ပလ္လင်အမှတ် (၂၃၄) အရှင်ဝိဓွောဒယာလင်္ကာရ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၃)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း

၃၄။ ပလ္လင်အမှတ် (၂၄၁) အရှင်သုန္ဒရာလင်္ကာရ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၃၅။ ပလ္လင်အမှတ် (၂၄၇) အရှင်နန္ဒကသာရ၊ အသက်(၃၆)နှစ်၊ သိက္ခာ(၁၄)ဝါ တိပိဋကစုဆန်းလီကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၆။ ပလ္လင်အမှတ် (၂၄၈) အရှင်ဉာဏမဉ္ဇူ၊အသက်(၂၄)နှစ်၊သိက္ခာ(၄)ဝါ တိပိဋကစုဆန်းလီကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၇။ ပလ္လင်အမှတ် (၂၄၉) အရှင်ကုန္တက၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ၊ တိပိဋကစုဆန်းလီကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၈။ ပလ္လင်အမှတ် (၂၅၁) အရှင်စန္ဒဇောတျာလင်္ကာရ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၇)ဝါ တိပိဋကစိန်ရွှေဖူးကျောင်းတိုက် မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၉။ ပလ္လင်အမှတ် (၂၅၂) အရှင်ကုမာရာလင်္ကာရ၊ အသက်(၂၄)နှစ်၊ သိက္ခာ(၄)ဝါ မြစကြာစာသင်တိုက် စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး **(အထူးအောင်)**

၄၀။ ပလ္လင်အမှတ် (၂၅၃) အရှင်သီဟဉာဏ(မအူပင်)၊အသက်(၃၀)နှစ်၊သိက္ခာ(၁၁)ဝါတိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၁။ ပလ္လင်အမှတ် (၂၅၇) အရှင်ဇောတိသာရ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၁၀)ဝါ မဟာသိဝံသာမဏေကျော်စာသင်တိုက် ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

၄၂။ ပလ္လင်အမှတ် (၂၅၉) အရှင်ဝိဇယ၊ အသက်(၃၁)နှစ်၊ သိက္ခာ(၁၂)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၃။ ပလ္လင်အမှတ် (၂၆၁) အရှင်စန္ဒိမာ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၄။ ပလ္လင်အမှတ် (၂၆၂) အရှင်အာဒိစ္စ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၅။ ပလ္လင်အမှတ် (၂၆၃) အရှင်စန္ဒာဝရာလင်္ကာရ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၇)ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၆။ ပလ္လင်အမှတ် (၂၆၄) အရှင်ပညာဇောတ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၇။ ပလ္လင်အမှတ် (၂၆၅) အရှင်စန္ဒာသိရီ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**(အထူးအောင်)**

၄၈။ ပလ္လင်အမှတ် (၂၆၈) အရှင်ဇနကာလင်္ကာရ၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၃)ဝါ တိပိဋကမွေပါလကျောင်းတိုက် မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၄၉။ ပလ္လင်အမှတ် (၂၆၉) အရှင်ကုဏ္ဍလ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၂)ဝါ တိပိဋကမွေပါလကျောင်းတိုက် မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး**(အထူးအောင်)**

၅၀။ ပလ္လင်အမှတ် (၂၇၀) အရှင်ခေမိန္ဒာလင်္ကာရ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋကမွေပါလကျောင်းတိုက် မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး**(အထူးအောင်)**

၅၁။ ပလ္လင်အမှတ် (၂၇၉) အရှင်ကာရုဉ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလတွင် အုန်းသီးအလုံးရေ ၃၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



**မော်လမြိုင်ကျွန်း ဇန်နဝါရီ ၂၇**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် အုန်းသီးအလုံးရေ ၃၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း မော်လမြိုင်ကျွန်းမြို့နယ် အုန်းသီးရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်သူဇာက ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၃ ခုနှစ် နိုဝင်ဘာလအတွင်းက အုန်းသီးအလုံးရေ ၂၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာလတွင် အုန်းသီးအလုံးရေ ၃၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့သည့် အုန်းသီးအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၅၈၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

"မော်လမြိုင်ကျွန်းကနေ လယ်ယာထွက်ကုန်တွေကော၊ ခြံထွက်သီးနှံတွေပါ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာလအတွင်း အုန်းသီးအလုံးရေ ၃၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်ကနေ လက်ရှိ ဒေသထွက်ကုန်အုန်းသီးတွေ ဝယ်ယူမှုအားကောင်းနေပါတယ်။ ပြည်တွင်းမှာကို အုန်းသီးတွေဝယ်ယူမှုအားကောင်းနေပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် အုန်းသီးရောင်းဝယ်ရေး လုပ်ငန်းပိုင်ရှင် ဒေါ်သူဇာက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ထွက်ရှိသည့် အုန်းသီးများကို အုန်းသီးအခြောက်၊ အုန်းသီးအစိမ်း၊ အုန်းသီးအနု၊ အုန်းသီးအခွံခွာ၊ အုန်းသီးအခွံပါ စသည့် စနစ်များ လုပ်ဆောင်ပြီး ကုန်တင်ကား၊ ကုန်တင်ရေယာဉ်များဖြင့် တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါ ဒေသထွက် အုန်းသီးများ ဈေးကောင်းလာရှိခြင်း၊ ဝယ်ယူမှုအားကောင်းလာခြင်းကြောင့် အုန်းစိုက်ပျိုးရေးတောင်သူများ၊ ကုန်ထမ်းလုပ်သားများ၊ ပွဲရုံလုပ်ငန်းရှင်များ၊ ကုန်တင်ကားအငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိလာကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# သံတောင်ကြီးမြို့နယ် ရွှေညောင်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သံတောင်ကြီး ဇန်နဝါရီ ၂၇**

ကရင်ပြည်နယ် သံတောင်ကြီးခရိုင် သံတောင်ကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ရွှေညောင်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သံတောင်ကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းဦးက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ ရန်ပုံငွေကျပ် ၄၂၀ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ ရွှေညောင်ပင် ကျေးရွာ၌ နဝမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၃ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၃ ဦး၊ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၂၀ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အိုအို**

# ဗန်းမောက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၁၂၅၅ ဧက စိုက်ပျိုးပြီးစီး

**ကသာ ဇန်နဝါရီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၁၂၅၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြ၍ သိရသည်။

ဗန်းမောက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၄၂၃၇ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ဇန်နဝါရီ ၂၆ ရက်ထိ ၁၁၂၅၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဗန်းမောက်မြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက မြေပဲဧက ၄၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားတာပါ။ ဇန်နဝါရီ ၂၆ ရက်ထိ ဧက ၁၀၀၀၀ ကျော်စိုက်ပျိုးပြီးပါပြီ။ မြေပဲစိုက်ပျိုးမှုအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်။ မြေပဲကို လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြသည်။



ဗန်းမောက်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၉၄ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် ဇွန်လမှစတင်၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ ၃၇၈ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ဗန်းမောက်မြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရန်၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြ၍ သိရသည်။

(၂၀၆)

# မိုးမောက်မြို့နယ် မင်းကျမ်းကျေးရွာတွင် ဘက်စုံသုံးခန်းမတည်ဆောက်ပြီးစီးမှု စစ်ဆေး

**မိုးမောက် ဇန်နဝါရီ ၂၇**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မင်းကျမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးမောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းတင့်၊ မြို့နယ်စာရင်းစစ်ရုံးအဖွဲ့နှင့် တာဝန်ရှိသူများက ကျေးရွာကော်မတီဝင်များနှင့်အတူ ဘက်စုံသုံးခန်းမဆောင်တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားပြီး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မိုးမောက်မြို့နယ် မင်းကျမ်းကျေးရွာ၌ အလျား ၃၆ ပေ၊ အနံ ပေ ၃၀၊ အမြင့် ၁၂ ပေရှိ ဘက်စုံသုံးခန်းမဆောင်တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၂၅ သန်း အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာပြည်သူများ ကိုယ်တိုင် ၂၀၂၃ ခုနှစ် ဩဂုတ်လ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ မင်းကျမ်းကျေးရွာနေပြည်သူများအတွက် သာရေး၊ နာရေးနှင့်လူမှုရေးဆိုင်ရာကိစ္စရပ်များ၊ အစည်းအဝေးများ ပြုလုပ်ရာတွင် များစွာအထောက်အကူပြုလျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးဝင်းတင့်ထံမှ သိရသည်။

**မင်းမြင့်မိုရ်**

# လင်းခေးမြို့နယ် နားလင်းကျေးရွာတွင် ကွန်ကရစ်ဘီးလမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**လင်းခေး ဇန်နဝါရီ ၂၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဝမ်တိန်းကျေးရွာအုပ်စု နားလင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေဖြင့် ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။


ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြင့်သူနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ နားလင်းကျေးရွာ၌ ရွာတွင်းလမ်းကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းကို တန်ဖိုးထားရန်၊ အကျိုးရှိစွာ အသုံးပြုရန်နှင့် လမ်းရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် မှာကြားသည်။

လင်းခေးမြို့နယ် နားလင်းကျေးရွာ၌ ရွာတွင်းလမ်းအရှည်ပေ ၁၀၀၀၊ အမြင့် လေးလက်မ၊ တစ်ဖက်လျှင် အကျယ် သုံးပေခြောက်လက်မရှိ ကွန် ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် ၁၂ ဒသမ ၂ သန်း၊ ကျေးရွာနေပြည်သူထည့်ဝင်ငွေကျပ် သုံးသန်းအသုံးပြု၍ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာပြည်သူများ ကိုယ်တိုင် ၂၀၂၃ ခုနှစ် ဩဂုတ်လ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းပြီးစီးပြီဖြစ်၍ နားလင်း ကျေးရွာရှိ အိမ်ခြေ ၆၅ အိမ်၊ လူ ၃၇၃ ဦးအတွက် လမ်းပန်းဆက်သွယ်ရေး ပိုမိုလွယ်ကူချောမွေ့စွာ သွားလာလျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်အေးမြင့်သူက ပြောပြ၍ သိရသည်။

**အေးသူ**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

# ပုဂံရှေးဟောင်းသုတေသနပြတိုက်သို့ ယခုဘဏ္ဍာနှစ် ဧပြီလမှ ဒီဇင်ဘာလထိ ပြည်တွင်း၊ ပြည်ပမှ လာရောက်လေ့လာလည်ပတ်သူ ၈၄၈၃ ဦးရှိခဲ့



**ညောင်ဦး ဇန်နဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်ရှိ ပုဂံရှေးဟောင်းသုတေသနပြတိုက်သို့ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလမှ ဒီဇင်ဘာလထိ ပြည်တွင်း၊ ပြည်ပမှ လာရောက်လေ့လာလည်ပတ်သူ ၈၄၈၃ ဦး ရှိခဲ့ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သူဇာဇံက ပြောပြ၍ သိရသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလမှ ဒီဇင်ဘာလထိ ပြည်တွင်းခရီးသွားဦးရေ ၈၃၆၀၊ ပြည်ပခရီးသွား ၁၂၃ ဦး စုစုပေါင်းလေ့လာလည်ပတ်သူ ၈၄၈၃ ဦးရှိခဲ့ကြောင်း၊ ခရီးသွားဝင်ငွေကျပ် ၃၈၅ ဒသမ ၂၆ သိန်း ရရှိထားကြောင်း သိရသည်။

"ပုဂံကို ပြည်တွင်း၊ ပြည်ပခရီးသွား ဝင်ရောက်မှုအနေအထားက အရင်ကလို ခရီးသွားရာသီရောက်မှ ခရီးသွားဝင်ရောက်မှုများတာမျိုး မဟုတ်တော့ဘဲ မိုးကာလမှာလဲ ခရီးသွား ဝင်ရောက်မှုရှိနေတဲ့ အနေအထားဖြစ်ပါတယ်။ ပုဂံရှေးဟောင်းသုတေသနပြတိုက်ကို အခုဘဏ္ဍာနှစ် ဧပြီလကနေ ဒီဇင်ဘာလထိ ပြည်တွင်း၊ ပြည်ပခရီးသွား ၈၄၈၃ ယောက် ဝင်ရောက်ခဲ့ပြီး ခရီးသွားဝင်ငွေကျပ် ၃၈၅ ဒသမ ၂၆ သိန်း ရရှိခဲ့ပါတယ်"ဟု ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သူဇာဇံက ပြောပြသည်။

ပုဂံရှေးဟောင်းသုတေသနပြတိုက်ကို တနင်္လာနေ့နှင့် အများပြည်သူရုံးပိတ်ရက်များမှအပ နေ့စဉ် နံနက် ၉ နာရီ မိနစ် ၃၀ မှ ညနေ ၄ နာရီ မိနစ် ၃၀ ထိ ပုံမှန်ဖွင့်လှစ်ထားကြောင်း သိရသည်။

ယခုအခါ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအနေဖြင့် ပြည်တွင်းမှာသာမက ပြည်ပမှလေ့လာလိုသူများ လွယ်လင့်တကူ ကြည့်ရှုလေ့လာနိုင်ရန်အတွက် ပြတိုက်များကို Digital Museum အဖြစ် အဆင့်မြှင့်တင်ပြသနိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သူဇာဇံက ပြောပြ၍ သိရသည်။

ASH

# ကံမမြို့နယ် ဝန်လိုကိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကံမ ဇန်နဝါရီ ၂၇**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ထန်းလေးပင်ကျေးရွာအုပ်စု ဝန်လိုကိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကံမမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးမင်းကိုနိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အတိုးဆပ်ကာလ၊ အရင်းဆပ်ကာလနှင့်အတိုးနှုန်းသတ်မှတ်ချက်များ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းအသင်းဝင်ကျေးရွာသူ၊ ကျေးရွာသားများလိုက်နာရန် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး ဝန်လိုကိုင်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၆ ဒသမ ၁၈ သိန်း လွှဲပြောင်းပေးအပ်သည်။



ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဝန်လိုကိုင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၁ ဦးကို ငွေကျပ် ၂၉ ဒသမ ၃၃ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၉ ဦးကို ငွေကျပ် ၆ ဒသမ ၈၅ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူဦးရေ ၁၃၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၆ ဒသမ ၁၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အထွေး**

# ညောင်ရွှေမြို့နယ် နန္ဒဝန်ရပ်ကွက်၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုစစ်ဆေး

**ညောင်ရွှေ ဇန်နဝါရီ ၂၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် နန္ဒဝန်ရပ်ကွက်၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးတင့်ဝေ၊ တာဝန်ခံအင်ဂျင်နီယာ ဦးဆန်းအောင်တို့က ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၇၄ သိန်း ဖြင့်ဆောင်ရွက်သည့် ညောင်ရွှေမြို့နယ် နန္ဒဝန်ရပ်ကွက် နန္ဒဝန်အောင်ချမ်းသာ အမှတ် (၁) လမ်းတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးဌာနမှ အငယ်တန်းအင်ဂျင်နီယာ (၂) ဒေါ်ချစ်ဆုကလျာဝင်းက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို လိုက်လံရှင်းလင်းပြသရာ အမှုဆောင်အရာရှိ ဦးတင့်ဝေက လမ်းရေရှည် အသုံးပြုနိုင်စေရေး စနစ်တကျ ထိန်းသိမ်းကြရန် တာဝန်ရှိသူများကို မှာကြားသည်။

ညောင်ရွှေမြို့နယ် နန္ဒဝန်ရပ်ကွက် နန္ဒဝန်အောင်ချမ်းသာ အမှတ်(၁)လမ်း၌ လမ်းအရှည် ပေ ၁၈၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းကို ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးဌာနက ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၆ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကြောင့် ရပ်ကွက်နေပြည်သူများ ရာသီမရွေး အဆင်ပြေစွာ သွားလာအသုံးပြုနိုင်ပြီဖြစ်ကြောင်း ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးဌာနမှ သိရသည်။

**ကျော်စောဦး(မောရှမ်းမြေ)**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မိဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၇-၁-၂၀၂၄

**ဆန်**

| | | |
|---|---|---|
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| ဧည့်ဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |

**စားဆီ**

| | | |
|---|---|---|
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၃၅၀၀ |

**စက်သုံးဆီ**

| | | |
|---|---|---|
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၅၀၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၆၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၄၅၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၇၅၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၈၉၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

**ဘိလပ်မြေ**

| | | |
|---|---|---|
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |

**သံချောင်း**

| | | |
|---|---|---|
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |

**အိမ်မိုးသွပ်**

| | | |
|---|---|---|
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# ဒုံးကျည်နည်းပညာများထုတ်ပြနေသော မြောက်ကိုရီးယားနှင့်အီရန်



အဆင့်မြင့်စစ်ရေးစွမ်းဆောင်ရည်များ ပြသရာတွင် မြောက်ကိုရီးယားနှင့်အီရန်တို့သည် ပဲ့ထိန်းဒုံးကျည်စွမ်းဆောင်ရည်များတွင် သိသာထင်ရှားသော တိုးတက်အောင်မြင်မှုများ ရရှိလာပြီဖြစ်သည့်အတွက် ကမ္ဘာလုံးဆိုင်ရာလုံခြုံရေးတွင် စိန်ခေါ်မှုအသစ်များ ထွက်ပေါ်လာနေပြီဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံသည် Hwasong-12 ကို အစားထိုးရန် တာလတ်ပစ်ပဲ့ထိန်းဒုံးကျည် (IRBM) စမ်းသပ်ပစ်ခတ်ခဲ့ကြောင်း ဇန်နဝါရီလထုတ်စစ်ရေးဆိုင်ရာစောင့်ကြည့်လေ့လာရေးမဂ္ဂဇင်း၌ ဖော်ပြထားသည်။ မြောက်ကိုရီးယားနိုင်ငံသည် ၂၀၁၇ခုနှစ်တွင် Hwasong-12 ကိုစတင်အသုံးပြုခဲ့ပြီး ဂူအမ်ရှိ အမေရိကန်စစ်စခန်းများအပါအဝင် ပစိဖိတ်နယ်မြေတစ်နံတစ်လျားရှိပစ်မှတ်များကို တိုက်ခိုက်နိုင်စွမ်းရှိသည်။

IRBM စမ်းသပ်ပစ်ခတ်ခြင်းသည် အသံလွန်ဒုံးကျည်၏ပျံသန်းရွေ့လျားမှု၊ ကျည်ထိပ်ဖူးထိန်းချုပ်မှု၊ အခဲလောင်စာသုံးအင်ဂျင်၏ အဆင့်လိုက်ပေါက်ကွဲမှုနှင့်ယုံကြည်စိတ်ချရမှုတို့ကို အတည်ပြုသွားရန်ဖြစ်ကြောင်း ကိုရီးယားနိုင်ငံပိုင်သတင်းအေဂျင်စီ (KCNA)က ထုတ်လွှင့်သွားသည်။ ၎င်းဒုံးကျည်သည် ကီလိုမီတာ ၄၀၀၀ ထိ ရောက်ရှိနိုင်ပြီး Hwasong-12 ကို တိုက်ရိုက်အဆင့်မြှင့်တင်ထားခြင်းဖြစ်သည်။ Hwasong-12 သည် အရည်လောင်စာသုံးဒုံးကျည်ဖြစ်ပြီး ၂၀၂၅ ခုနှစ်တွင် ၎င်းနေရာ၌ IRBM ဖြင့် အစားထိုးအသုံးပြုသွားမည်ဖြစ်သည်။

တစ်ချိန်တည်းမှာပင် အီရန်သည် အသစ်တည်ဆောက်ထားသော Kheiber Shekan တာလတ်ပစ်ပဲ့ထိန်းဒုံးကျည် (MRBM) ကို ဆီးရီးယားနိုင်ငံ Idlib ပြည်နယ်ရှိ ISIS ခြေကုပ်စခန်းများကိုပစ်ခတ်ရာတွင် ပထမဆုံးအကြိမ်အဖြစ် အသုံးပြုခဲ့သည်။ အီရန်တော်လှန်ရေးတပ်ဖွဲ့၏ အာကာသတပ်ဖွဲ့ (IRGC-AF) သည် ပြီးခဲ့သော သီတင်းပတ်အတွင်း ဆီးရီးယား၊ အီရတ်နှင့်ပါကစ္စတန်နိုင်ငံတို့ကို တိုက်ခိုက်ခဲ့သည်။

Kheiber Shekan MRBM တိုက်ခိုက်မှုသည် အီရန်တို့ပစ်ခတ်ခဲ့သော ပဲ့ထိန်းဒုံးကျည်များအနက်မှ အဝေးဆုံးရောက်ရှိသည့် ဒုံးကျည်အမျိုးအစားပင်ဖြစ်သည်။ ၎င်းဒုံးကျည်သည် အီရန်၏အဆင့်မြင့်ဆုံး အခဲလောင်စာသုံးဒုံးကျည်ဖြစ်သည်။ အကွာအဝေး ကီလိုမီတာ ၁၄၅၀ ရောက်ရှိပြီး ကျည်ထိပ်ဖူးသီးသန့်ပါရှိသည်။

အခဲလောင်စာသုံးဒုံးကျည်များသည် အရည်လောင်စာသုံးဒုံးကျည်များထက် များစွာသာလွန်ကောင်းမွန်သည်။ အထူးသဖြင့် ၎င်းဒုံးကျည်များသည် မပစ်ခတ်မီလောင်စာအသုံးပြုရန်မလိုအပ်သည့်အပြင် ပိုမိုလုံခြုံစိတ်ချရခြင်း၊ အုပ်ချုပ်ထောက်ပံ့မှုလိုအပ်ချက်နည်းခြင်းတို့ကြောင့် အရည်လောင်စာသုံးစနစ်များနှင့်နှိုင်းယှဉ်လျှင် ပိုမိုကြံ့ခိုင်နိုင်စွမ်းရှိစေသည်။

အရည်လောင်စာသုံးစနစ်များသည် တွန်းကန်အားနှင့်စွမ်းအားပိုမိုထွက်ရှိသော်လည်း ရှုပ်ထွေးသောနည်းပညာနှင့် အလေးချိန်ပိုမိုလိုအပ်သည်။ အခဲလောင်စာသုံးဒုံးကျည်သည် လျင်မြန်စွာလောင်ကျွမ်းပြီး အချိန်တိုအတွင်းပြင်းထန်သော ပေါက်ကွဲအားထုတ်လုပ်နိုင်သည့်အပြင် ဖျက်ဆီးရန်မလိုအပ်ဘဲ ကာလရှည်ကြာသိုလှောင်ထားနိုင်သည်။

မြောက်ကိုရီးယားနှင့် အီရန်တို့သည် ဒုံးကျည်အစီအစဉ်များတွင် အပြန်အလှန်ပံ့ပိုးကူညီလျက်ရှိပြီး အမေရိကန်၏ပိတ်ဆို့မှုနှင့် ဖိအားပေးမှုများကြောင့် အရေးပါသောနည်းပညာများ လွှဲပြောင်းပေးသည့် မိတ်ဖက်နိုင်ငံများဖြစ်လာခဲ့သည်။ ယူကရိန်းပဋိပက္ခတွင် ရုရှားနိုင်ငံကို မြောက်ကိုရီးယားနှင့်အီရန်တို့၏ ပံ့ပိုးကူညီမှုများသည် ကမ္ဘာ့သတင်းခေါင်းကြီးပိုင်းများတွင် ဖော်ပြသည်ထိ လူသိများလာခဲ့သည်။ ထို့ပြင် မြောက်ကိုရီးယား-အီရန် ပူးပေါင်းဆောင်ရွက်မှုသည် ရေဒါနယ်ပယ်တွင် ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

အီရန်နိုင်ငံသို့ မြောက်ကိုရီးယား၏နည်းပညာလွှဲပြောင်းမှုသည် ၁၉၈၀-၁၉၈၈ ခုနှစ် အီရန်-အီရတ်စစ်ပွဲကာလကတည်းကပင်ဖြစ်သည်။ သို့သော် ၂၀၁၅ ခုနှစ်တွင် အားလုံးအကျုံးဝင်သော ပူးတွဲလုပ်ငန်းအစီအစဉ် (JCPOA) လက်မှတ်ရေးထိုးပြီးနောက် အီရန်သည် တောင်ကိုရီးယားနိုင်ငံနှင့် ကုန်သွယ်မှုတိုးမြှင့်ရန်နည်းလမ်းရှာကြံခဲ့သဖြင့် မြောက်ကိုရီးယားနှင့်အီရန်တို့ကြား ဆက်ဆံရေးအားနည်းလာခဲ့သည်။ မည်သို့ပင်ဆိုစေ ၂၀၁၈ ခုနှစ်တွင် အီရန်နျူကလီးယားသဘောတူညီချက်မှ အမေရိကန်နုတ်ထွက်သွားပြီးနောက် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုအားကောင်းလာခဲ့သည်။

မြောက်ကိုရီးယားနှင့် အီရန်တို့သည် ၂၀၂၀ ပြည့်နှစ်တွင် တာဝေးပစ်ဒုံးကျည်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်လည်ပူးပေါင်းဆောင်ရွက်လာခဲ့ကြောင်း ကုလသမဂ္ဂအစီရင်ခံစာတစ်ရပ်၌ ဖော်ပြခဲ့သည်။ ထိုသို့ ပူးပေါင်းဆောင်ရွက်ရာတွင် အရေးပါသောအစိတ်အပိုင်းများ တင်ပို့ခြင်းတို့ပါဝင်သည်။ ၂၀၁၇ ခုနှစ်တွင် စတင်ပစ်ခတ်ခဲ့သော အီရန်၏ Khorramshahr ဒုံးကျည်သည် ၂၀၁၆ ခုနှစ်က စမ်းသပ်ခဲ့သောမြောက်ကိုရီးယား၏ Hwasong-10 ဒုံးကျည်နှင့်ပုံစံတူညီသည်။

အီရန်သို့ မြောက်ကိုရီးယား၏ R-27 ဒုံးကျည်အင်ဂျင်များရောင်းချမှုကိုအတည်ပြုရန် လိုအပ်သော်လည်း Hwasong-10 ဒုံးကျည်များကို အီရန်၏ ဝယ်ယူမှုသည် ၂၀၀၅ ခုနှစ်ကတည်းက စတင်ခဲ့သည်။ အမေရိကန်ထောက်လှမ်းရေးအေဂျင်စီသည် စွမ်းဆောင်ရည်မြင့်မားသော မြောက်ကိုရီးယားဒုံးကျည်တွန်းကန်အားစနစ် အီရန်၏ဝယ်ယူမှုကို ၂၀၁၀ ပြည့်နှစ်ကတည်းက ခြေရာခံမိသည်။

အီရန်၏ Shahab-3 ဒုံးကျည်သည် မြောက်ကိုရီးယား၏ Nodong ဒုံးကျည်ကို အခြေခံတည်ဆောက်ထားခြင်းဖြစ်ပြီး အီရန်၏ အာကာသလွှတ်တင်ရေးယာဉ်များသည်လည်း မြောက်ကိုရီးယား Hwasong-14 ဒုံးကျည်များနှင့် အလားသဏ္ဌာန်တူညီလျက်ရှိသည်။ ထို့ကြောင့် အီရန်သည် ၎င်း၏ Kheibar Sheikanကို မြောက်ကိုရီးယား၏အကူအညီဖြင့် သုတေသနပြုတည်ဆောက်ခဲ့ဖွယ်ရာရှိသည်။ သို့သော် အီရန်ကမူ ဒုံးကျည်ကို ပြည်တွင်းဖြစ်များဖြင့်သာ လုံးလုံးလျားလျားတည်ဆောက်ထားသည်ဟု အခိုင်အမာပြောဆိုလျက်ရှိသည်။

မြောက်ကိုရီးယားနှင့်အီရန်တို့သည် အပြန်အလှန်ကူညီခြင်းအားဖြင့် ဒုံးကျည်ထုတ်နည်းပညာဖွံ့ဖြိုးတိုးတက်မှုကို ကြေညာနိုင်သည့်အပြင် ဒုံးကျည်များ စမ်းသပ်ခြင်းအားဖြင့် ဝယ်လက်ဖောက်သည်များကိုလည်း ၎င်းတို့၏ ဒုံးကျည်များကို ပြသနိုင်မည်ဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံသည် ဒုံးကျည်ထုတ်လုပ်ရောင်းချလျက်ရှိသည်မှာ ကာလရှည်ကြာနေပြီဖြစ်သည်။ ၁၉၈၇ ခုနှစ်မှ ၂၀၀၉ ခုနှစ်အတွင်း ဖွံ့ဖြိုးဆဲနိုင်ငံများသို့ ပဲ့ထိန်းဒုံးကျည်ရောင်းချမှု ၄၀ရာခိုင်နှုန်းရှိခဲ့ပြီး စုစုပေါင်းစနစ် ၅၀၀ ခန့် ရောင်းချခဲ့ပြီးဖြစ်သည်။ သုတေသနပြုအသစ် တည်ဆောက်ထားသည့် မြောက်ကိုရီးယားစနစ်များသည် ဝယ်လက်ဖောက်သည်များကို ပိုမိုဆွဲဆောင်လျက်ရှိပြီး ယခင်စနစ်များကို တဖြည်းဖြည်းရုပ်သိမ်းခြင်းသည် ပိုလျှံသောကုန်စည်များ ပြည်ပသို့ ပိုမိုရောင်းချနိုင်မည်ဖြစ်သည်။

မြောက်ကိုရီးယား၏ ပိုလျှံနေသောဒုံးကျည်အစိတ်အပိုင်းနှင့်နည်းပညာသည် နည်းပညာသစ်ရရှိရန် စွမ်းဆောင်ရည်ကန့်သတ်ချက်ရှိနေသော ဖောက်သည်များ၊ ဘတ်ဂျက်ကန့်သတ်ချက်ရှိနေသူများ၊ သို့မဟုတ် အပိုအစိတ်အပိုင်းများ လိုအပ်သောနိုင်ငံများအတွက် ဆွဲဆောင်မှုဖြစ်စေနိုင်သည်။

သို့သော် မြောက်ကိုရီးယားနိုင်ငံသည် အသံလွန်လက်နက်များအပါအဝင် ၎င်း၏နောက်ဆုံးထုတ်ဒုံးကျည်ထုတ်နည်းပညာကို ပြည်ပသို့ရောင်းချသွားလိမ့်မည်မဟုတ်ချေ။ အီရန်နိုင်ငံအနေဖြင့် ဒုံးကျည်ထုတ်လုပ်နိုင်စွမ်းနှင့် ပြည်ပတင်ပို့နိုင်မှု စွမ်းဆောင်ရည်များရှိသောကြောင့် အီရန်နှင့်မြောက်ကိုရီးယား၏ ဒုံးကျည်ပူးပေါင်းဆောင်ရွက်မှုသည် အဆင့်မြင့်စနစ်များ ပါဝင်မည်ဖြစ်သည်။ အီရန်သည် အသစ်တည်ဆောက်ထားသော Kheiber Shekan တာလတ်ပစ်ပဲ့ထိန်းဒုံးကျည် (MRBM) ကို ဆီးရီးယားနိုင်ငံ Idlib ပြည်နယ်ရှိ ISIS ခြေကုပ်စခန်းများကို ပစ်ခတ်ခဲ့ခြင်းသည် တိုက်ခိုက်ရေးတွင် ဒုံးကျည်နည်းပညာကို စမ်းသပ်ရန်အပြင် အမေရိကန်နှင့် အစ္စရေးတို့ကိုလည်း သတိပေးခြင်းလည်း ဖြစ်နိုင်ပေသည်။

ဒုံးကျည်နည်းပညာတွင် မြောက်ကိုရီးယားနှင့် အီရန်တို့အဆင့်မြင့်တိုးတက်လာမှုသည် ရုရှားနိုင်ငံကိုလည်း ဆွဲဆောင်မှုဖြစ်စေလျက်ရှိသည်။ ရုရှားနိုင်ငံသည် ယူကရိန်းပဋိပက္ခတွင် မြောက်ကိုရီးယားဒုံးကျည်များနှင့်အီရန်ဒရုန်းများကို အသုံးပြုလျက်ရှိသည်။ ရုရှားနိုင်ငံသည် ယူကရိန်းကို တိုက်ခိုက်ရန် မြောက်ကိုရီးယားထုတ် တာတိုပစ်ပဲ့ထိန်းဒုံးကျည် (SRBM)ကိုအသုံးပြုပြီး အီရန်ဒုံးကျည်များ ဝယ်ယူရန်ကြိုးပမ်းခြင်းဖြင့် ၎င်း၏လက်နက်တိုက်များကို ပြန်လည်ဖြည့်တင်းသွားရန်ပင်ဖြစ်သည်။

ရုရှားနိုင်ငံသည် မြောက်ကိုရီးယားထုတ် KN-23 နှင့် KN-24 SRBM များကို အများဆုံးအသုံးပြုသွားဖွယ်ရာရှိသည်။ ၎င်းဒုံးကျည်များသည် ရုရှားထုတ် Iskander-M နှင့် US MGM-140 အမျိုးအစားကြည်းတပ်နည်းဗျူဟာမြောက် ဒုံးကျည်စနစ် (ATACMS)များနှင့် အလားသဏ္ဌာန်တူညီသည်။ KN-23 သည် Iskander-M နှင့်ပုံစံတူညီပြီး ရုရှားနိုင်ငံ၏ အကူအညီဖြင့် ဒီဇိုင်းရေးဆွဲထားခြင်းဖြစ်သည်။

အီရန်သည် ရုရှားနိုင်ငံသို့ ဒုံးကျည်များရောင်းချသွားနိုင်သော်လည်း အကြောင်းပြချက်မျိုးစုံဖြင့် နည်းပညာထိန်းချုပ်သွားဖွယ်ရာရှိနေသည်။ ထိုအကြောင်းပြချက်များတွင် အရေးပါသောနည်းပညာများကို လျှို့ဝှက်လိုခြင်း၊ အရှေ့အလယ်ပိုင်းဒေသတွင် ပဋိပက္ခများပိုမိုကျယ်ပြန့်လာမည်ဆိုလျှင် ဒုံးကျည်အများစုလိုအပ်ခြင်းအပြင် ယူကရိန်းပဋိပက္ခအသုံးအဖြတ်ပေးနိုင်မည့် ပဲ့ထိန်းဒုံးကျည်များကို စစ်ရေးဆိုင်ရာတန်ဖိုးထားမှုတို့အပေါ် သံသယရှိနေခြင်းတို့ကြောင့်ပင်ဖြစ်သည်။

❖ မြောက်ကိုရီးယား၏ ပိုလျှံနေသောဒုံးကျည်အစိတ်အပိုင်းနှင့် နည်းပညာသည် နည်းပညာသစ်ရရှိရန် စွမ်းဆောင်ရည်ကန့်သတ်ချက်ရှိနေသော ဖောက်သည်များ၊ ဘတ်ဂျက်ကန့်သတ်ချက်ရှိနေသူများ၊ သို့မဟုတ် အပိုအစိတ်အပိုင်းများသည် လိုအပ်သောနိုင်ငံများအတွက် ဆွဲဆောင်မှုဖြစ်စေနိုင်သည်။ သို့သော် မြောက်ကိုရီးယားနိုင်ငံသည် အသံလွန်လက်နက်များအပါအဝင် ၎င်း၏ နောက်ဆုံးထုတ်ဒုံးကျည်ထုတ်နည်းပညာကို ပြည်ပသို့ရောင်းချသွားလိမ့်မည်မဟုတ်ချေ။ အီရန်နိုင်ငံအနေဖြင့် ဒုံးကျည်ထုတ်လုပ်နိုင်စွမ်းနှင့် ပြည်ပတင်ပို့နိုင်မှု စွမ်းဆောင်ရည်များရှိသောကြောင့် အီရန်နှင့်မြောက်ကိုရီးယား၏ဒုံးကျည်ပူးပေါင်းဆောင်ရွက်မှုသည် အဆင့်မြင့်စနစ်များ ပါဝင်မည်ဖြစ်သည်။ ❖

**ကိုးကား**

- **Triple threat: N Korea, Iran flaunt-new missile tech to Russia By Asia Times.**

**ဝင်းဇင်(သုတေသန)**

# မဟာယံကျောက်ပြားစက်ရုံ (မန္တလေး)

အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့်
ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သောနေပူခံကျောက်ပြား၊
အိမ်တွင်းအလှဆင်ကျောက်ပြားနှင့် ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ ....

CNC 3D ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍
ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊
ကျောက်ထွင်းပန်းချီကားများ၊လှူသုံးကုန်ပစ္စည်းများအား
ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၁၂၃၁၆၃၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

STARMART MANDALAY Wholesale -၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀





## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာန
## ပထမအကြိမ် အိတ်ဖွင့်လေလံကြော်ငြာ

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊အခွန်ဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်(၁)နှစ်အတွက် အောက်ပါအခွင့်အရေးအရပ်ရပ်ဆိုင်ရာလုပ်ကိုင်ခွင့်လိုင်စင်များကို ပထမအကြိမ် အိတ်ဖွင့်လေလံရောင်းချသွားမည်ဖြစ်ပါသည်-

| စဉ် | အခွင့်အရေးအမျိုးအစား | လေလံတင်ရောင်းချမည့်ရက် | နေရာ/ အချိန် |
|---|---|---|---|
| (က) | ရေချိုး/အိမ်သာအသုံးပြုခကောက်ခံခွင့်(၅၇)နေရာ | ၁၅-၂-၂၀၂၄<br>၁၆-၂-၂၀၂၄ | (၆)ထပ်ဆောင်<br>(၅)လွှာအစည်းအဝေးခန်းမ |
| (ခ) | စက်ဘီး/ဆိုင်ကယ်အပ်နှံခကောက်ခံခွင့်(၅၃)နေရာ | ၁၉-၂-၂၀၂၄ | နံနက် ၁၀း၀၀ နာရီ |
| (ဂ) | ထီးတိုင်စိုက်ထူကောက်ခံခွင့်(၁)နေရာ | ၂၀-၂-၂၀၂၄ | ॥ |
| (ဃ) | မန္တလေး(၆)မြို့နယ်လမ်းဘေးဈေးကောက်ကောက်ခံခွင့်(၆)နေရာ | ၂၀-၂-၂၀၂၄ | ॥ |
| (င) | မန္တလေးဆိပ်ကမ်းခွန်(ယာဉ်ရပ်နားနှင့်လမ်းဘေးဈေးကောက်ကောက်ခံခွင့်(၁)နေရာ | ၂၀-၂-၂၀၂၄ | ॥ |
| (စ) | ယာဉ်ရပ်နား(ကန့်သတ်)ကောက်ခံခွင့်(၅)နေရာ | ၂၀-၂-၂၀၂၄ | ॥ |

၂။ အထက်ဖော်ပြပါ လုပ်ကိုင်ခွင့်များအား လေလံဆွဲဝယ်သူများသည် လေလံလျှောက်လွှာများကို လေလံယှဉ်ပြိုင်မည့်အမျိုးအစားအလိုက် သတ်မှတ်ထားသည့်လျှောက်လွှာကြေးပေးသွင်း၍ဝယ်ယူကာ လျှောက်လွှာ၌ သတ်မှတ်ထားသောလေလံစည်းကမ်းများနှင့်အညီ ပါရှိရမည့် စာရွက်စာတမ်းများ ပြည့်စုံစွာပူးတွဲလျက် တင်ပြပြီး လေလံကြမ်းခင်းဈေး၏ (၁၀%) စားပွဲတင်စပေါ်ငွေကို လေလံတင် ရောင်းချမည့်ရက်မတိုင်မီ (၅)ရက်ကြိုတင်၍ ရတနာပုံဘဏ်လီမိတက်သို့ တင်သွင်းထားရှိရမည်။ လျှောက်လွှာရောင်းချမှုနှင့် စပေါ်ငွေလက်ခံမှုနောက်ဆုံးရက်မှာ (၉-၂-၂၀၂၄)ရက်နေ့ (၁၃း၀၀)နာရီဖြစ်ပါသည်။ သိရှိလိုသည်များရှိပါက ဖုန်း ၀၉-၄၄၁၀၃၇၈၈၉၊ ၀၉-၄၅၄၁၆၄၄၉၉၊ ၀၂-၄၀၃၆၁၇၁ (လိုင်းခွဲ-၁၅၃) နှင့် ၀၉-၄၀၂၅၃၁၁၁၉ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အခွန်ဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**


## Mandalay Bay Co.,Ltd မှ
## ဝန်ထမ်းအလိုရှိသည်

1. **အရောင်းပို့** ကျား (၅) ဦး
   အခြေခံပညာအထက်တန်းအဆင့်ရှိရမည်။
   ယာဉ်မောင်းလိုင်စင်ရှိရမည်။
   အသက် (၁၈ မှ ၃၀)နှစ်အတွင်းဖြစ်ရမည်။
2. **Sale & Marketing** မ (၅) ဦး
   အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
   ယာဉ်မောင်းလိုင်စင်ရှိရမည်။
   အသက် (၁၈ မှ ၃၀)နှစ်အတွင်းဖြစ်ရမည်။
3. **Store Helper** ကျား/မ (၅) ဦး
   အသက် (၁၈ မှ ၃၀) အတွင်း ဖြစ်ရမည်။
4. **အိမ်အကူ** မ (၅) ဦး
   မနက် (၈)နာရီမှ ညနေ (၅)နာရီအတွင်း CV ဖောင်နှင့်တကွ လူကိုယ်တိုင်ဖြစ်စေ/Viber မှဖြစ်စေ လျှောက်ထားနိုင်ပါသည်။

**ဆက်သွယ်ရန်လိပ်စာ**–89လမ်း 36လမ်းထောင့် မန္တလေးမြို့။
**ဆက်သွယ်ရန်ဖုန်း**– 09-795 870 998 / 970 970 832
**Viber Ph-** 09 970 970 832

## စာရေးမ (၁) ဦး အလိုရှိသည်

- ဒန်သတ္တုဆိုင်
- ဈေးချိုအနောက်ဘက်
- 26× 27 , 86× 87 ကြား
- 09-444 015 552


ကိုဗစ် - ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ အမှတ်(၄)နယ်မြေ၊ ဆင်လမ်းအုပ်စု၊ ရွာသာယာကျေးရွာနေ ဦးအောင်မိုး-ဒေါ်ငွေမွှေး တို့၏သား **မောင်ကျော်မောင်(၉/ပဥလ(နိုင်)၀၇၈၅၃၈)**သည် မိခင်၊ဖခင်တို့၏ ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ထို့အတူ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကိုလည်း လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးအောင်မိုး(၈/ရနခ(နိုင်)၁၂၉၀၁၄)**
**ဒေါ်ငွေမွှေး(၉/ကပတ(နိုင်)၂၃၂၁၇၆)**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

❖ အုပ်ချုပ်မှုပိုင်းဆိုင်ရာ တာဝန်ရှိသူများက စီမံခန့်ခွဲခြင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ဆောင်သူများက ကုန်ကြမ်းများထုတ်လုပ်ခြင်း၊ကုန်ထုတ်လုပ်သူများက ထုတ်ကုန်များဆောင်ရွက်ကြခြင်း ဖြစ်ပြီး ထုတ်ကုန်များ ထုတ်လုပ်နိုင်မှသာ ရောင်းဝယ်ခြင်းဝန်ဆောင်မှုများ ဖြစ်ပေါ်လာမည် ဖြစ်သဖြင့် ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ အပြန်အလှန်မှီခိုနေရခြင်းကြောင့် အပြန်အလှန်အကျိုးရှိစေရေး ဆောင်ရွက်ပေးနိုင်ရေး တိုက်တွန်းပြောကြားလို...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဇူလိုင် ၂ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)ညီနောင်အသင်းအဖွဲ့များနှင့် တွေ့ဆုံ၍ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးပွဲမှ အမှာစကားကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# တပ်မတော်တွင် ပဉ္စမအကြိမ် အသည်းအစားထိုး ခွဲစိတ်ကုသမှုလုပ်ငန်း ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၇**

တပ်မတော်တွင် ပထမအကြိမ် အသည်းအစားထိုး ခွဲစိတ်ကုသမှုကို ၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် အသည်းအစားထိုး လူနာ နှစ်ဦးဖြင့် အောင်မြင်စွာခွဲစိတ်ကုသဆောင်ရွက်နိုင်ခဲ့သည်။ အသည်းအစားထိုးခွဲစိတ်ကုသမှု အစီအစဉ်ကို ဆက်လက်ဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ်အတွင်း အသည်းအစားထိုးခွဲစိတ်ကုသမှု သုံးကြိမ်၊လူနာ ကိုးဦးတို့ကို အောင်မြင်စွာထပ်မံခွဲစိတ်ကုသဆောင်ရွက်ပေးနိုင်ခဲ့သည်။ယခုအခါ ပဉ္စမအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှုကို လူနာ သုံးဦးဖြင့်ဆောင်ရွက်သွားမည်ဖြစ်ပြီး ပထမနေ့ အသည်းအစားထိုးခွဲစိတ်ကုသမှုကို ယနေ့တွင် မင်္ဂလာဒုံမြို့နယ်ရှိ အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) အထူးကုသမှုစင်တာ၌ ပြုလုပ်ခဲ့သည်။

အဆိုပါ အသည်းအစားထိုးခွဲစိတ်ကုသမှုကို တပ်မတော်မှအသည်းအစားထိုးခွဲစိတ်ကုသမှုအဖွဲ့နှင့် အိန္ဒိယနိုင်ငံမှ အသည်းအစားထိုးခွဲစိတ်ကုသမှုအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး လူနာ ဒုတိယဗိုလ်မှူးကြီး ဉာဏ်မြင့်အောင် (ငြိမ်း)၏ဇနီး ဒေါ်အေးသီတာနှင့်

စာမျက်နှာ ၂၀ ကော်လံ ၁ ❑



**တပ်မတော်မှ အသည်းအစားထိုးခွဲစိတ်ကုသမှုအဖွဲ့နှင့် အိန္ဒိယနိုင်ငံမှ အသည်းအစားထိုးခွဲစိတ်ကုသမှုအဖွဲ့တို့ အသည်းအစားထိုးခွဲစိတ်ကုသမှုလုပ်ငန်း ပထမနေ့ဆောင်ရွက်စဉ်။**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ သဘောထားထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၇ ရက်**

၁။ ၂၁-၁-၂၀၂၄ ရက်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ် စံဖူးကျေးရွာ၌ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(**PNLO**) ယူနီဖောင်းဝတ်ဆင်သူများ သယ်ဆောင်လာသည့် တရားမဝင် လက်နက်၊ ခဲယမ်းများ သိမ်းဆည်းရမိသည့်ဖြစ်စဉ်နှင့်စပ်လျဉ်း၍ **PNLO** အနေဖြင့် လက်နက်ခဲယမ်းများ သယ်ဆောင်ခြင်းသည် **NCA** ပါ သဘောတူညီချက်များနှင့် ဆန့်ကျင်ပြီး ဒေသတည်ငြိမ်အေးချမ်းရေးကိုထိခိုက်စေသဖြင့် **NCA** ပါ သဘောတူညီချက်များအား အလေးထားလိုက်နာဆောင်ရွက်ရန်နှင့် အလားတူဖြစ်စဉ်မျိုး ထပ်မံမဖြစ်ပွားစေရေး လက်အောက်ခံအဖွဲ့ဝင်များ၏ လုပ်ဆောင်ချက်များအား အထူးအလေးထားစစ်ဆေးကြပ်မတ်ထိန်းသိမ်းပါရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီက ၂၃-၁-၂၀၂၄ ရက်တွင် **PNLO** အဖွဲ့ထံ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးကိုရှေးရှုလျက် သတိပေးအကြောင်းကြားခဲ့ပြီး ဖြစ်ပါသည်။

၂။ ယခုအခါ **PNLO** အဖွဲ့သည် လူမှုကွန်ရက်မီဒီယာများ၌ ၂၆-၁-၂၀၂၄ ရက်စွဲဖြင့် ကြေညာချက်ထုတ်ပြန်ခဲ့ရာ လက်နက်ကိုင်ပဋိပက္ခကို နိုင်ငံရေးနည်းလမ်းဖြင့် ငြိမ်းချမ်းစွာညှိနှိုင်းဖြေရှင်းခြင်းဟူသော **NCA** ၏အခြေခံမူကိုမျက်ကွယ်ပြု၍ ပဋိပက္ခကိုဦးတည်သည့်သဘောထား ရပ်တည်ချက်များ၊ အစိုးရဆန့်ကျင်လှုပ်ရှားမှုများကို အားပေးထောက်ခံသည့် ရေးသားဖော်ပြချက်များ ထုတ်ပြန်ထားကြောင်း စိစစ်တွေ့ရှိရပါသည်။

စာမျက်နှာ ၂၀ ကော်လံ ၁ ☆

ဆင်မင်းဘိလပ်မြေစက်ရုံအုပ်စု
SINMINN CEMENT FACTORY GROUP
SIN MINN
အရည်အသွေးမှာထိပ်ဆင်မင်းတံဆိပ်ဘိလပ်မြေ
ISO 9001 : 2015
CERTIFICATE NO.TH011875
ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၆၅၅၀၅၄၄၃၊ ၀၉ ၆၆၇၅၄၄၄၀၉၊ ၀၉ ၆၆၁၃၆၆၁၄၀
E-Mail : scfg.kyaukse@gmail.com
SIN MINN
BEST QUALITY CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘိလပ်မြေ
SIN MINN
BEST QUALITY CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ